www.burmeseclassic.com

ဗေဒင်ပညာရပ်ဆိုင်ရာ ပညာပေးစာအုပ်


လွယ်ကူလေ့လာ

BURMESE CLASSIC .com

# မြန်မာ့ရိုးရာဗေဒင်ပညာ

ဗေဒင်ပညာရပ်ကိုဝါသနာပါ လေ့လာလိုသူများအတွက်
မရှိမဖြစ်ဆောင်ထားရမည့်စာအုပ်ကောင်းတစ်အုပ်

## ဆရာဇေယျာမိုး(ဝေဒဗိမာန်)




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေး(၃)ပါး

- ♠ ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- ♠ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ♠ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ♠ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ♠ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ♠ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ♠ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ♠ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ♠ အမျိုးသားပြန်လည်စည်းရုံးညီညွတ်ရေး။
- ♠ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ♠ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ♠ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ♠ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ♠ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ♠ နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ♠ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ♠ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ♠ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- ♠ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဗေဒင်ပညာရပ်ကို ဝါသနာပါ လေ့လာလိုသူများအတွက်

မရှိမဖြစ်ဆောင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်

ဗေဒင်ပညာ ဆိုင်ရာ ပညာပေးစာ အုပ်

# လွယ်ကူလေ့လာ
# မြန်မာ့ရိုးရာဗေဒင်ပညာ

ဆရာဇေယျာပိုး(ဗေဒမိဟာနိ)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | သင်းစာပေ၊ (ဒေါ်သင်းသင်းမွန်)<br>အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း၊ ကမာရွတ်မြို့နယ်။ |
| ပုံနှိပ်သူ | - | နန်းသစ်ပုံနှိပ်တိုက်၊ (တိုဝင်ဗိုလ်ဖိုလ်)<br>အမှတ်(၂၉၄/၂၉၆)၊ ၃၉လမ်း<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | ဟန်သာသာ စာအုပ်တိုက်<br>အမှတ် ၃၂ ပထမထပ်၊ အဆောင်(၄)<br>သိမ်ကြီးဈေး C-၅<br>ဖုန်း-၀၉ ၄၂၀၇၂၉၉၉၊<br>၀၉-၄၂၀၁၈၅၅၀၃ |
| အထက်ပါမျက်နှာဖုံးဒီဇိုင်းရေး | - | ထွန်းဦး၊ နဝိုး၊ ညီး ရာပြည့်(မန္တလေး) |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

စာစုစုစည်းများ
ထွယ်ကူလေ့လာကြနိုင်ရန်ပုံရေးစေခင်ဝည်
သင်းစာပေ ၂၀၁၄-ခုနှစ်
၄၇၆ - စာ၊ ၁၁ စင်တီ × ၁၈ စင်တီ။
(၁) ထွယ်ကူလေ့လာကြနိုင်ရန်ပုံရေးစေခင်ဝည်

## မာတိကာ

နိဒါန်း
အမှာစကား
(၁) ဂြိုဟ်ပရိယာယ်သဘောတရားများနှင့် နံကောက်ယူပုံ ၁
(၂)ဂြိုဟ်(၇)လုံးတို့၏ အယူအဆများ ၁၂
(၃) ဘော မ၊ ပါပ၊ မိတ်၊ ရန်၊ ဥဒါသိန်တို့၏သဘောတရားများ ၂၃
(၄)မဟာ ဘုတ်ပေဒင်အခြေခံသဘောတရားများ ၃၈
(၅) မဟာ ဘုတ်ပေဒင်အကြွင်းအရသဘောတရားများ ၄၇
(၆)မဟာ ဘုတ်ပညာ အဟော သဘောတရားများ ၆၁
(၇)ကာသစ်အိမ်ရှင်၊ ပက္ကဒွာ ရ၊ အထွန်းနှင့်မရဏများအကြောင်း ၇၄
(၈)ဂြိုဟ်၊ ဆယ့်တွဲလကာ နှင့် အင်္ဂဝိဇ္ဇာတိုင်သဘောတရားများ ၈၆
(၉) အခါတိုင်နှင့်အခါယူပုံသဘောတရားများ ၉၄
(၁၀)အရပ်ဒေသများအကြောင်းလေ့လာခြင်း ၁၀၀
(၁၁)ဂြိုဟ်များ၏အကြောင်းကို အသေးစိတ်လေ့လာခြင်း ၁၀၉
(၁၂)သက်ရောက်ဂြိုဟ်အကြောင်းကို လေ့လာခြင်း ၁၁၆
(၁၃) အရပ်ရှစ်မျက်နှာ အသုံးချပုံအကြောင်း ၁၃၃
(၁၄)ဘုမ္မိအကြောင်းကိုလေ့လာခြင်း ၁၄၃
(၁၅) သုံးတန်ပေါင်နိမိတ်ပညာ အရ တိုင်ထူခြင်း ၁၅၅
(၁၆)သုံးတန်ပေါင်နိမိတ်ပညာ အရ တိုင်ထူခြင်း(၂) ၁၆၃
(၁၇)သုံးတန်ပေါင်နိမိတ်အရ ဟောပြောခြင်းနှင့်ယတြာပြုခြင်း ၁၇၁
(၁၈)သုံးတန်ပေါင်နိမိတ်အရ ဟောပြောခြင်းနှင့်ယတြာပြုခြင်း(၂) ၁၇၉
(၁၉)သုံးတန်ပေါင်နိမိတ်အရ ဟောပြောခြင်းနှင့်ယတြာပြုခြင်း(၃) ၁၈၇

www.burmeseclassic.com

www.burmeseclassic.com


(၂၀)သုံးတန်ပေါ်ဒိစ်အရ ဟောပြောခြင်းနှင့်ယတြာ ပြုခြင်း(၄) ၁၉၅
(၂၁)သုံးတန်ပေါ်ဒိစ်အရ ဟောပြောခြင်းနှင့်ယတြာ ပြုခြင်း(၅) ၂၀၃
(၂၂)သုံးတန်ပေါ်ဒိစ်အရ ဟောပြောခြင်းနှင့်ယတြာ ပြုခြင်း(၆) ၂၁၀
(၂၃)သုံးတန်ပေါ်ဒိစ်အရ ဟောပြောခြင်းနှင့်ယတြာ ပြုခြင်း(၇) ၂၁၈
(၂၄)သုံးတန်ပေါ်ဒိစ်အရ ဟောပြောခြင်းနှင့်ယတြာ ပြုခြင်း(၈) ၂၂၇
(၂၅)ဆန်းဗေဒင်အရ နာကော ဆန့်ကျင်ဂြိုဟ်အကြောင်း ၂၃၅
(၂၆)(၁)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၄၂
(၂၇)(၂)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၄၉
(၂၈)(၃)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၅၅
(၂၉)(၄)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၆၂
(၃၀)(၅)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၆၈
(၃၁)(၆)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၇၄
(၃၂)(၀)ကြွင်းနှစ်များတွင် ဆန်းကျင်ဂြိုဟ်အကြောင်း ၂၈၀
(၃၃) ဆန်းဗေဒင်အရ စတုဂမ္ဘန်ဒိစ်အကြောင်း ၂၈၆
(၃၄)နေသင့်၊ မနေသင့်၊ မသွားသင့်သော အရပ်များ ၂၉၇
(၃၅)အချိန်အခါများကို လေ့လာခြင်း ၃၀၇
(၃၆)ယတြာ လုပ်ခြင်းနှင့် ဓါတ်ခိုက်ပြေခြင်းအကြောင်း ၃၁၅
(၃၇)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း ၃၂၄
(၃၈) ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၂) ၃၃၂
(၃၉)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၃) ၃၄၀
(၄၀) ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၄) ၃၄၉
(၄၁)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၅) ၃၅၆
(၄၂)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၆) ၃၆၄
(၄၃)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၇) ၃၇၂
(၄၄) ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၈) ၃၈၀
(၄၅)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၉) ၃၈၉
(၄၆)ဓါတ်ရိုက်ဓါတ်ဆင်ယတြာ များအကြောင်း(၁၀) ၃၉၇
(၄၇)သုံးတန်ပေါ်ဒိစ်အရ အဆောင်ယတြာ ပြုခြင်း ၄၀၅
(၄၈) သုံးတန်ပေါ်ဒိစ်အရ ဒိစ်ယတြာ ပြုခြင်း ၄၁၀
(၄၉)ဆန်းဗေဒင်အရ သဘာဝယတြာ ပြုခြင်း ၄၂၄
(၅၀)ဓါတ်ကြီးလေးပါးယတြာ အကြောင်း ၄၂၆
(၅၁)မြန်မာ့ ပညာ အရ အဆောင်ယတြာ ပြုခြင်း ၄၃၂
(၅၂) အင်္ဂဝိဇ္ဇာ ပညာ အရ နဝင်းယတြာ ပြုလုပ်ခြင်း ၄၄၆
(၅၃)ဆန်းဗေဒင်အရ ကာရကယတြာ ပြုခြင်းအကြောင်း ၄၅၄
(၅၄) ခန်းယှဉ်နက္ခတ်(၂၇)လုံးအကြောင်း ၄၆၃
(၅၅)အင်္ဂဝိဇ္ဇာ ကျမ်းရင်းလင်္ကာ အကြောင်း ၄၆၈


www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

သင့်အနေဖြင့်. . . .

ဗေဒင်ပညာရပ်ကို ယုံကြည်လျှင်လည်း ရပါသည်။ မယုံကြည်လျှင်လည်း ရပါသည်။

ဇွတ်အတင်းယုံကြည်ပါဟု မပြောလိုသော်လည်း ဗေဒင်ပညာကို တီးမိခေါက်မိအတော်အသင့်တတ်ကျွမ်းထားပါက မိမိနှင့်ပေါင်းသင်းဆက်ဆံရမည့် လူတွေအကြောင်းကို သင်ကြိုတင်သိနေလိမ့်မည် ဖြစ်ပေသည်။

ဒီလူနှင့်ပေါင်းလျှင် ကောင်းကျိုးရမည်လား။ဆိုးကျိုးရမည်လားဟု ကြိုတင်သိထားနိုင်ပေလိမ့်မည်။

နောက်ဆုံးပြောချင်တာက. . .

မိမိအနေဖြင့်ဘယ်လိုနေရင် ကောင်းကျိုးရမယ်။ဘယ်လိုနေရင်ဆိုးကျိုးရမယ်လို့ ကြိုသိထားရင် ဆင်ခြင်နိုင်တာပေါ့ဗျာ။

## အမှာစကား

ဤစာအုပ်တွင် ဗေဒင်ပညာရပ်ကို စနစ်တကျဟောပြောရမည့်အချက်များ၊ ယတြာ ဓါတ်ရိုက်ဓါတ်ဆင်ပညာရပ်များဖြင့် ဝေဝေဆာဆာတင်ပြထားပါသည်။ အမြန်ဆုံး ဟောပြောနိုင်ရန် အခြေခံအဆင့် သင်ခန်းစာအဖြစ် တင်ပြပေးထားခြင်းဖြစ်ပေသည်။

နောက်အဆင့်များတွင် ပိုမိုအဆင့်မြင့်သော ပညာခန်းများ ပါလာမည်ဖြစ်ကြောင်း သတင်း ကောင်းပါးလိုက်ပါသည်။

ဗေဒင်ပညာရပ်ဆိုသည်မှာ အပြောလွယ်သလောက် အလုပ်ခက်သည့်ပါရမီပါမှ ရနိုင်သည့် ပညာရပ်ဖြစ်ပေသည်။

ထို့ကြောင့်လူတိုင်းအလွယ်တကူ မလိုက်စားနိုင်ဖြစ်နေပေသည်။ ယခုစာအုပ်သည် ဗေဒင်ဝါသနာရှင်များအတွက် အလွယ်ဟောပြောနည်းပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အဓိကကျသည့်ဟောပြောချက် များကို သာ မီးမောင်းထိုးပြထားသည့် စာအုပ် ဖြစ်သဖြင့် မည်သူမဆို စာအုပ်ဖတ်ရုံဖြင့် အလွယ်တကူ ဟော ပြော နိုင်ပေလိမ့်မည်။

နားမလည်မှုများရှိနေသေးပါက ကျွန်ုပ် ထံတွင် လာရောက်မေးမြန်းနိုင်ပေသည်။


သိပ္ပံ သမ် ဓနံ နုတ္တိ

ဆရာဇေယျာမိုး(ဗေဒင်မာန်)

အမှတ်(၁၀)၊(၃)လွှာ၊ ၁၆၂လမ်း၊

တာမွေအဝိုင်းအနီး၊ တာမွေမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း…၀၉–၄၂၀–၂၇၄၁၀၈၊

ဖုန်း…၀၉–၄၂၀–၀၄၂၁၉၀။




## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၁)

ဂြိုဟ်ပရိယာယ်သဘောတရားများနှင့် နံကောက်ယူပုံ

သင်သိထားရမှာက ဂြိုဟ်ပရိယာယ်များ နဲ့ နံကောက်ယူပုံပဲဖြစ်ပါတယ်။

(၁) တနင်္ဂနွေဂြိုဟ်အကြောင်း

ဦးစီးဦးဆောင်၊ အုပ်စုမောင်

အိမ်ထောင်အလုပ်၊ အိုးအိမ်ရုပ်

ရွှေးထုတ်ကြီးသူ၊ အာဏာယူ

အ. ဟူသရ၊ လိမ္မော်ပြ

မှတ်ကြ တနင်္ဂနွေ။ ။

♠ ဟာနိသာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနံကို ဦးစီးခြင်း၊ ဦးဆောင်ခြင်း၊ အုပ်စုစုခြင်း၊ အိမ်ထောင်ရေး၊ အိုးအိမ်၊ ကြီးကဲသူ၊ အလုပ်၊ ဩဇာအာဏာ၊ ဖခင်၊ တနင်္ဂနွေနံသင့်ပစ္စည်းများနှင့် လိမ္မော်ရောင်။

**(တနင်္ဂနွေဂြိုဟ်ကို ဩဇာအာဏာဖြင့် ချုပ်ကိုင်မှုပါသော သဘောတရားကို သိထားရန်)**

(၂) တနင်္လာဂြိုဟ်အကြောင်း

ဖြူစင်ရိုးသား၊ ပူးတွဲထား
အကြွားမိခင်၊ ငွေကြေးပင်
နံလျှင်(က-င)၊ အဖြူရ
မှတ်ကြ တနင်္လာ။ ။

တနင်္လာနံကို ဖြူစင်ခြင်း၊ ရိုးသားခြင်း၊ ပူးတွဲ ပြုလုပ်ခြင်း၊ ကြွားဝါခြင်း၊ မိခင်၊ ငွေရေးကြေးရေး၊ တနင်္လာနံသင့်ပစ္စည်းများနှင့် အဖြူရောင်။

**(တနင်္လာဂြိုဟ်ကို အေးချမ်းစွာဖြင့် ကြည်လင်မှုပါသော သဘောတရားကို သိထားရန်)**

(၃) အင်္ဂါဂြိုဟ်အကြောင်း





လိုအင်ဆန္ဒ၊ ဒေါသပြ
ညီကစိတ်ပင်၊ သွေးထွက်လျှင်
ဇွတ်ပင်တိုက်ခံ၊ လျှင်လျှင်မြန်
နံမှန်(စ-ည)၊ နီရဲပြ
မှတ်ကြဂြိုဟ်အင်္ဂါ။ ။

အင်္ဂါနံကို လိုအင်ဆန္ဒ၊ ဒေါသ၊ စိတ်၊ သွေး ထွက်ခြင်း၊ ဇွတ်လုပ်တတ်ခြင်း၊ အတိုက်အခံလုပ်တတ် ခြင်း၊ လျှင်မြန်သွက်လက်ခြင်း၊ ညီညီမ၊ ငယ်ရွယ်သူ၊ အင်္ဂါနံသင့်ပစ္စည်းများနှင့် နီနီရဲရဲရောင်။

**(အင်္ဂါဂြိုဟ်ကို လျှင်မြန်စွာဖြင့် အတိုက်အခံပါသော သဘောတရားကို သိထားရန်)**

(၄) ဗုဒ္ဓဟူးဂြိုဟ်အကြောင်း

လူမှုဆက်ဆံ၊ သားသမီးမှန်
မှတ်ရန်ဆက်သွယ်၊ စကားကြွယ်
ဉာဏ်ဝယ်(လ၊ဝ)၊ အစိမ်းပြ
မှတ်ရဗုဒ္ဓဟူး။ ။

(ဗုဒ္ဓဟူးနံကို လူမှုဆက်ဆံပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ သားသမီး၊ ဆက်သွယ်ခြင်း၊ စကားပြောဆိုခြင်း၊ အသိဉာဏ်၊ ဗုဒ္ဓဟူး(လ၊ဝ၊ယ) နံသင့်ပစ္စည်းများနှင့် အစိမ်းရောင်။)

**(ဗုဒ္ဓဟူးဂြိုဟ်ကို ဆက်သွယ်ခြင်းဖြင့် ပြောဆိုရသော သဘောတရားကို သိထားရန်)**

(၅) ကြာသပတေးဂြိုဟ်အကြောင်း

အတွေးအခေါ်၊ ပညာနော်
အပျော်အပါး၊ ခြံမြေထား
မှတ်သားဆရာ၊ မိတ်ဆွေပါ
သဒ္ဓါအမွေ၊ အဝါလေ
မှတ်စေ(ပ-မ)၊ မာန်မာန
သိကြဘာသာ၊ သာသနာ
ဘဏ္ဍာအရေး၊ ကြာသပတေး။

ကြာသပတေးနံကို အတွေးအခေါ်၊ ပညာ၊ အပျော်အပါး၊ ခြံမြေ၊ ဆရာသမား၊ မိတ်ဆွေ၊ မာန် မာန၊ သဒ္ဓါတရား၊ အမွေ၊ ဘာသာရေး၊ ဘဏ္ဍာရေး၊ ကြာသပတေးနံသင့်ပစ္စည်းများနှင့် အဝါရောင်။





**(ကြာသပတေးဂြိုဟ်ကို တရားမျှတစွာဖြင့် ဥပဒေအတွင်းမှရသော သဘောတရားကို သိထားရန်)**

(၆) သောကြာဂြိုဟ်အကြောင်း

ခရီးလှုပ်ရှား၊ ပြောင်းရွှေ့သွား
အစားကောင်းကြိုက်၊ လှပလိုက်
နှစ်ခြိုက်အနုပညာ၊ စည်းစိမ်ယာဉ်ကား
ချစ်မယား၊ မှတ်သားကာမ
နံ့ရ(သ-ဟ)၊ ရောင်ပြေးပြ
မှတ်ကြဂြိုဟ်သောကြာ။

သောကြာနံကို ခရီး၊ ယာဉ်၊ ကား၊ မယား၊ ကာမ၊ လှုပ်ရှားသွားလာခြင်း၊ ပြောင်းရွှေ့ခြင်း၊ အစား အသောက်ကောင်းကြိုက်ခြင်း၊ အလှအပ၊ အနုပညာ အလုပ်များ၊စည်းစိမ်ချမ်းသာများ၊ သောကြာနံသင့် ပစ္စည်းများနှင့်ရောင်ပြေးရောင်။

**(သောကြာဂြိုဟ်ကို ထပ်မက်မှုတဏှာဖြင့် လုပ်ကိုင်ခြင်းမှရသော သဘောတရားကို သိထား ရန်)**

(၇) စနေဂြိုဟ်အကြောင်း

မာန်မာနထား၊ ထင်ပေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်လားရောဂါ၊ ရှုပ်ထွေးစွာ
ကြုံလာမှုခင်း၊ သည်းခံခြင်း
အလျှဉ်းတွေဝေ၊ ကြန့်ကြာစေ
နံလေ(ဋ-န)၊ နက်ပြာပြ
မှတ်ကြစနေပါ။

စနေနံကို မာန်မာန၊ ထင်ပေါ်မှု၊ ဂုဏ်၊ အနာရောဂါ၊ အရှုပ်အထွေး၊ အမှုအခင်း၊ သည်းခံခြင်း၊ တွေဝေခြင်း၊ ကြန့်ကြာခြင်း၊ စနေနံသင့်ပစ္စည်း များနှင့် အနက်ရောင်၊ အပြာရောင်။

**(စနေဂြိုဟ်ကို ကြန့်ကြာနှေးကွေးခြင်းဖြင့် အစက်အစဲမှုရသော သဘောတရားကို သိထားရန်)**

(၈) **ရာဟုဂြိုဟ်အကြောင်း**

မသန့်စွမ်းသူ၊ ချည့်နဲ့ယူ
အိုမူသက်ကြီး၊ လိမ်လည်ပြီး
အပြီးခွဲခွာ၊ အဝေးသာ
သေချာဆင်းရဲ၊ ယောဂီပဲ
ဖြစ်မြဲရသေ့၊ ယောင်ဆောင်လေ့
မှတ်ပေ့(ရ-ဠ)၊ အညိုပြ





သိကြရာဟုပါ။

ရာဟုနံကို မသန့်စွမ်းသူ၊ ချည့်နဲ့သူ၊ အိုမင်း သူ၊ လိမ်လည်သူ၊ ခွဲခွာမှု၊ အဝေး၊ ဆင်းရဲသား၊ ယောဂီ၊ ရသေ့၊ အယောင်ဆောင်၊ ရာဟု(ရ-ဠ)နံသင့်ပစ္စည်း များနှင့် အညိုရောင်။

**(ရာဟုဂြိုဟ်ကို အယောင်ဆောင်ခြင်းဖြင့် အဝေးမှုရသော သဘောတရားကို သိထား ရန်)**

(၉) **နံကောက်ယူပုံအကြောင်း**

သက်မဲ့တစီ၊ သက်ရှိမကြွင်း
သိလိုလျှင်းသော်၊ အရင်းအက္ခရာ
နံကိုသာလျှင်၊ မြဲပင်မှတ်ယူ
အရင်းတူက၊ နံမူဖျားမှာ
ကောက်ယူရာ၏။

သက်ရှိကိုဖြစ်စေ၊သက်မဲ့ကိုဖြစ်စေ နံကောက်ယူရာတွင် အရင်းလုံး (အစအက္ခရာ)ကိုသာ ကောက်ယူရပေမည်။ အနိုင်အရှုံးအဖြေရှာရာတွင်မူ အရင်းလုံးချင်းတူနေပါမှ အဖျားလုံးကိုကောက်ယူရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် တနင်္ဂနွေသားအဖို့ မိတ်သည် (အောင်ပ)အရ ကြာသပတေးဖြစ်သောကြောင့် ပေါက်ပင်သည် မိတ်ဖြစ်သည်။

ထို့အတူပင် အောင်မဲဖြူပင်သည်လည်း (တနင်္ဂနွေသားနှင့် အောင်) တနင်္ဂနွေနံချင်းတူသော်လည်း အဖျားနံမှာလည်း (ဖြူ)ကြာသပတေး ဖြစ်သဖြင့် မိတ်ပင်ဖြစ်နေပေသည်။ ထို့ကြောင့် အောင်မဲဖြူ ကို မိတ်ဟုယူပါ။

ထိုကဲ့သို့ပင် တနင်္ဂနွေသားအဖို့ ရန်သည် (ဦးညို)အရ အင်္ဂါဖြစ်သောကြောင့် ညောင်ပင်သည် ရန်ဖြစ်သည်။

ထို့ကြောင့် သြဇာသည်လည်း (တနင်္ဂနွေသားနှင့်သြ) တနင်္ဂနွေနံချင်းတူသော်လည်း အဖျားနံမှာ (ဇာ)အင်္ဂါဖြစ်နေသဖြင့် ရန်ပင်ဖြစ်နေပေသည်။ ထို့ကြောင့် သြဇာကို ရန်ဟုယူပါ။

ထို့အတူ မန်ယူနှင့်မန်စီးတီးတို့ ၊အပြိုင်အဆိုင်မည်သူနိုင်မည်နည်းဟုသိလိုပါက မန်(ကြာသပတေးနံ)အချင်းချင်းတူနေသဖြင့် နောက်





က အဖျားလုံး (ယူ-ဗုဒ္ဓဟူး) နှင့် (တီး-စနေ)တို့ကို အခါ တိုင် အရ အဖြေ ထုတ်ရ မည်ဟု ဆိုလိုခြင်းလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## မြန်လှန်လေ့ကျင့်ခန်း (၁)

**(၁) ကွက်လပ်ဖြည့်ပါ။**

(က)ဗေဒင်ပညာအရ အိမ်ထောင်ရေးဂြိုဟ်မှာ -------------------ဖြစ်ပါတယ်။

(ခ)ဗေဒင်ပညာအရ ပူးတွဲလုပ်ဆောင်သောဂြိုဟ်မှာ -----------------ဖြစ်ပါတယ်။

(ဂ)ဗေဒင်ပညာအရ ဆက်သွယ်ရေးဂြိုဟ်မှာ --------------------- ဖြစ်ပါတယ်။

(ဃ)ဗေဒင်ပညာအရ အမွေဂြိုဟ်မှာ ----------------ဖြစ်ပါတယ်။

(င)ဗေဒင်ပညာအရ အမှုအခင်းဂြိုဟ်မှာ------------------------ ဖြစ်ပါတယ်။

(စ)ဗေဒင်ပညာအရ အလှအပဂြိုဟ်မှာ ------------------------ ဖြစ်ပါတယ်။

(ဆ)ဗေဒင်ပညာအရ သွေးထွက်သံယိုဂြိုဟ်မှာ ------------------- ဖြစ်ပါတယ်။

(ဇ)ဗေဒင်ပညာအရ အယောင်ဆောင်ဂြိုဟ်မှာ ------------------- ဖြစ်ပါတယ်။





**(၂) အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

(က)တနင်္ဂနွေဂြိုဟ်၏ပရိယာယ်များအကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(ခ)တနင်္လာဂြိုဟ်၏ပရိယာယ်များအ ကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(ဂ)အင်္ဂါဂြိုဟ်၏ပရိယာယ်များအကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(ဃ)ဗုဒ္ဓဟူးဂြိုဟ်၏ ပရိယာယ်များအကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(င)ကြာသပတေးဂြိုဟ်၏ပရိယာယ်များအ ကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(စ)သောကြာဂြိုဟ်၏ပရိယာယ်များအကြောင်းကို သင်သိသလောက် ရှင်းပြပေးပါ။

(ဆ)စနေဂြိုဟ်၏ပရိယာယ်များအကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(ဇ)ရာဟုဂြိုဟ်၏ပရိယာယ်များအကြောင်းကို သင်သိသလောက်ရှင်းပြပေးပါ။

(ဈ)နံကောက်ယူပုံအကြောင်းကို သင်သိသလောက် ရှင်းပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလျှယ်ဟောပြောနည်း

### သင်ခန်းစာ (၂)

#### ဂြိုဟ်(၇)လုံးတို့၏ အယူအဆများ

ဂြိုဟ်(၇)လုံးတို့၏အယူအဆများကို ပြောပြပေးမှာ ဖြစ်ပါတယ်။

**(၁၀) ကေရှန်းဂြိုဟ်များအကြောင်း**

**အောင်အောင် ကျော်ကြား၊ စိုးစံ ဝါးရှက်**

**မာမာ၊ သီသ၊ ထွေးထွေး၊ ကေ**

**သီထားကြ။**

♠ တနင်္ဂနွေသားသမီးများအတွက်သည်လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် တနင်္ဂနွေသည်





♠ တနင်္လာသားသမီးများ အတွက်တနင်္လာသည် လည်းကောင်း၊ တနင်္လာအချိန်အတွက် တနင်္လာသည်

♠ အင်္ဂါသားသမီးများအတွက်အင်္ဂါသည် လည်းကောင်း၊ အင်္ဂါအချိန်အတွက် အင်္ဂါသည်

♠ ဗုဒ္ဓဟူးသားသမီးများအတွက်ဗုဒ္ဓဟူးသည် လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် ဗုဒ္ဓဟူးသည်

♠ ကြာသပတေးသားသမီးများအတွက် ကြာသပတေးသည် လည်းကောင်း၊ ကြာသပတေးအချိန်အတွက် ကြာသပတေးသည်

♠ သောကြာသားသမီးများ အတွက် သောကြာသည် လည်းကောင်း၊ သောကြာအချိန်အတွက် သောကြာ သည်

♠ စနေသားသမီးများ အတွက် စနေသည် လည်းကောင်း၊ စနေအချိန် အတွက် စနေသည်ဇကရန်းဟု ခေါ်သလို မူလ၊ အလယ်အခြာဂြိုဟ်ဟုလည်း ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**(၁၁) ဒွိရှန်းဂြိုဟ်များအကြောင်း**

**အောင်၊ ကျော်၊ စံ၊ လေး၊ မြင့်၊ သူ၊ တွေး မှတ်ရေး ဒွိရှန်းပါ၊**

♠ တနင်္ဂနွေသားသမီးများအတွက် တနင်္လာသည် လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် တနင်္လာသည်

♠ တနင်္လာသားသမီးများအတွက် အင်္ဂါသည် လည်းကောင်း၊ တနင်္လာအချိန်အတွက် အင်္ဂါသည်

♠ အင်္ဂါသားသမီးများအတွက် ဗုဒ္ဓဟူးသည် လည်းကောင်း၊ အင်္ဂါအချိန်အတွက် ဗုဒ္ဓဟူးသည်

♠ ဗုဒ္ဓဟူးသားသမီးများအတွက် ကြာသပတေးသည် လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် ကြာသပတေးသည်

♠ ကြာသပတေးသားသမီးများအတွက် သောကြာသည် လည်းကောင်း၊ ကြာသပတေးအချိန်အတွက် သောကြာသည်

♠ သောကြာသားသမီးများအတွက် စနေသည်





လည်းကောင်း၊ သောကြာအချိန်အတွက် စနေသည်

♠ စနေသားသမီးများအတွက် တနင်္ဂနွေသည် လည်းကောင်း၊ စနေအချိန်အတွက် တနင်္ဂနွေသည် ဒွိရှန်းဟုခေါ်သလို အညွန့်ဟုလည်းခေါ်ပါတယ်။

**(၁၂) တြိရှန်းဂြိုဟ်များအကြောင်း**

**အေး၊ ဓေ၊ မြင့်၊ ထား၊ ကျော်၊ လှိုး၊ သွား၊ မှတ်ထား ကြိုးရှန်သာ၊**

♠ တနင်္ဂနွေသားသမီးများအတွက် အင်္ဂါသည် လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် အင်္ဂါသည်

♠ တနင်္လာသားသမီးများ အတွက်ဗုဒ္ဓဟူးသည် လည်းကောင်း၊ တနင်္လာအချိန်အတွက် ဗုဒ္ဓဟူးသည်

♠ အင်္ဂါသားသမီးများအတွက်ကြာသပတေးသည် လည်းကောင်း၊ အင်္ဂါအချိန်အတွက် ကြာသပတေးသည်



www.burmeseclassic.com

www.burmeseclassic.com



♠ဗုဒ္ဓဟူးသားသမီးများအတွက်သောကြာသည်လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် သောကြာသည်

♠ကြာသပတေးသားသမီးများအတွက်စနေသည်လည်းကောင်း၊ ကြာသပတေးအချိန်အတွက် စနေသည်

♠သောကြာသားသမီးများအတွက်တနင်္ဂနွေသည်လည်းကောင်း၊ သောကြာအချိန်အတွက်တနင်္ဂနွေသည်

♠စနေသားသမီးများအတွက် တနင်္လာသည်လည်းကောင်း၊ စနေအချိန်အတွက် တနင်္လာသည် တြိရန်းဟုခေါ်သလို ပျက်ဟုလည်းခေါ်ပါတယ်။

## (၁၃) စတုရန်းဂြိုဟ်များအကြောင်း

### အောင် လံ ထူ စစ် သူ ကြီး ပွဲ မှတ်မြဲ စတုရန်း၊

♠တနင်္ဂနွေသားသမီးများအတွက် ဗုဒ္ဓဟူး သည်လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် ဗုဒ္ဓဟူးသည်





♠ တနင်္လာသားသမီးများအတွက် ကြာသပတေးသည်လည်းကောင်း၊ တနင်္လာအချိန်အတွက် ကြာသပတေးသည်

♠ အင်္ဂါသားသမီးများအတွက် သောကြာသည်လည်းကောင်း၊ အင်္ဂါအချိန်အတွက် သောကြာသည်

♠ ဗုဒ္ဓဟူးသားသမီးများအတွက် စနေသည်လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် စနေသည်

♠ ကြာသပတေးသားသမီးများအတွက် တနင်္ဂနွေသည်လည်းကောင်း၊ ကြာသပတေးအချိန်အတွက် တနင်္ဂနွေသည်

♠ သောကြာသားသမီးများအတွက် တနင်္လာသည်လည်းကောင်း၊ သောကြာအချိန်အတွက် တနင်္လာသည်

♠ စနေသားသမီးများအတွက် အင်္ဂါသည်လည်းကောင်း၊ စနေအချိန်အတွက် အင်္ဂါသည် စတုရန်းဟုခေါ်သလို နာဟုလည်းခေါ်ပါတယ်။ မဟာဘုတ်တွင် ဤစတုရန်းလက်ကကိုသာ အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

**(၁၄) ပဥ္စပွတ်ဂြိုဟ်များအကြောင်း**

**အောင် မြင် ချစ် သူ ဆေး တံ လျှု မှတ်ယူပဉ္စပွတ်၊**

♠ တနင်္ဂနွေသားသမီးများအတွက် ကြာသပတေး သည်လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် ကြာသပတေးသည်

♠တနင်္လာသားသမီးများအတွက် သောကြာ သည်လည်းကောင်း၊ တနင်္လာအချိန်အတွက် သောကြာသည်

♠အင်္ဂါသားသမီးများအတွက် စနေသည် လည်းကောင်း၊ အင်္ဂါအချိန်အတွက် စနေသည်

♠ဗုဒ္ဓဟူးသားသမီးများအတွက် တနင်္ဂနွေသည် လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် တနင်္ဂနွေ သည်

♠ကြာသပတေးသားသမီးများအတွက် တန်လာ သည်လည်းကောင်း၊ ကြာသပတေးအချိန် အတွက် တန်လာသည်

♠သောကြာသားသမီးများအတွက် အင်္ဂါသည်





လည်းကောင်း၊ သောကြာအချိန်အတွက် အင်္ဂါ သည်

♠ စနေသားသမီးများအတွက် ဗုဒ္ဓဟူးသည်လည်း ကောင်း၊ စနေအချိန်အတွက် ဗုဒ္ဓဟူးသည် ပဥ္စပွတ်ဟုခေါ်သလို နဝင်းဟုလည်းခေါ်ပါတယ်။

**(၁၅) ဆပွတ်ဂြိုဟ်များအကြောင်း**

**အသွင် လှ ကေ၊ နတ်၊ မျိုး၊ ဆွေ၊ မှတ်ပေဆပွတ်ပါ၊**

♠ တနင်္ဂနွေသားသမီးများအတွက် သောကြာ သည်လည်းကောင်း၊ တနင်္ဂနွေအချိန်အတွက် သောကြာသည်

♠ တနင်္လာသားသမီးများအတွက် စနေသည် လည်းကောင်း၊ တနင်္လာအချိန်အတွက် စနေသည်

♠ အင်္ဂါသားသမီးများအတွက် တနင်္ဂနွေသည် လည်းကောင်း၊ အင်္ဂါအချိန်အတွက် တနင်္ဂနွေ သည်

♠ဗုဒ္ဓဟူးသားသမီးများအတွက် တနင်္လာသည် လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် တနင်္လာ သည်



www.burmeseclassic.com

www.burmeseclassic.com



♠ကြာသပတေးသားသမီးများအတွက် အင်္ဂါသည်လည်းကောင်း၊ ကြာသပတေးအချိန်အတွက် အင်္ဂါသည်

♠သောကြာသားသမီးများအတွက် ဗုဒ္ဓဟူးသည်လည်းကောင်း၊ သောကြာအချိန်အတွက် ဗုဒ္ဓဟူးသည်

♠စနေသားသမီးများအတွက် ကြာသပတေးသည်လည်းကောင်း၊ စနေအချိန်အတွက် ကြာသပတေးသည်ဆပွတ်ဟုခေါ်သလို စုတ်ဟုလည်းခေါ်ပါတယ်။ (အင်္ဂဝိဇ္ဇာပညာရပ်တွင်သူ့ကိုနိုင်လိုဆကိုခိုဟုဆိုကာ ဤဆပွတ်လင်္ကာကိုသုံးသည်။)

(၁၆) **သတ္တရန်းဂြိုဟ်များအကြောင်း**

**အောင် ထွန်း သင် မှ လူ စည် ကြ မှတ်ပ သတ္တရန်း၊**

♠ တနင်္ဂနွေသားသမီးများအတွက် စနေသည်လည်းကောင်း၊တနင်္ဂနွေအချိန်အတွက်စနေသည်

♠ တနင်္လာသားသမီးများအတွက် တနင်္ဂနွေသည်လည်းကောင်း၊ တနင်္လာအချိန်အတွက် တနင်္ဂနွေသည်





♠အင်္ဂါသားသမီးများအတွက် တနင်္လာသည်လည်းကောင်း၊ အင်္ဂါအချိန်အတွက် တနင်္လာသည်

♠ဗုဒ္ဓဟူးသားသမီးများအတွက် အင်္ဂါသည်လည်းကောင်း၊ ဗုဒ္ဓဟူးအချိန်အတွက် အင်္ဂါသည်

♠ကြာသပတေးသားသမီးများအတွက် ဗုဒ္ဓဟူးသည်လည်းကောင်း၊ ကြာသပတေးအချိန်အတွက် ဗုဒ္ဓဟူးသည်

♠သောကြာသားသမီးများအတွက် ကြာသပတေးသည်လည်းကောင်း၊ သောကြာအချိန်အတွက် ကြာသပတေးသည်

♠စနေသားသမီးများအတွက် သောကြာသည်လည်းကောင်း၊ စနေအချိန်အတွက် သောကြာသည် သတ္တရန်းဟုခေါ်သလို အမြစ်ခိုက်ဟုလည်းခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လှန်လေ့ကျင့်ခန်း(၂)

**(၁)အောက်ပါမေးခွန်းများဖြေဆိုပါ။**

(က) စတုရန်းလက်ကွာမှာ အဘယ်နည်း။

(ခ) စတုရန်းလက်ကွာအသုံးပြုပုံကို ရှင်းပြပါ။

(ဂ) ဆပွတ်လက်ကွာမှာ အဘယ်နည်း။

(ဃ) ဆပွတ်လက်ကွာအသုံးပြုပုံကို ရှင်းပြပါ။





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ(၃)

**သောမ၊ပါပ၊မိတ်၊ရန်၊ဥဒါန်သိန်တို့ရဲ့သဘောတရားများ**

သင်သိထားရမှာကပါပ၊ သောမ၊ မိတ်၊ ရန်၊ ဥဒါသိန်တို့ရဲ့ သဘောထားများဖြစ်ပါတယ်။

(၁၇) **သောမဂြိုဟ်များ**

**တနင်္လာ က၊ နေဗုဒ္ဓ**

**သော ကြာ မှတ်ရေး၊ ကြာ သပတေး**

**ဖြစ်ရေးသော မပါ၊**

တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာကို သောမဂြိုဟ်ဟု မှတ်ပါ။

**အောင်မြင်ပြေရှင်း၊ တည်ကြည်ခြင်း**

**ပွင့်လင်းကူညီ၊ ပျော်ရွှင်မည်**



www.burmeseclassic.com

www.burmeseclassic.com



**မှတ်ပြီ သောမများ။**

ပွင့်လင်းခြင်း၊ ဖြေရှင်းပေးခြင်း၊တည်ကြည် ဖြောင့်မတ်ခြင်း၊ အကူအညီပေးခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်စေခြင်းကို ဖြစ်စေပါတယ်။ ကောင်းသော်လည်းဖြေးဖြေးသာအကောင်းအဆိုးကို ပေးပါတယ်။

(၁၈) ပါပဂြိုဟ်များ

**တနင်္ဂနွေ၊ အင်္ဂါပေ**

**စနေရာဟု၊ ပါပပြု**

**မှတ်ရှုသိစေရာ။**

တနင်္ဂနွေ၊ အင်္ဂါ၊ စနေနှင့် ရာဟုကို ပါပဂြိုဟ်ဟု မှတ်ပါ။

**ခြောက်လှန့်နှောက်ယှက်၊ ဖျက်ဆီးချက်**

**ရက်စက်ကြမ်းကြုတ်၊ ဖြားယောင်းရှုပ်**

**ရန်လုပ်ပါပပါ၊သိကြအသချာ။**

နှောက်ယှက်ခြင်း၊ ခြောက်လှန့်ခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ ဖျက်ဆီးတတ်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ရန်ပြုတတ်ခြင်း၊ ထိခိုက်





နစ်နာစေခြင်းကို ဖြစ်စေပါတယ်။အကောင်းအဆိုးကို မြန်မြန်ဆန်ဆန် ဖြစ်စေတယ်။

(၁၉) **အိမ်ထောင်မိတ် (အတွင်းမိတ်)**

**အိမ်တွင်းပျော်ရွှင်၊ ပေါင်းစေချင်**

**စွဲငင်ဇာါပိုတ်၊ အတွင်းမိတ်၊**

ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ၊ အိမ်ထောင်မိတ် မပျက်မှတ်လေပါ။

ဦးသာ (၁၆) တနင်္ဂနွေနှင့် သောကြာ

စိန်ပန်း (၃၅) အင်္ဂါနှင့် ကြာသပတေး

ဒန်းလှ (၀၄) စနေနှင့် ဗုဒ္ဓဟူး

ကိုရှာ (၂၈)တနင်္လာနှင့် ရာဟုတို့သည် အတွင်းမိတ်

(အိမ်ထောင်မိတ်)များ ဖြစ်ကြပေသည်။

**ပျော်ရွှင်မှုပေး၊ သည်းခံရေး**

**ကျိုးပေးတာရှည်၊ နစ်နာမည်**

**ဝင်သည်မထွက်၊ မြဲမြံလျှက်**

**ပြန့်ထွက်မဝင်၊ ကောင်းကျိုးပင်**

**မှတ်ထင်ယူဆ၊ တွင်းမိတ်ပြ။**

အိမ်ထောင်ရေး၊ အိမ်တွင်းရေး၊ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ရေးတွေမှာ အဆင်ပြေအောင်မြင်စေတဲ့ ကောင်းကျိုးများကို ရရှိစေပါတယ်။ အတူနေမိသားစုရဲ့ အကူအညီရစေခြင်းကို ဖြစ်စေပါတယ်။ ပျော်ရွှင်မှုပေးခြင်း၊ တာရှည်စွာပေါင်းသင်းဆက်ဆံခြင်း၊ သည်းခံခြင်း၊ အနစ်နာခံခြင်း၊ ကြာမြင့်စွာကောင်းကျိုးပေးတယ်။မြဲသောသဘောရှိကာ ဝင်လာပါက ပြန်မထွက်၊ထွက်သွားပါက ပြန်ဝင်မလာတတ်သော သဘောရှိတယ်။

(၂၀) **အပြင်မိတ်**

**ပြင်ပရှင်လန်း၊ ပွင့်လင်းသန်း**

**ပေါင်းစမ်းတစ်စိတ်၊ အပြင်မိတ်၊**

အောင်ပ၊ ကုလား၊ဆွေသား၊ တော်ရင်း၊ မိတ်ဘက်ချင်း။

အောင်ပ(၁၅)တနင်္ဂနွေနှင့်ကြာသပတေး

ကုလား (၂၄) တနင်္လာနှင့် ဗုဒ္ဓဟူး

ဆွေသား (၃၆) အင်္ဂါနှင့် သောကြာ

တော်ရင်း (၀၈) စနေနှင့်ရာဟုတို့သည် အပြင်မိတ်များ ဖြစ်ကြပေသည်။





**ဆက်ဆံရေးကောင်း၊ ပံ့ပိုးကြောင်း**

**မိတ်ပေါင်းကျိုးပေး၊ မပြီးသေး**

**မှတ်ရေးပြင်လူ၊ ဝင်ထွက်ယူ**

**ထွက်မူဝင်လာ၊ ပြင်မိတ်ပါ။**

လူမှုရေး၊ ပြင်ပဆက်ဆံရေးကိစ္စတွေမှာ အဆင်ပြေအောင်မြင်စေတဲ့ ကောင်းကျိုးများကို ရရှိစေပါတယ်။ မိတ်ဆွေ အပေါင်းအသင်းများရဲ့ အကူအညီရစေခြင်းကို ဖြစ်စေပါတယ်။ ဆက်ဆံရေးကောင်းခြင်း၊ ပံ့ပိုးကူညီပေးခြင်း၊ ခေတ္တသာပေါင်းသင်းပြီးအကျိုးပေးခြင်း၊ ပြီးဆုံးအောင် မကူညီတတ်ခြင်းကိုပေးတယ်။ အပြင်လူဝင်လာပြီး ပြန်ထွက်သွားခြင်း၊ ထွက်သွား ပြီးပြန်ဝင်လာတတ်သောသဘောရှိတယ်။

(၂၁) **ဓါတ်၊ မိတ်**

**ဓာတ်တို့ကိုပင်၊ အားပြည့်ချင်၊**

**စွဲငင်ခိုင်မြဲ၊ ဓါတ်မိတ်ပဲ။**

အဓ္ဓော ဂဗ္ဗော၊ စရေ ဝံသော၊ ဓါတ်မိတ်ပေ။

အဓ္ဓော(၁၀)တနင်္ဂနွေနှင့် စနေသည် မီးဓါတ်



www.burmeseclassic.com

www.burmeseclassic.com



အနိ(မီးခဲ (ဓါတ်ဖို)) တော (မီး တောက်(ဓါတ်မ))

ဂမ္ဘေ(၂၅)တန်လာနှင့်ကြာသပတေး မြေဓါတ်

ဂမ်(ကျောက်မြေ(ဓါတ်ဖို)) ဘော (ရွံ့မြေ(ဓါတ်မ))

စရေ(၃၈)အင်္ဂါနှင့်ရာဟုလေဓါတ်

စ (လေပြေလေညှင်း(ဓါတ်ဖို)) ရေ(လေ ဗုန်တိုင်း (ဓါတ်မ))

ဝံသေ(၄၆)ဗုဒ္ဓဟူးနှင့် သောကြာရေဓါတ်

ဝံ(ရေကြည်(ဓါတ်ဖို)) သေ(ရေ နောက်(ဓါတ်မ)) တို့သည်

ဓါတ်မိတ်များ ဖြစ်ကြပေသည်။

**ဘုန်းတန်ခိုးကြီး၊ ကျော်စောပြီး**

**မငြီးအောင်မြင်၊ လက်ဆောင်ဝင်**

**ချစ်ခင်သူများ၊ အေးချမ်းသွား**

**တွေ့ကြားကျန်းမာ၊ တက်သိက္ခာ**

**သေချာကောက်ရ၊ ထီပေါက်မှ**

**ခံရကန်တော့၊ ဓါတ်မိတ်ပေါ့၊**

ကျန်းမာရေး၊စီးပွားရေးကိစ္စတွေမှာ အဆင်ပြေအောင်မြင်စေတဲ့ ကောင်းကျိုးများကို ရရှိစေပါတယ်။ မိတ်ဆွေအပေါင်းအသင်းများရဲ့ အကူအညီကိုရစေခြင်းကို ဖြစ်စေပါတယ်။ ဘုန်း





တန်ခိုးကြီးမားစေခြင်း၊ ကျော်စောခြင်း၊ အောင်မြင်ခြင်း၊ အေးချမ်းသာယာစေခြင်း၊ လက်ဆောင်ရခြင်း၊ ကန်တော့ခံရခြင်း၊ကောက်ရခြင်း၊ ထီပေါက်ခြင်း၊ ဂုဏ်သိက္ခာတက်ခြင်း၊ ကျန်းမာခြင်း၊ ချစ်သူခင်သူ တွေ့ရတတ်ခြင်းများကို ပေးပါတယ်။

**အဋ္ဌော(၁၀)နှင့် စရေ(၃၈) ပါပဓါတ်မိတ်များသည် ချစ်သူတွေ့ပါက ပြန်ကွဲရတတ်ခြင်း၊ မကျန်းမာပါက အမြန်ပျောက်ရခြင်းကဲ့သို့ မမြဲသော သဘောရှိတယ်၊**

**ဂမ္ဘေ(၂၅)ဆိုသော သော မဓါတ်မိတ်သည် ချစ်သူတွေ့ပါက မြဲရတတ်ခြင်း သဘောရှိတယ်၊**

**ဝံသေ(၄၆)ဆိုသော သော မဓါတ်မိတ်သည် မကျန်းမာဖြစ်ပါက နာတာရှည်ဖြစ်ရသော သဘောရှိတယ်၊**

(၂၂) မိတ်သုံးမျိုး၏အကျိုးအကြောင်း

**နေရာလျော်စွာ၊ ဣဋ္ဌမှာ**

**ဟောပါမိတ်သဘော၊**

မိတ်ဂြိုဟ်များကို အကောင်း(ဣဋ္ဌ) သဘော ဖြင့်သာ ယူပါရန်။



www.burmeseclassic.com

www.burmeseclassic.com



**(၂၃) အိမ်ထောင်ရန်(အတွင်းရန်)**

**တွင်းဌ်ပျက်ဆီး၊ ရန်ပေါ်မှီး**
**တိုက်ပြီးတွင်းစွ၊ တွင်းရန်ပြ၊**

မမွာ သောက၊ အင်း၀ ရာဇာ၊ အိမ်ထောင်ဖက် အသက်မရှည်ရာ။

မမွာ(၀၅) စနေနှင့် ကြာသပတေး
သောက(၆၂) သောကြာနှင့် တနင်္လာ
အင်း၀(၁၄) တနင်္ဂနွေနှင့် ဗုဒ္ဓဟူး
ရာဇာ(၈၃)ရာဟုနှင့်အင်္ဂါတို့သည် အတွင်းရန်(အိမ်ထောင်ရန်)များ ဖြစ်ကြပေ သည်။

**တပြေးပြေးပျက်၊ နစ်နာလျှက်**
**ကြုံလျှက်ပြဿနာ၊ စိမ့်စိမ့်သာ**
**ဝင်ကာရန်ပြု၊ ကြာရှည်မှု**
**ထွက်ခုရန်ရှာ၊ ရှည်ကြာစွာ**
**မှတ်ပါသိပြန်၊ အိမ်ထောင်ရန်၊**

အိမ်ထောင်ရေး၊ အိမ်တွင်းရေး၊ စီးပွားရေးဆိုးကျိုးများကို ရရှိစေတယ်။ ရေရှည်တဖြည်းဖြည်းပျက်စီးရခြင်း၊ နစ်နာဆုံးရှုံးရခြင်း၊ တစိမ့်စိမ့်



ခံစားရတတ်ခြင်း၊ ကြီးမားသော ပြဿနာများကြုံရတတ်ခြင်းများကိုပေးတယ်။ဝင်လာပြီး တာရှည်သောရန်ပြုခြင်း၊ထွက်သွားပြီး ကြာရှည်ရန်ပြုခြင်းသဘောရှိတယ်။

**(၂၄) အပြင်ရန်**

**ပြင်ပပူပန်၊ ရန်ပေါ်ပြန်**
**လုပ်ဟန်ပျက်စွ၊ ပြင်ရန်ပြ၊**

ဦးညို ခေမာ၊ သုတ ဝေရီ၊ ရန်စီစီ။

ဦးညို(၁၇) တနင်္ဂနွေနှင့် အင်္ဂါ
ခေမာ(၂၅) တနင်္လာနှင့်ကြာသပတေး
သုတ (၆၀) သောကြာနှင့် စနေ
ဝေရီ (၄၈) ဗုဒ္ဓဟူးနှင့်ရာဟုတို့သည် အပြင်ရန်များဖြစ်ကြပေသည်။

**အားမနာပြော၊ ရက်စက်သော**
**မနောမပြု၊ ဈောက်တွန်းသူ**
**ပြုမူရန်ရှာ၊ လွန်နစ်နာ**
**မကြာခေတ္တ၊ ဝင်လာကြ**
**ရန်ကပါဝင်၊ ထွက်လေလျှင်**

www.burmeseclassic.com

www.burmeseclassic.com



ရန်ပင်ကျွာသွား၊ ပြင်ရန်များ။

လူမှုရေး၊ ပြင်ပဆက်ဆံရေး၊ မိတ်ဆွေ အပေါင်းအသင်းများကြောင့် ဆိုးကျိုးများကို ရရှိစေတယ်။ အားမနာတမ်းပြောဆိုတတ်ခြင်း၊ ရက်ရက်စက်စက်ပြုမူတတ်ခြင်း၊ ခေတ္တခဏ ရန်ပြု တတ်ခြင်း၊ ချောက်တွန်းခြင်း၊ ထိခိုက်နစ်နာအောင် လုပ်ခြင်းကိုပေးတယ်။ဝင်လာပြီးရန်ပြုခြင်း၊ ရန်ပြု ကာထွက်သွားခြင်းသဘောကို ပေးတယ်။

(၂၅) ဓါတ်ရန်

ရန်ပေါင်းလှူဆော်၊ အားပေးနော်

နာဘောကျင်စွ၊ ဓါတ်ရန်ပြု၊

ဦးဝေ စံကူး၊ရေဘူး၊တောသူ၊ဓါတ်ရန်သူ။

ဦးဝေ(၁၄) တနင်္ဂနွေနှင့်ဗုဒ္ဓဟူးသည်

ဦး(မီးခဲ(ဓါတ်ဖို))နှင့် ဝေ(ရေကြည် (ဓါတ်ဖို))

စံကူး(၃၂) အင်္ဂါနှင့် တနင်္လာသည်

စံ (လေပြေလေညှင်း(ဓါတ်ဖို))နှင့် ကူး (ကျောက်မြေ (ဓါတ်ဖို))

ရေဘူး(၈၅)ရာဟုနှင့် ကြာသပတေးသည်

ရေ(လေဗုန်တိုင်း(ဓါတ်မ))နှင့်ဘူး(ရွံ့နွံမြေ (ဓါတ်မ))





တောသူ(၀၆)စနေနှင့်သောကြာသည်

တော (မီးတောက်(ဓါတ်မ))နှင့် သူ(ရေနောက်(ဓါတ်မ))တို့သည် ဓါတ်ရန်ဖူးဖြစ်ကြပေသည်။

ဂုဏ်သိက္ခာကျ၊ ကျပျောက်ကြ

ညှဲရကျန်းမာ၊ မည်ပျက်တာ

ခံပါစွပ်စွဲ၊ လုယက်ဖြဲ

ကြုံရဆဲသေချာ၊ ဓါတ်ရန်ပါ၊

ကျန်းမာရေး၊ စီးပွားရေးဆိုးကျိုးများကို ရရှိစေသည်။ ကျန်းမာရေးညှံ့ခြင်း၊ ဂုဏ်သိက္ခာကျ ခြင်း၊အမည်ပျက်ခြင်း၊ ကျပျောက်ခြင်း၊ လုယက် ခံရခြင်း၊ သူတပါးစွပ်စွဲခံရခြင်းများ ဖြစ်မယ်။

(၂၆) ရန်သုံးမျိုး၏အကျိုးအကြောင်း

နေရာလျော်စွာ၊ အနိဋ္ဌာ

ဟောပါရန်သဘော၊

ရန်ပြိုဟ်များကို အဆိုး(အနိဋ္ဌ)သဘော ဖြင့်သာ ယူပါရန်။

(၂၇) ဥဒါသိန်ဂြိုဟ်များ

တနင်္ဂနွေ၏ဥဒါသိန်မှာ တနင်္လာ



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာ၏ဥဒါသိန်မှာ တနင်္ဂနွေ၊စနေ

အင်္ဂါ၏ဥဒါသိန်မှာ ဗုဒ္ဓဟူး၊စနေ

ဗုဒ္ဓဟူး၏ဥဒါသိန်မှာ အင်္ဂါ၊ကြာသပတေး

ကြာသပတေး၏ဥဒါသိန်မှာ ဗုဒ္ဓဟူး၊ သောကြာ

သောကြာ၏ဥဒါသိန်မှာ ကြာသပတေး

စနေ၏ဥဒါသိန်မှာ တနင်္လာ၊အင်္ဂါတို့

ဖြစ်ကြပေသည်။

ပါပအညမညဥဒါသိန်(၅)မျိုး

၁၁၊၃၃၊၀၀၊ ၀၃၊၃၀

**ရုတ်တရက်ပင်၊ ထိတ်လန့်ချင်**

**မတင်မကျ၊ ရှုန်းကန်ကြ**

**လုပ်ရ(၂)ကြိမ်၊ ဥဒါသိန်**

**မှတ်ချိန်ပါပ၊ အညမည၊**

မတင်မကျဖြစ်ခြင်း၊ လှုပ်ရှားရုန်းကန်ရခြင်း၊ (၂)ကြိမ်(၂)ခါဖြစ်ပျက်ရတတ်ခြင်း၊ ရုတ်တရက်ဖြစ်ခြင်းများကို ပေးတယ်။

သောမအညမညဥဒါသိန်(၈)မျိုး

၂၂၊၄၄၊၅၅၊ ၆၆၊၄၅၊၅၄၊၅၆၊၆၅





**အုံအားတသင့်၊ မမျှော်လင့်**

**တွေးချင့်နှမြော၊ တည်ငြိမ်သော**

**လုပ်ဇော ကြိမ်ကြိမ်၊ ဥဒါသိန်**

**မှတ်ချိန်သောမ၊ အညမည၊**

တည်ငြိမ်အေးချမ်းခြင်း၊ အကြိမ်ကြိမ်ဖြစ်ရခြင်း၊ နှမြောရခြင်း၊ မမျှော်လင့်သော ကိစ္စများဖြစ်ရခြင်း၊ အံ့အားတသင့်ဖြစ်ရခြင်းများကို ပေးတယ်။

ပဋိပက္ခဥဒါသိန်(၆)မျိုး

၁၂၊၂၁၊၂၀၊၀၂၊၃၄၊ ၄၃

**ဥပေက္ခာ ပြု၊ ကိုယ့်လမ်းရှု**

**ဂရုမစိုက်၊ နာကျင်ကိုက်**

**မကြိုက်သူများ၊ ကိုယ့်တွက်ထား**

**ကျကြားစိတ်မာ တ်၊ ပင်ပန်းတတ်**

**ရည်မှတ်အောင်မြင်၊ ကျဆုံးလျှင်**

**တွေ့ပင်မှတ်ကြ၊ ပဋိပက္ခ**

**ဒါမှဥဒါသိန်၊**

ဂရုမစိုက်ခြင်း၊ တန်ဖိုးမထားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုနေတတ်ခြင်း၊ ကိုယ့်လမ်းကိုယ်သွားခြင်း၊ သူတပါးအတွက်ပြန်မကြည့်တတ်ခြင်း၊ ကိုယ်စိတ်ပင်ပန်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ စိတ်ဓါတ်ကျတတ်ခြင်းနှင့်အောင်မြင်မည်ထင်ရပြီးမှ ကျဆုံးရခြင်းများကိုပေးတယ်။

(၂၈) **ဥဒါသိန်၏အကျိုးအကြောင်း**

**ဥဒါသိန်မှန်၊ တစိမ်းဆန်၊**

**ဟောရန် မုချပြော၊**

ဥဒါသိန်ဂြိုလ်များကို အဆိုးအကောင်း သာမာန်သဘောသာ ယူပါရန်။

☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၃)

**(၁) အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

(က) ပါပ၊ သောမတို့၏သဘောတရားများကို ရှင်းပြပါ။

(ခ) အိမ်ထောင်ဖက်၊ အပြင်မိတ်၊ ဓါတ်မိတ်တို့၏ သဘောတရားများကို ရှင်းပြပါ။

(ဂ) အိမ်ထောင်ရန်၊ အပြင်ရန်၊ ဓါတ်ရန်တို့၏ သဘောတရားများကို ရှင်းပြပါ။

(ဃ) ပါပအညမညဥဒါသိန်၊ သောမအညမည ဥဒါသိန်၊ ပဋ္ဌိပက္ခဥဒါသိန် တို့၏သဘောတရား များကို ရှင်းပြပါ။

☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

## သင်ခန်းစာ(၅)

**မဟာဘုတ်ဗေဒင်အခြေခံသဘောတရားများ**

(၂၉) မဟာဘုတ်ဗေဒင်တွက်ပုံအကြောင်း

**အရင်ဆုံး ဗေဒင်အချုပ် မဟာ ဘုတ်တွက်နည်း ဖြစ်ပါတယ်၊**

တွက်လိုသော မြန်မာသက္ကရာဇ်ကို တည်ကာ (၇)နဲ့စားပါ။ အကြွင်းကို ဘင်္ဂအိမ်ကနေ စချကာ ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ ဟုအစဉ်အတိုင်းချရပါမယ်။





**ချရမယ့် လက်ာကတော့ စတုရန်းလက်ာ ဖြစ်တဲ့ "အောင်လံထူစစ်သူကြီးပွဲ" ဖြစ်ပါတယ်၊**

အောက်မှာကြည့်ပါ။

ဥပမာ။ ။ မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ်ကို တွက်ကြည့်သော် . . .

၇ | ၁၃၇၃ | ၁၉၆

၇

၆၇

၆၃

၄၃

၄၂

၁ ကြွင်းပါတယ်။

**အကြွင်း (၁) အရ မဟာ ဘုတ်တိုင်ထူသော် ……**

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မဟာဘုတ်အိမ်အမည်များ)



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁) ကြွင်းမဟာဘုတ်ခွင်

ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ်တွင် မွေးဖွားသူများကို မဟာဘုတ်အိမ်အလိုက်

| | |
|---|---|
| **တနင်္ဂနွေသားသမီးကို** | **ဘင်္ဂဖွား** |
| **တနင်္လာ သားသမီးကို** | **ပုတိဖွား** |
| **အင်္ဂါသားသမီးကို** | **သိုက်ဖွား** |
| **ဗုဒ္ဓဟူးသားသမီးကို** | **မရဏဖွား** |
| **ကြာသပတေးသားသမီးကို** | **အဓိပတိဖွား** |
| **သောကြာသားသမီးကို** | **ရာဇဖွား** |
| **စနေသားသမီးကို** | **အထွန်းဖွားလို့မှတ်ထားရ** |

**ပါမည်၊**

သင့်အနေဖြင့် မိမိမွေးဖွားတဲ့ မြန်မာသက္ကရာဇ်ကို မူတည်ကာနမူနာတွက်ကြည့်ပါအုံး။ တွက်လို့ရတဲ့ အဖြေအရ မိမိဟာဘာဖွားလဲဆိုတာ





သိရပါလိမ့်မယ်။

**(၃၀) အဖွားအရ အဓိကအဟောများကတော့ ....**

**♣ ဘင်္ဂဖွား(အပျက်) (ကိုယ်၊စိတ်၊နှုတ်အားဖြင့် အလွယ်ပြောဆို လှုပ်ရှားနေထိုင်ကျင့်ကြံမှု)**

ဘင်္ဂတွင်သာ၊ ဖွားမြင်လာ၊ ပူဆာကြောင့်ကြ၊ များတတ်လှ။ (ရှေးကျမ်းအရ)

လှုပ်ရှားပြောင်းလဲ၊ မတည်မြဲ၊ မှတ်ဆဲဘင်္ဂ၊ အပျက်ရ။ (ယခုခေတ်အဆို)

ဘင်္ဂဖွားဖြစ်လျှင် အပြောင်းအလဲလွယ်သူ၊ စိတ်လှုပ်ရှားတတ်သူ၊ မတည်ငြိမ်သူနှင့်ပျက်စီးလွယ်သူလို့ဟောပေးရမည်။

**♣ မရဏဖွား(အသေ) (စိတ်လိုက်မာန်ပါ တင္ပတ်ထိုးပြောဆို လှုပ်ရှား နေထိုင်ကျင့်ကြံမှု)**

မရဏမှာ ဖွားတုံလာ၊ ပူဆာမကင်း၊ ဒုက္ခတွင်း။ (ရှေးကျမ်းအရ)

ပျော့ညံ့ချူခြာ၊ မရဏာ၊ သေချာမဲ့ကင်း၊ သည်းခံခြင်း။ (ယခုခေတ်အဆို)

မရဏဖွားဖြစ်လျှင် ပျော့ညံ့တတ်သူ၊ ချူခြာသူနှင့် သည်းမခံတတ်သူလို့ဟောပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com



**♣ အထွန်းဖွား (အောင်မြင်) (ဟန်ဆောင်ကောင်းစွာဖြင့် ပြောဆို လှုပ်ရှားနေထိုင်ကျင့်ကြံမှု)**

နေ့အထွန်းတွင်၊ ဖွားတုံမြင်၊ လူတွင်ရှိကြ၊ အံ့သြရ။ (ရှေးကျမ်းအရ)

စပ်စပ်စုစု၊ထင်ပေါ်မှုမှတ်ပြုကြွားဝါ၊ အထွန်းပါ။ (ယခုခေတ်အဆို)

အထွန်းဖွားဖြစ်လျှင် ထင်ထင်ပေါ်ပေါ်နေတတ်သူ၊ ကြွားကြွားဝါဝါနေတတ်သူနှင့် စပ်စပ်စုစုနေတတ်သူလို့ဟောပေး ရမည်။

**♣ သိုက်ဖွား (လုံခြုံ) (ပူပင်မှုများ၊ အတွေးအခေါ်လွန်ကဲကာ ကြံဆ ပေးပြောဆိုလှုပ်ရှားနေထိုင်ကျင့်ကြံမှု)**

သိုက်သာသနာ၊ ဖွားတုံလာ၊ ပတ္တနာဆုတောင်း၊ ရဟန်းလောင်း။ (ရှေးကျမ်းအရ)

ပူပင်များကာ၊ စေ့စပ်တာ၊ မှတ်ပါလွဲမှား၊ ထိုသိုက်ဖွား။ (ယခုခေတ်အဆို)

သိုက်ဖွားဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်သူ၊ အပူအပင်များတတ်သူနှင့် လွဲမှားစွာနေရတတ်သူလို့ဟောပေးရမည်။

**♣ ရာဇဖွား (ထက်မြက်) (မလည်မရှုပ် ပရိယာယ်ကြွယ်စွာ**





**ပြောဆိုလှုပ်ရှားနေထိုင်ကျင့်ကြံမှု)**

တံခွန်တွင်ဖွား၊ မာန်တက်ကြွား၊ ကျော်ကြားအရပ်ရပ်။ (ရှေးကျမ်းအရ)

ပရိယာယ်များ၊ ရှုပ်ထွေးသွားမှတ်သားရာဇာ၊ မလယ်တာ။ (ယခုခေတ်အဆို)

ရာဇဖွားဖြစ်လျှင်ပရိယာယ်များသူ၊ ရှုပ်ရှုပ်ထွေးထွေးလုပ်ကိုင်တတ်သူနှင့်မလည်မရှုပ်လုပ်နေတတ်သူလို့ဟောပေးရမည်။

**♣ ပုတိဖွား (အပုပ်) (မကောင်းမှုကို လျှို့ဝှက်စွာ ပြောဆိုရှုပ်ရှားနေထိုင်ကျင့်ကြံမှု)**

ပုတိသဘော၊ မကျော်စော၊ နှမြောတတ်လှ၊ မွဲတတ်စွ။ (ရှေးကျမ်းအရ)

မကျော်စောလို့၊ ဖုံးကွယ်ဆို၊ မှတ်ပိုပျော့ညံ့၊ ပုတိကျ။ (ယခုခေတ်အဆို)

ပုတိဖွားဖြစ်လျှင် ဖုံးကွယ်တတ်သူ၊ ပျော့ညံ့သူနှင့် မကျော် စေ အောင် လျှို့ဝှက်သိုသိပ်စွာနေတတ်သူလို့ ဟောပေးရမည်။

**♣ အဓိပတိဖွား (အကြီးအကဲ) (သူတစ်ပါးကိုနှိမ့်ချကာ**



www.burmeseclassic.com

www.burmeseclassic.com



**မိမိကိုမိမိ အထင်ကြီး၊ ဆရာကြီးလုပ်လိုသော ပြောဆို လှုပ်ရှား နေထိုင် ကျင့်ကြံမှု)**

အဓိပတိမှာ၊ ဖွားတုံလာ၊ အာဏာပြင်းပြ၊ ကြီးမြတ်လှ။ (ရှေးကျမ်းအရ)

ဘဝင်မြင့်သော၊ မာနပေါ၊ ကျော်စောလို၏၊ ဓိပတိ။ (ယခုခေတ်အဆို)

အဓိပတိဖွားဖြစ်လျှင် ကျော်စောလိုသူ၊ ဘဝင်မြင့်တတ်သူနှင့် ဗာန်မာနဖြင့် နေတတ်သူလို့ဟောပေးရမည်။

☯☯☯☯☯☯☯☯☯

<u>ပြန်လှန်လေ့ကျင့်ခန်း (၄)</u>

**(၁) ကွက်လပ်ဖြည့်ပါ။**

(က) အထွန်းအိမ်ကို အနှစ်ချုပ်အားဖြင့်------- ---------- ဟုခေါ်ပါတယ်။

(ခ) ဘင်္ဂအိမ်ကို အနှစ်ချုပ်အားဖြင့် ----------- ------ ဟုခေါ်ပါတယ်။

(ဂ) မရဏအိမ်ကို အနှစ်ချုပ်အားဖြင့် --------- -------- ဟုခေါ်ပါတယ်။

(ဃ) ပုတိအိမ်ကို အနှစ်ချုပ်အားဖြင့် ----------





------- ဟုခေါ်ပါတယ်။

(င) သိုက်အိမ်ကို အနှစ်ချုပ်အားဖြင့် --------- ------- ဟုခေါ်ပါတယ်။

(စ) ရာဇအိမ်ကို အနှစ်ချုပ်အားဖြင့် --------- ------- ဟုခေါ်ပါတယ်။

(ဆ) အဓိပတိအိမ်ကို အနှစ်ချုပ်အားဖြင့် ------ ----------- ဟုခေါ်ပါတယ်။

**(၂) အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

(က) အထွန်းအိမ်၏ ရှေးကျမ်းအရ လက်ာနှင့် ယခုခေတ် အဆိုလင်္ကာကိုရေးပါ။

(ခ) အထွန်းအိမ်၏ အနှစ်ချုပ်အဟောကိုရေးပါ။

(ဂ) ဘင်္ဂအိမ်၏ ရှေးကျမ်းအရလင်္ကာနှင့် ယခုခေတ် အဆိုလင်္ကာကိုရေးပါ။

(ဃ) ဘင်္ဂအိမ်၏ အနှစ်ချုပ်အဟောကို ရေးပါ။

(င) မရဏအိမ်၏ ရှေးကျမ်းအရလင်္ကာ နှင့်ယခုခေတ် အဆိုလင်္ကာကိုရေးပါ။

(စ) မရဏအိမ်၏ နှစ်ချုပ်အဟောကိုရေးပါ။

(ဆ) ပုတိအိမ်၏ ရှေးကျမ်းအရလင်္ကာနှင့်ယခု



www.burmeseclassic.com

www.burmeseclassic.com



ခေတ် အဆိုလက်ာကိုရေးပါ။

(ဓ) ပုတိအိမ်၏ အနှစ်ချုပ်အဟောကိုရေးပါ။

(ဈ) သိုက်အိမ်၏ ရှေးကျမ်းအရလက်ာ နှင့်ယခု

ခေတ် အဆိုလက်ာကိုရေးပါ။

(ည) သိုက်အိမ်၏ နှစ်ချုပ်အဟောကိုရေးပါ။

(ဋ) ရာဇအိမ်၏ ရှေးကျမ်းအရလက်ာ နှင့်ယခု

ခေတ် အဆိုလက်ာကိုရေးပါ။

(ဌ) ရာဇအိမ်၏ နှစ်ချုပ်အဟောကိုရေးပါ။

(ဍ) အဓိပတိအိမ်၏ ရှေးကျမ်းအရလက်ာ နှင့်ယခု

ခေတ် အဆိုလက်ာကိုရေးပါ။

(ပ) အဓိပတိအိမ်၏ နှစ်ချုပ်အဟောကိုရေးပါ။

(ဏ) မဟာဘုတ်လက်ာအကြောင်းကို ရှင်းပြပါ။





**ဗေဒင်ပညာအလွယ်ဟောပြောနည်း**

**သင်ခန်းစာ(၅)**

**မဟာဘုတ်ဗေဒင်အကြွင်းအရ**

**သဘောတရားများ**

**(၃၁) မွေးသက္ကရာဇ်အရ ထုတ်ယူရရှိသော (၁)ကြွင်းအရ ဆောင်ရန်၊ ရှောင်ရန် အဓိကအဟောများကတော့ ....**

**(၁)ခုကြွင်းသမားများ (ထယ်ဝါသူ)**

ထယ်ဝါခန့်ညား၊ လူပေါင်းမှား၊

ကြုံထား လူလိမ်ပါ။

ဗုဒ္ဓဟူးနံ၊ ဆိုးကျိုးခံ၊

ရှောင်ရန်လူမှုရေး။



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်း၊ မကောင်းခြင်း၊
ကြုံရင်း အကြိမ်ကြိမ်။
သူတစ်ပါးယုံ၊ ကိုယ့်ဟာကုန်၊
မပုံလိုက်သင့် ပါ။
မိမိကသာ၊ အနစ်နာ၊
ခံကာနေရရှာ။
စပ်တူလုပ်ထား၊ လူယုံများ၊
သတ်သွားတတ်ပေတာ။
မွေးစားသားသမီး၊ ဒုက္ခကြီး၊
တစ်နည်းမှတ် သားပါ။
ကိုယ့်အားကိုယ့်ကိုး၊ လူပေါင်းဆိုး၊
အကျိုးစိတ်ကိုခွာ။
သူတစ်ပါးလွှဲ၊ လုပ်ထားဆဲ၊
မှတ်မြဲမကောင်း ပါ။
သူတစ်ပါးကြုံ၊ ဘေးတွေ့ပြန်၊
သိရန်အသေ ချာ။
ဝမ်းရင်လေများ၊ လိပ်ခေါင်းထား၊
ဖြစ်ငြား(၁) ကြွင်းသာ။





(၁)ကြွင်းလျှင်

နိုင်ငံခြားကိစ္စတွေ၊ အမွေအနှစ်တွေ၊ ထီတွေ၊ ဘာသာခြားတွေ ကောင်းကျိုးပေးမည်လို့ ဟော ပေးရမည်။

ရွှေ၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ လူမွေးစား ခြင်းနှင့်အပေါင်းအသင်း ဒုက္ခပေးမည်လို့ ဟော ပေးရမည်။

**(၃၂)မွေးသက္ကရာဇ်အရတွက်ယူရရှိ သော (၂)ကြွင်းအရ ဆောင်ရန်၊ ရှောင်ရန် အဓိကအဟောများက တော့ ....**

(၂)ကြွင်းသမားများ (တစ်ယူသန်)
အတွေးလွန်ပြန်၊ တစ်ယူသန်၊
ရောက်ရန် တစ်ဘက်စွန်း။
ပညာမာန၊ ထင်တိုင်းပြ၊
ရကြခေါင်းမာ တာ။
ဆရာလုပ်လို၊ ဩဇာပို၊
မလိုရန်များတာ။
အကြံပေးမှု၊ အလေးပြု၊
ယခုပင်ချမ်းသာ။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကဲသူထံ၊ အကြံဉာဏ်၊
တောင်းခံတတ် ပါစေ။
အပျော်အပါး၊ လွန်ကြိုက်ပြား၊
အမှားကြုံ တတ်စွာ။
ကောင်းမှုပြုရေး၊ မကောင်းဘေး၊
တွေ့ သေးအမှန်ပါ။
မာနထောင်ထား၊ အသုံးများ၊
ကိုယ့်အား ကိုယ်စူးမှာ။
ခေါင်းမူးသွေးတိုး၊ သွေးတတ်မျိုး၊
ကြုံရိုး(၂) ကြွင်းသာ။

(၂)ကြွင်းလျှင်

အိုးအိမ်ကိစ္စတွေ၊ အုပ်စုဖွဲ့လုပ်ကိုင်တာတွေ၊ အကြီးအကဲတွေ ကောင်းကျိုးပေးမည်လို့ ဟောပေးရမည်။

ပညာ၊ အပျော်အပါး၊ မာန်မာနကြီးမားမှုနှင့် မိတ်ဆွေ၊ ဆရာသမား ဒုက္ခပေးမည်လို့ ဟောပေးရမည်။

**(၃၃) မွေးသက္ကရာဇ်အရ တွက်ယူရရှိသော (၃)ကြွင်းအရ**





**ဆောင်ရန်၊ ရှောင် ရန် အဓိကအဟောများကတော့ ....**

(၃)ကြွင်းသမားများ (ယှဉ်ပြိုင်လိုသူ)

ယှဉ်ပြိုင်လိုသူ၊ ကြိုးစားယူ၊
အောင်မှုအသေချာ။
ခရီးသွားဆိုး၊ ရန်ပေါ်မျိုး၊
နှုတ်ကျိုးချိုသာပါ။
နိုင်လိုမင်းထက်၊ ယှဉ်ပြိုင်ချက်၊
ဆက်ဆက် ရှောင်စေရာ။
ဒေါသကိုလျှော့၊ ဖြေးဖြေးပေါ့၊
လုပ်တော့ စဉ်း စားလေ။
စကားကြမ်းတမ်း၊ ယှဉ်ပြိုင်လမ်း၊
မှတ်စမ်း ရှောင်ပါလေ။
ပွင့်ပွင့်လင်းလင်း၊ တကျောကင်း၊
ရှင်းရှင်းနေ ထိုင်ပါ။
အိမ်ထောင်ဆက်များ၊ ဒုက္ခပွား၊
တွေ့ပြား အ မှန်ပါ။
စိတ်နှင့်မျက်စိ၊ သွေးလေသိ၊
မှတ်ဘိ(၃) ကြွင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



(၃)ကြွင်းလျှင်

ငွေကြေးကိစ္စတွေ၊ စပ်တူအကျိုးလုပ်ကိုင် တာတွေ၊ ချစ်ခင်သူတွေ ကောင်းကျိုးပေးမည်လို့ ဟောပေးရမည်။

ခရီး၊ ကာမဂုဏ်၊ အသောက်အစား၊ လှုပချင်မှုနှင့် ဇနီး၊ အမျိုးသမီးကြီးများ ဒုက္ခပေးမည်လို့ ဟောပေးရမည်။

**(၃၄) မွေးသက္ကရာဇ်အရ တွက်ယူရရှိသော (၄)ကြွင်းအရ ဆောင်ရန်၊ ရှောင် ရန် အဓိကအဟောများကတော့ ....**

(၄)ခုကြွင်းသမားများ (စပ်စုသူ)

ထင်ပေါ်လိုငြား၊ စပ်စုအား၊
သိထားအောင် မြင်တာ။
ရလေလိုလေ၊ အိုတစ္ဆေ၊
မှတ်လေ လောဘ သား။
ဖြေးဖြေးမှန်မှန်၊ ဖြတ်လမ်းကြံ၊
မှားရန်အသေ ချာ။
စီးပွားတစ်ခု၊ စောက်ချပြု၊
ယခုပင်ချမ်းသာ။





အနိုင်ယူလို၊ ကြံရာကို၊
လုပ်ပိုအရှုံးဖြာ။
ရောဂါဘေးဆိုး၊ ကြံရရိုး၊
မှတ်မျိုးအသက်မှာ။
အိမ်ထောင်ဘက်စိုး၊ အားနာကျိုး၊
ဆွေမျိုး ကွေ့ကွင်းတာ။
နှလုံးရောဂါ၊ လိင်ရောဂါ၊ ကြံရာ (၄)ကြွင်းပါ။

(၄)ကြွင်းလျှင်

သတ္တိ၊ ဝိရိယကောင်းတာတွေ၊ စက်ပစ္စည်းတွေ၊ ညီအစ်ကိုမောင်နှမတွေ ကောင်းကျိုးပေးမည်လို့ ဟောပေးရမည်။

ပျင်းရိခြင်း၊ ဥပဒေပြင်ပမှ အလုပ်များ၊ ထင်ပေါ်လိုမှု နှင့် အလုပ်သမား ဒုက္ခပေးမည်လို့ ဟောပေးရမည်။

**(၃၅) မွေးသက္ကရာဇ်အရ တွက်ယူရရှိသော (၅)ကြွင်းအရ ဆောင်ရန်၊ ရှောင် ရန် အဓိကအဟောများကတော့ ....**

(၅)ခုကြွင်းသမားများ (သီးသန့်သမား)

သီးသန့်နေရင်၊ ဆွေမျိုးဒဏ်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးပြန်အိမ်ထောင်ရေး။
အိမ်ဝင်းအတွင်း၊ လုပ်ငန်းခင်း၊
ပျက်ယွင်းအသေချာ။
အတူနေသူ၊ ဆွေမျိုးယူ၊
ဆူပူဒုက္ခပေး။
အကြီးအကဲ၊ ဖခင်လဲ၊
အမြဲရှိသေပါ။
ဘာသာအယူ၊ လွဲမှားသူ၊
မှတ်ယူသတိထား။
အရာရာတွင်၊ စဉ်းစားလျှင်၊
အောင်မြင်မှာမလွဲ။
လျှို့ဝှက်ရှုပ်ထွေး၊ အိမ်ထောင်ရေး၊
ရှောင်ပြေးဝေးဝေးခွာ။
တစ်ကိုယ်ကောင်းဆန်၊ သင့်အကြံ၊
မွဲရန်နည်းလမ်းပဲ။
ဆွေမျိုးညီကို၊ စပ်တူဆို၊
လုပ်ကိုမလုပ်နဲ့။
ဦးခေါင်းနားထင်၊ မျက်စိပင်၊





သိယှဉ် (၅) ကြွင်းသာ။

(၅)ကြွင်းလျှင်

ဉာဏ်ပညာနဲ့ စကားပြောကောင်းတာတွေ၊ ရွှေတွေ၊ သားသမီးတွေကောင်းကျိုးပေးမယ်လို့ ဟောပေးရမည်။

အုပ်ချုပ်ခြင်း၊ ဦးဆောင်ခြင်း၊ အုပ်စုဖွဲ့လိုမှုနှင့် အတူနေမိသားစု ဒုက္ခပေးမည်လို့ ဟောပေးရမည်။

**(၃၆) မွေးသက္ကရာဇ်အရ တွက်ယူရရှိသော (၆)ကြွင်းအရ ဆောင်ရန်၊ ရှောင် ရန် အစီကအဟောများကတော့ ....**

(၆)ခုကြွင်းသမားများ (အကြွားသမား)
ကြွားကြွားဝါဝါ၊ လေထွားပြန်၊
မှတ်ရန်သတိထား။
အပြောကြီးက၊ နှုတ်မရ၊
တွေ့ရန်ခက်ခဲတာ။
ကတိလွယ်လွယ်၊ ရှောင်သင့်တယ်၊
မှတ်ဖွယ်သတိထား။
ငွေကြေးရှုပ်ရှင်း၊ ခပ်ကင်းကင်း၊



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကောင်းပါတယ်။
အားမနာထား၊ ပြတ်ပြတ်သား၊
ပြောငြားဆက်ဆံပါ။
မိတ်ဆွေဆရာ၊ မြတ်ပညာ၊
ယှဉ်ကာလေးစားပါ။
ရှုပ်ရှုပ်ထွေးထွေး၊ အချစ်ရေး၊
ကင်းဝေးနေသင့်တာ။
ကျော်ကြားလွယ်ငြား၊ စိတ်ပျက်ပြား၊
မှတ်သားပျက်စီးရာ။
သွေးလေမမှန်၊ အကြောခံ၊
မှတ်ရန်သတိထား။
အစာအိမ်နှင့်၊ နာရှည်မြင့်၊
ခံလျှင့် (၆) ကြွင်းသာ။

(၆)ကြွင်းလျှင်

ပညာတော်တာတွေ၊ အတွေးအခေါ် ကောင်းတာတွေ၊ မိတ်ဆွေ၊ ဆရာတွေ ကောင်းကျိုးပေးမည်လို့ ဟောပေးရမည်။

**(၃၇) မွေးသက္ကရာဇ်အရ တွက်ယူရရှိသော (၀)ကြွင်းအရ**





**ဆောင်ရန်၊ ရှောင်ရန် အဓိကအဟောများကတော့ ....**

(၀)ခုကြွင်းသမားများ(စိတ်ပြောင်းလွယ်သူ)

စကားကြွားကြွား၊ ပြောတတ်ငြား၊
စိတ်ထားအပြောင်းမြန်။
လွတ်လပ်စိတ်ထား၊ လွန်သနား၊
ကြိုက်ငြားအမြောက်သာ။
တည်ကြည်ခိုင်မြဲ၊ စိတ်ခါတ်ပဲ၊
ကိုင်စွဲထားသင့်တာ။
သူများကိစ္စ၊ ဝေးရာက၊
ရှောင်ကြကင်းကင်းခွာ။
ဆန့်ကျင်ဖက်လိင်၊ ရှောင်သင့်ချိန်၊
မထိန်ရှင်းရှင်းသာ။
အထူးရှောင်ရှား၊ ဂလဲ့စား၊
မှတ်သားသတိပြု။
ဆုံးဖြတ်ချက်မြန်၊ ရှုံးနိမ့်ပြန်၊
သိရန်မြဲမှတ်သား။
သူတပါးတွက်၊ စီးပွားပျက်၊
စိတ်လက်မကြည်သာ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝေဒနာ၊ နာကျင်စွာ၊

ခံရာသုညကြွင်း။

(၀)ကြွင်းလျှင်

ခရီးသွားတာတွေ၊ ဖိမ်ခံပစ္စည်းတွေ၊ မယား၊ အမျိုးသမီးကြီးတွေ ကောင်းကျိုးပေးမည်လို့ ဟောပေးရမည်။

ဒေါသကြီးခြင်း၊ ဖွတ်တရွတ်လုပ်ကိုင်တတ်မှုနှင့် ညီအစ်ကိုမောင်နှမများဒုက္ခပေးမည်လို့ ဟောပေးရမည်။

☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၅)

(၁)ကွက်လပ်ဖြည့်ပါ။

(က) မဟာဘုတ်(၁)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(ခ) မဟာဘုတ်(၂)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(ဂ) မဟာဘုတ်(၃)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(ဃ) မဟာဘုတ်(၄)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(င) မဟာဘုတ်(၅)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(စ) မဟာဘုတ်(၆)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(ဆ) မဟာဘုတ်(၀)ကြွင်းသမားများကို အနှစ်ချုပ်အားဖြင့်--------------ဟုခေါ်ပါတယ်။

(၂)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) မဟာဘုတ်(၁)ကြွင်းသမားများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို သင်သိသလောက် ဟောပြပေးပါ။

(ခ) မဟာဘုတ်(၂)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(ဂ) မဟာဘုတ်(၃)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(ဃ) မဟာဘုတ်(၄)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(င) မဟာဘုတ်(၅)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(စ) မဟာဘုတ်(၆)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(ဆ) မဟာဘုတ်(၀)ကြွင်းသမားများအကြောင်း

ကို သင်သိသလောက် ဟောပြပေးပါ။

(ဇ) မြန်မာသက္ကရာဇ် (၁၃၇၅)ခုနှစ်တွင်မွေးဖွားမည့်ကလေးများအကြောင်းကို စနစ်တကျဟောပြပေးပါ။





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၆)

**မဟာဘုတ်ပညာ အဟော သဘော တရားများ**

သင်သိထားရမှာက မဟာဘုတ်ပညာ အရ အဟောသဘောတရားများ ဖြစ်ပါတယ်။

**(၃၈) တနင်္ဂနွေဂြိုဟ်၏ အနေအထား**

တနင်္ဂနွေနံတွေနဲ့ပတ်သက်တဲ့ အိုးအိမ်၊အလုပ်၊ ပခင်၊ ဦးဆောင်မှု၊ အုပ်ချုပ်မှုတွေဟာ———

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟော



www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရမည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော်စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည်လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချူခြာတတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟော





ပေးရမည်။

**(၃၉) တနင်္လာဂြိုဟ်၏ အနေအထား**

**တနင်္လာနံတွေနဲ့ပတ်သက်တဲ့ ငွေကြေးမဖိခင်၊ ပူးတွဲလုပ်ငန်းတွေ၊ အချစ်ရေးတွေမှာ ——**

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟောပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည် လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချုခြာ တတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟော ပေးရမည်။

**(၃၉) အင်္ဂါဂြိုဟ်၏ အနေအထား**

အင်္ဂါနံတွေနဲ့ပတ်သက်တဲ့ ညီ၊ညီမတွေ၊သတ္တိ၊ **စက်ပစ္စည်းတွေ၊ ဒေါသ၊ စိတ်ပိုင်းဆိုင်ရာတွေ မှာ--------**

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟော ပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရ မည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ် ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေ





ရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင် မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရ မည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရ မည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည် လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချုခြာ တတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟော ပေးရမည်။

**(၄၁) ဗုဒ္ဓဟူးဂြိုဟ်၏ အနေအထား**

**ဗုဒ္ဓဟူးနံတွေနဲ့ပတ်သက်တဲ့ သားသမီးတွေ၊ ဉာဏ်၊ ဆက်သွယ်ရေး၊ ပွဲစားတွေမှာ--------**

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟော



www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရမည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည်လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချူခြာတတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟော





ပေးရမည်။

**(၄၂) ကြာသပတေးဂြိုဟ်၏ အနေအထား**

ကြာသပတေးနံ့တွေနဲ့ပတ်သက်တဲ့ ပညာ၊ မိတ်ဆွေ၊ ဆရာသမား၊ မြေ၊ ဘာသာရေး၊ အပျော်အပါးတွေမှာ——

အထွန်းဖြစ်လျှင် ထင် ထင် ပေါ် ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟောပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည်လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချူခြာတတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟောပေးရမည်။

**(၄၃) သောကြာဂြိုဟ်၏ အနေအထား**

သောကြာနံတွေနဲ့ပတ်သက်တဲ့ မယား၊ အမျိုးသမီးကြီးတွေ၊ ခရီး၊ အလှအပ၊ အစား အသောက်၊ အနုပညာတွေမှာ----------

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်၊ ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟောပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်





ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရမည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည်လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချူခြာတတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟောပေးရမည်။

**(၄၄) စနေဂြိုဟ်၏ အနေအထား**

စနေနံတွေနဲ့ပတ်သက်တဲ့ အလုပ်သမား၊ အဗှုအခင်း၊ ရောဂါ၊ ကြေးမြီ၊ လောဘ၊ ထင်ပေါ်မှု တွေမှာ----

အထွန်းဖြစ်လျှင် ထင်ထင်ပေါ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြွားကြွားဝါဝါနှင့် စပ်စပ်စုစုနေရမည်လို့ ဟောပေးရမည်။

သိုက်ဖြစ်လျှင် စေ့စေ့စပ်စပ်နေတတ်မှု၊ သေသေချာချာလုပ်ကိုင်တတ်မှုနှင့် လွဲမှားစွာ နေရမည်လို့ ဟောပေးရမည်။

ရာဇဖြစ်လျှင် ပရိယာယ်များမှု၊ရှုပ်ရှုပ်ထွေးထွေး လုပ်ကိုင်တတ်မှုနှင့် မလည်မရှုပ်လုပ်နေရမည်လို့ ဟောပေးရမည်။

အဓိပတိဖြစ်လျှင် ကျော်စောလိုမှု၊ ဘဝင်မြင့်မှုနှင့် မာန်မာနဖြင့်နေရမည်လို့ ဟောပေးရမည်။

ဘင်္ဂဖြစ်လျှင် အပြောင်းအလဲလွယ်မှု၊ လှုပ်ရှားတတ်မှု၊ မတည်ငြိမ်မှုနှင့် ပျက်စီးလွယ်ရမည်လို့ ဟောပေးရမည်။

ပုတိဖြစ်လျှင် ဖုံးကွယ်တတ်မှု၊ပျော့ညံ့မှုနှင့် မကျော် စောအောင် လျှို့ဝှက်သိုသိပ်စွာနေရမည်လို့ ဟောပေးရမည်။

မရဏဖြစ်လျှင် ပျော့ညံ့တတ်မှု၊ချုခြာ





တတ်မှုနှင့် သည်းမခံတတ်မှုဖြင့်နေရမည်လို့ ဟောပေးရမည်။

ဒါကတော့မဟာဘုတ်ပညာအရ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ ဟောပြောရမည့် အဟောသဘောတရားများ ဖြစ်ပါတယ်။

## ပြန်လှန်လေ့ကျင့်ခန်း (၆)

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) တနင်္ဂနွေဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။

(ခ) တနင်္လာဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။

(ဂ) အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဗုဒ္ဓဟူးဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။

(င)ကြာသပတေးဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့်ဌာနပရိယာယ်များအရ သင်သိသလောက်ဟောပြပေးပါ။

(စ)သောကြာဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။

(ဆ) စနေဂြိုဟ်၏ ဂြိုဟ်ပရိယာယ်နှင့် ဌာနပရိယာယ်များအရ သင်သိသလောက် ဟောပြပေးပါ။





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၅)

#### ကသစ်အိမ်ရှင်၊ ပက္ခဌာန၊ အထွန်းနှင့် မရဏာများအကြောင်း

သင်သိထားရမှာက မဟာဘုတ်ပညာအရ ကသစ်လို့ခေါ်တဲ့ အိမ်ရှင်ဂြိုဟ်များ၊ ပက္ခရဲ့သဘောတရား၊ အထွန်းရဲ့သဘောတရားနဲ့ မရဏဌာနရဲ့ သဘောတရားများဖြစ်ပါတယ်။

(၄၅) ကသစ်အိမ်ရှင်ဂြိုဟ်အကြောင်း

မဟာဘုတ်လိုပဲ ဘင်အိမ်ကနေစပြီး "လှတောမြို့သား အကြွားဆင့်" လင်္ကာအတိုင်း အစဉ်လိုက် ချရေးသွားရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



| | ဆင့်(၃) | |
|---|---|---|
| မြို့(၇) | သား(၆) | အ(၁) |
| တော(၀) | လှ(၄) | ကြား(၂) |

အခုပုံထဲကအတိုင်း.......

ဘက်အိမ်ရဲ့အိမ်ရှင်ဟာ ဗုဒ္ဓဟူးဂြိုဟ်

မရဏအိမ်ရဲ့အိမ်ရှင်ဟာ စနေဂြိုဟ်

အထွန်းအိမ်ရဲ့အိမ်ရှင်ဟာကြာသပတေးဂြိုဟ်

သိုက်အိမ်ရဲ့အိမ်ရှင်ဟာ သောကြာဂြိုဟ်

ရာဇအိမ်ရဲ့အိမ်ရှင်ဟာ တနင်္ဂနွေဂြိုဟ်

ပုတိအိမ်ရဲ့အိမ်ရှင်ဟာ တနင်္လာဂြိုဟ်

အဓိပတိအိမ်ရဲ့အိမ်ရှင်ဟာ အင်္ဂါဂြိုဟ်ဖြစ်ပါတယ်။

ဒါကြောင့်---------

(၁)ကြွင်းသားသမီးတွေဟာ တနင်္လာဂြိုဟ်ကသစ်ရပါတယ်။

(၂)ကြွင်းသားသမီးတွေဟာ ကသစ်မရပါ။

(၃)ကြွင်းသားသမီးတွေဟာ တနင်္ဂနွေဂြိုဟ်ကသစ်ရပါတယ်။

(၄)ကြွင်းသားသမီးတွေဟာဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်နဲ့ သောကြာ ဂြိုဟ်တို့ကသစ်ရပါတယ်။

(၅)ကြွင်းသားသမီးတွေဟာ ကသစ်မရပါ။





(၆)ကြွင်းသားသမီးတွေဟာအင်္ဂါဂြိုဟ်နဲ့ကြာသပတေးဂြိုဟ် တို့ကသစ်ရပါတယ်။

(၀)ကြွင်းသားသမီးတွေဟာ ကသစ်မရပါ။

(၄၆) ပက္ခဋ္ဌာနများအကြောင်း

ပက္ခဋ္ဌာနနှင့်ပတ်သက်ပြီး

အထွန်းရဲ့ပက္ခဋ္ဌာနဟာ ပုတိဖြစ်ပါတယ်။

သိုက်ရဲ့ပက္ခဋ္ဌာနဟာ ရာဇဖြစ်ပါတယ်။

ရာဇရဲ့ပက္ခဋ္ဌာနဟာ သိုက်ဖြစ်ပါတယ်။

အဓိပတိရဲ့ပက္ခဋ္ဌာနဟာ မရဏဖြစ်ပါတယ်။

ဘင်္ဂရဲ့ပက္ခဋ္ဌာနဟာ ဘင်္ဂဖြစ်ပါတယ်။

ပုတိရဲ့ပက္ခဋ္ဌာနဟာ အထွန်းဖြစ်ပါတယ်။

မရဏရဲ့ပက္ခဋ္ဌာနဟာ အဓိပတိဖြစ်ပါတယ်။

ဒါကြောင့်---------

ဘင်္ဂဖွားတွေဟာ ဘင်္ဂအိမ်ကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

မရဏဖွားတွေဟာ အဓိကတိအိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထွန်းဖွားတွေဟာ ပုတိအိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

သိုက်ဖွားတွေဟာ ရာဇအိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

ရာဇဖွားတွေဟာ သိုက်အိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

ပုတိဖွားတွေဟာ အထွန်းအိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

အဓိကတိဖွားတွေဟာ မရဏအိမ်ကကိစ္စတွေကို စွန့်စားလုပ်မိရင် ပက္ခမိပြီး ဒုက္ခတွေ့ရနိုင်ပါတယ်။

**အထူးသတိထားသင့်ပါတယ်။**

(၄၇) **အထွန်းဂြိုဟ်အကြောင်း**

လူတစ်ယောက်ဟာ မိမိဖွားရာအကြွင်း





အရ အထွန်းဌာနမှာရှိတဲ့ဂြိုဟ်ရဲ့အားကြောင့် ကောင်းသော သဘောတရားတွေအတိုင်း နေထိုင်လိုက်ရင် အောင်မြင်ကြီးမားချမ်းသာရတတ်ပါတယ်။

အထွန်းအိမ်တွင် ကောင်းသောသဘောအဖြစ်ဖြင့်------

♣ တနင်္ဂနွေက

အိုးအိမ်ကောင်းအောင်ပြင်ဆင်နေထိုင်တတ်သူဖြစ်ခြင်း၊

အိမ်ထောင်ရေးကောင်းအောင် နေထိုင်တတ်ခြင်း၊

အုပ်စုပြင့် နေထိုင် တတ်ခြင်း၊

♣ တနင်္လာက

ငွေကြေးကြီးမားရှာဖွေတတ်သူဖြစ်ခြင်း၊

ချစ်သူခင်သူပေါ များအောင် နေထိုင်တတ်ခြင်း၊

စပ်တူလုပ်ငန်းများတွင်ထူးချွန်စွာ လုပ်ကိုင်တတ်ခြင်း၊

♣ အင်္ဂါက

စိတ်ကောင်းစေတနာ ကောင်းရှိသူဖြစ်ခြင်း၊

လုံ့လဝီရိယ ကောင်းပြင့် ကြိုးစားတတ်ခြင်း၊

သတ္တိကောင်းခြင်း၊

♣ ဗုဒ္ဓဟူးက



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာပါးနပ်စွာ ပြောဆိုတတ်သူဖြစ်ခြင်း၊

အဆက်အသွယ် ကောင်းသူဖြစ်ခြင်း၊

သားသမီးကို စနစ်တကျထိန်းကျောင်းတတ်သူ ဖြစ်ခြင်း။

♣ ကြာသပတေးက

ဆင်ဆင်ခြင်ခြင် နေထိုင်တတ်သူဖြစ်ခြင်း၊

ပညာရေး ထူးချွန်သူ ဖြစ်ခြင်း၊

ဘာသာတရားဖြင့် ကျင့်ကြံနေထိုင်တတ်ခြင်း။

♣ သောကြာက

လှလှပပ သန့်သန့်ရှင်းရှင်း နေထိုင်တတ်သူဖြစ်ခြင်း၊

ခရီးကောင်းများသွားလာ တတ်ခြင်း၊

တေးဂီတ ကိုသတိဖြင့် ထိန်းသိမ်း နေထိုင်တတ်ခြင်း။

♣ စနေက

မာန်မာနကင်းကင်းဖြင့် နေထိုင်တတ်သူဖြစ်ခြင်း၊

ဘာသာရေး ခွဲခြားတတ်သူ မဟုတ်ခြင်း၊

နိုင်ငံရပ်ခြားသို့ ခွန်စားကြိုးစား လုပ်ကိုင်တတ်သူများ ဖြစ်ပါက အောင်မြင်ချမ်းသာမယ့် သူများဖြစ် ပါတယ်။

အထွန်းအိမ်တွင် မကောင်းသောသဘော အဖြစ်ဖြင့်———

♠ တနင်္ဂနွေက





အိုးအိမ်ကို မပြုမပြင် ဖြစ်သလို နေထိုင်တတ်သူဖြစ်ခြင်း၊

အိမ်ထောင်ရေးဟောက်ပြန်တတ်သူ ဖြစ်ခြင်း၊

တစ်ဦးတည်း နေထိုင် တတ်ခြင်း။

♣ တနင်္လာက

ငွေကြေးအသုံးကြမ်းသူ ဖြစ်ခြင်း၊

အကြွားသန်သူ ဖြစ်ခြင်း၊

စပ်တူတွဲဘက်လုပ်ငန်းများ မလုပ်ကိုင်တတ်သူ ဖြစ်ခြင်း။

♣ အင်္ဂါက

စိတ်ကောင်းစေတနာ ကောင်းမရှိသူဖြစ်ခြင်း၊

လုံ့လဝီရိယ အားနည်းခြင်း၊

သူရဲဘောကြောင်သူ ဖြစ်ခြင်း၊

♣ ဗုဒ္ဓဟူးက

စကားအပြောအဆို မတတ်သူဖြစ်ခြင်း၊

လူမှုရေးအားနည်း သူဖြစ်ခြင်း၊

သားသမီးကို အလိုလိုက်လွန်းသူ ဖြစ်ခြင်း၊

♣ ကြာသပတေးက

ပညာမာန်မာနထားသူ ဖြစ်ခြင်း၊

ပညာရေးမကြိုးစားသူဖြစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရားအားနည်းသူ ဖြစ်ခြင်း။

♣ သောကြာက

ညစ်ညစ်ပေပေနေထိုင်တတ်သူဖြစ်ခြင်း၊

အကြောင်းမဲ့ ခရီးအသွားအလာ များနေတတ်ခြင်း၊

တဏှာ လွန်ကဲသူ ဖြစ်နေခြင်း၊

♣ စနေက

ဂုဏ်မက်သူဖြစ်ခြင်း၊

ဘာသာရေး ခွဲခြားတတ်သူများဖြစ်ခြင်း၊

နိုင်ငံခြားကို အထင်အမြင်သေးသူများ ဖြစ်ပါက ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ရမယ့် သူများဖြစ်ပါတယ်၊

ဒါဟာအထွန်းဂြိုဟ်အလိုက်နေထိုင်ရမယ့်သဘောထားတွေပဲ ဖြစ်ပါတယ်။ အဲဒီအထွန်းဌာနသဘောတရားအတိုင်း မနေရင်တော့ အောက်က မရဏဌာနအားတွေ ရောက်လာပြီး အဆိုးတွေနဲ့ ရင်ဆိုင်ရတတ်ပါ တယ်။

(၄၈) မရဏဂြိုဟ်အကြောင်း

လူတစ်ယောက်ဟာ မိမိဖွားရာအကြွင်းအရ မရဏဌာနမှာရှိတဲ့ ဂြိုဟ်ရဲ့အားတွေကို





ဆင်ခြင်ပြီး ကောင်းသောသဘောနဲ့နေထိုင်လိုက်ရင် ကောင်းကျိုးတွေရရှိမှာဖြစ်ပြီး မကောင်းသောသဘောတရားတွေအတိုင်း နေထိုင်လိုက်ရင် ဆင်းရဲဒုက္ခရောက်ရတတ်ပါတယ်။

မရဏအိမ်တွင် ကောင်းသောသဘော အဖြစ် ဖြင့်--------

♣ တနင်္ဂနွေက

အိုးအိမ်၊ အုပ်စုအတွင်း အဆင်ပြေအောင် နေထိုင်ခြင်း၊

အိမ်ထောင်ရေးအဆင်ပြေအောင် နေထိုင်ခြင်း၊

ဖခင်ကို ဂရုစိုက်နေထိုင်တတ်ခြင်း၊

♣ တနင်္လာက

ငွေကြေးစနစ်တကျ သုံးတတ်သူဖြစ်ခြင်း၊

အချစ်ရေးမရှုပ် ထွေးအောင် နေထိုင်တတ်ခြင်း၊

မိခင်ကိုဂရုစိုက် နေထိုင်တတ်ခြင်း၊

♣ အင်္ဂါက

စိတ်ပျော်ရွှင်အောင် နေတတ်သူဖြစ်ခြင်း၊

ညီအစ်ကိုမောင်နှမ များကို ဂရုစိုက်နေထိုင်တတ်ခြင်း၊

♣ ဗုဒ္ဓဟူးက

အဆင်ပြေအောင် ပြောဆိုဆက်ဆံတတ်သူ ဖြစ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများကို ဂရုစိုက်နေထိုင်တတ်ခြင်း။

♣ ကြာသပတေးက

သတိဖြင့် နေထိုင်တတ်သူဖြစ်ခြင်း၊

မိတ်ဆွေ၊ ဆရာသမားများကို ဂရုစိုက်နေထိုင်တတ်သူ ဖြစ်ခြင်း။

♣ သောကြာက

မင်္ဂလာ အခမ်းအနားများကို သွားလာတတ်သူ ဖြစ်ခြင်း၊

စနိုးမယား၊ ကြီးကဲသူအမျိုးသမီးများကို ဂရုစိုက် နေထိုင်တတ်ခြင်း။

♣ စနေက

ထီးပေါက်တတ်သူဖြစ်ခြင်း၊

ဘာသာ ရေးလိုက်စားတတ်သူဖြစ်ခြင်း၊

အဓိဋ္ဌာန်ဝင်တတ်သူများ ဖြစ်ပါက အောင်မြင် ချမ်းသာ မယ့် သူများ ဖြစ်ပါတယ်။

မရဏအိမ်တွင် မကောင်းသောသဘောအဖြစ် ဖြင့်——

♣ တနင်္လာက

အတ္တကြီးသူဖြစ်ခြင်း၊

ဩဇာအာဏာ ပြတတ်သူ ဖြစ်ခြင်း၊





ဖခင်နှင့်အဆင်မပြေသူ ဖြစ်ခြင်း။

♣ တနင်္လာက

ငွေကြေးအသုံးကြမ်းသူ ဖြစ်ခြင်း၊

အကြွား သန်သူ ဖြစ်ခြင်း၊

မိခင်နှင့်အဆင်မပြေသူ ဖြစ်ခြင်း။

♣ အင်္ဂါက

စိတ်တိုဒေါသကြီးသူဖြစ်ခြင်း၊

လုံ့လဝီရိယအားနည်းခြင်း၊

ညီအစ်ကိုမောင်နှမများနှင့်အဆင်မပြေသူ ဖြစ်ခြင်း။

♣ ဗုဒ္ဓဟူးက

လိမ်ညာ ပြောတတ်သူ ဖြစ်ခြင်း၊

လူမှုရေးအားနည်းသူဖြစ်ခြင်း၊

သားသမီးနှင့် အဆင်မပြေသူ ဖြစ်ခြင်း။

♣ ကြာသပတေးက

ပညာမာန်မာနထားသူဖြစ်ခြင်း၊

အပျော် အပါးမက်မောသူ ဖြစ်ခြင်း၊

မိတ်ဆွေ၊ ဆရာသမားများနှင့် အဆင်မပြေသူ ဖြစ်ခြင်း။

♣ သောကြာက



www.burmeseclassic.com

www.burmeseclassic.com



ကာ မဂုဏ်လိုက်စားသူ ဖြစ်ခြင်း၊

အသောက် အစားများနေသူ ဖြစ်ခြင်း၊

အလှအပကို လွန်ကဲသူဖြစ် နေခြင်း၊

♣ စနေက

ကောက်ကျစ်သူဖြစ်ခြင်း၊

အမှောင်ကို ကြိုက်တတ်သူများ၊

အရှုပ်အရှင်းကိစ္စလုပ်တတ်သူများဖြစ်ပါက ဆင်းရဲအကျွမ်းစုံ ကြုံတွေ့ရမည့်သူများ ဖြစ်ပါတယ်၊

☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၇)

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) ကသစ်အိမ်ရှင်များအကြောင်း သင်သိသလောက် ဟောပြပေးပါ။

(ခ) ပက္ခဂြိုဟ်များအကြောင်း သင်သိသလောက် ဟောပြပေးပါ။

(ဂ) အထွန်းဌာနအရ အကောင်းဉာဉ်သဘောတရားကို ဟောပြပေးပါ။

(ဃ) အထွန်းဌာနအရ အဆိုးဉာဉ်သဘောတရားကို ဟောပြပေးပါ။

(င) မရဏဌာနအရ အကောင်းဉာဉ်သဘောတရားကို ဟောပြပေးပါ။

(စ) မရဏဌာနအရ အဆိုးဉာဉ်သဘောတရားကို ဟောပြပေးပါ။

☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

## သင်ခန်းစာ (၈)

### ဂြိုဟ်၊ ဆယ့်နှစ်ရာသီနှင့် အင်္ဂလိပ်စာတိုင်းသဘောတရားများ

ဂြိုဟ်တို့၏သဘောတရား၊ အင်္ဂလိပ်စာတိုင်တို့၏သဘောထားများကို သိထားရမှာဖြစ်ပါသည်။

**(၄၉) ကျားဂြိုဟ်၊ မဂြိုဟ်များအကြောင်း**

**အောင်ဆုလည်းပွား၊ ဂြိုဟ်ယောကျ်ား**
**ချီသွားထိန်းရ၊ ဂြိုဟ်မိန်းမ။**

တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး ဂြိုဟ်တို့သည် ယောကျ်ားကလေးကို ညွှန်ပြပေးသည်။

တနင်္လာ၊ သောကြာ၊ စနေ၊ ရာဟုဂြိုဟ်တို့သည် မိန်းကလေးကို ညွှန်ပြပေးသည်။





**(၅၀) အရှင်ဂြိုဟ်၊ ကျွန်ဂြိုဟ်များအကြောင်း**

**အစနှံ့ရောင်း၊ ကျွန်ဂြိုဟ်ပေါင်း။**
**ကြိုင်လျှောင်မြဲသို၊ အရှင်ဂြိုဟ်။**

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု ဂြိုဟ်တို့သည် ငယ်ရွယ်သူ၊ လူငယ်၊ ဂုဏ်ရည်နိမ့်ပါးသည့်သူကို ညွှန်ပြပေးသည်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာဂြိုဟ်တို့သည် ကြီးကဲသူ၊ လူကြီး၊ ဂုဏ်ရည် မြင့်မားသည့်ကို ညွှန်ပြပေးသည်။

**(၅၁) လက်ယာဂြိုဟ်၊ လက်ဝဲဂြိုဟ်များအကြောင်း**

**အောင်ထွန်းစံရာ၊ ဂြိုဟ်လက်ယာ**
**ကေလာပြသာဒ်၊ လက်ဝဲမှတ်။**

တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဂြိုဟ်တို့သည် လက်ယာဘက်ကို ညွှန်ပြပေးသည်။

တနင်္လာ၊ဗုဒ္ဓဟူး၊ကြာသပတေး၊သောကြာဂြိုဟ်တို့သည် လက်ဝဲဘက်ကို ညွှန်ပြပေးသည်။

**(၅၂) ယာယီဂြိုဟ်၊ နဂိုဂြိုဟ်များအကြောင်း**



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါလက်မျှ၊ နဂိုပ

ချွေဆွတ်သိမ်းယူ၊ ယာယီဟူ။

တနင်္ဂနွေ၊ စနေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး ဂြိုဟ်တို့သည် အတူနေသူ၊ ရင်းနှီးသူကို ညွှန်ပြပေးသည်။

တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ ရာဟုဂြိုဟ်တို့သည် အပြင်လူ၊ လူစိမ်းကို ညွှန်ပြပေးသည်။

**(၅၃) ဆပွတ်လက်ာ အကြောင်း**

သူ့ကိုနိုင်လို၊ ဆကိုခို

လိုရာဆေးပေါ် သုံး။

ဂြိုဟ်တစ်လုံး(နေ့နံတစ်ခု)မှ နောက်(၆)ခုမြောက်ကိုသာ ရေတွက်သွားရင်. . . .

**တနင်္ဂနွေ(သူရဇ္ဇ)၊**

**သောကြာ (သောကြ)၊**

**ဗုဒ္ဓဟူး(ဗုဒ္ဓ)၊**

**တနင်္လာ (စန္ဒြေ )၊**

**စနေ(သောရိ)၊**

**ကြာသပတေး(ဂုရု)၊**





**အင်္ဂါ(ဘောမ)၊**

**တနင်္ဂနွေ (သူရဇ္ဇ)** ဟု အစဉ်လိုက်ရပေလိမ့်မည်။

**(၅၄) အင်္ဂဝိဇ္ဇာ တိုင်းထွာပုံအကြောင်း**

သူရဇ္ဇနှင့်၊ သောကြထက်အောက်

ခရေးစောက်၊ ထက်အောက်မှန်မှန်သွား။

ရောက်လာသောအချိန်အခါကိုဖြစ်စေ၊ နေ့နံသားကိုဖြစ်စေ အလယ်အခြာတွင်ထားကာ ဆပွတ်လင်္ကာအတိုင်း အထက်သို့တစ်လုံး၊ အောက်သို့တစ်လုံး၊ အထက်သို့တစ်လုံး၊ အောက်သို့တစ်လုံး၊ အထက်သို့တစ်လုံး၊ အောက်သို့တစ်လုံးဟု အစဉ်လိုက် ချသွားရမည်။

| | | |
|---|---|---|
| ဂုရု | ၅ | ပဥ္စပွတ်(နဝင်း)နေရာ |
| စန္ဒြေ | ၂ | အညွှန့်(စီးပွါး)နေရာ |
| သောကြ | ၆ | ဆပွတ်(စုတ်)နေရာ |
| သူရဇ္ဇ | ၁ | အလယ်အခြာနေရာ |
| ဗုဒ္ဓ | ၄ | စတုရန်း(နာ)နေရာ |
| သောရိ | ၀ | အမြစ်(ခိုက်)နေရာ |
| ဘောမ | ၃ | တြိရန်း(ပျက်)နေရာ |



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂဝိဇ္ဇာတိုင်နှင့်နေရာအမည်များ

မြင့်လိုက်၊ နိမ့်လိုက် လောကဓံသဘော အတိုင်း ချသွားရခြင်းဖြစ်ပေသည်။

(၅၄) **အင်္ဂဝိဇ္ဇာတိုင်၏ နေရာအလိုက်အဓိပ္ပါယ်အကြောင်း**

နဝင်းဟူက၊ အောင်မြင်ကြ
လုပ်ရတိုက်ဆိုင်၊ ဆင်ပြေနိုင်။
နေပိုင်အညွန့်၊ စီးပွားတွန့်
မစွန့်လောဘ၊ ကြီးမားစွ။
စုတ်ကညွန်ပေး၊ အိမ်ထောင်ရေး
ပုံးပေးပွက်ရာ၊ သိထားပါ။
သေချာမူလ၊ ခိုင်မာပြ
မှတ်ကြစက်ခဲ၊ အားနည်းမြဲ။
နာပဲချုပြော၊ ဆင်းရဲတာ
နစ်နာဆုံးရှုံး၊ သိစေအုန်း။
စိုက်တုန်းချုပ်နှောင်၊ သေဆုံးအောင်
ချုပ်ထောင်စက်ခဲ၊ တွေ့ရမြဲ။
ပျက်ထဲစွန့်ခွါ၊ လေလွင့်ကာ
ပြောင်းတာမတည်ငြိမ်၊ သိဉာဏ်အိမ်။

♠ ဟန်သာဆုစာပေ ♠



နဝင်းနေရာသည်. . .

♠ အကြောင်းတိုက်ဆိုင်ကာ အောင်မြင်နေခြင်း၊
♠ လုပ်သမျှ အဆင်ပြေနေခြင်း၊
♠ အကြောင်းတိုက်ဆိုင်ကာ အကူအညီကောင်း များ ရရှိခြင်း၊

အညွန့်နေရာသည်. . .

♠ ကြိုးစားသလောက်သာ အောင်မြင်နေခြင်း၊
♠ စီးပွားရေးလုပ်ငန်းများ ပါနေတတ်ခြင်း၊
♠ လောဘကြီးနေတတ်ခြင်း၊

စုတ်နေရာသည်. . .

♠ ကာမဂုဏ်အရှုပ်အရှင်းကင်းမှသာ အောင်မြင် နေခြင်း၊
♠ အိမ်ထောင်ရေးရှုပ်ထွေးရတတ်ခြင်း၊
♠ လျှို့ဝှက်သော နေရာဖြစ်ခြင်း၊

မူလနေရာသည်. . .

♠ ပြောင်းလဲရန် ခက်ခဲနေပြီး ခိုင်မာနေခြင်း၊
♠ အခက်အခဲဖြစ်နေတတ်ခြင်း၊
♠ လက်ရှိအခြေအနေနှင့်ရပ်တည်ရန် အားနည်း

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

နေခြင်း၊

နာနေရာသည်. . .

♠ ကျန်းမာရေးညံ့နေတတ်ခြင်း၊

♠ လူလိမ်ခံရတတ်ခြင်း၊

♠ ဆုံးရှုံး နစ်နာနေရတတ်ခြင်း၊

ခိုက်နေရာသည်. . .

♠ ဘေးဥပါဒ်ကြုံရတတ်ခြင်း၊

♠ ထောင်၊ အချုပ်အနှောင်ခံရတတ်ခြင်း၊

♠ မမျှော်လင့်ဘဲ သေဆုံးရတတ်ခြင်း၊

ပျက်နေရာသည်. . .

♠ ပျက်စီးဆုံးရှုံးရတတ်ခြင်း၊

♠ မတည်မငြိမ်ဖြစ်ရကာ ပြောင်းရွှေ့ရတတ်ခြင်း၊

♠ စိတ်လေလွင့်နေမိတတ်ခြင်းများ ဖြစ်နေရတတ်ပါသည်။





## ပြန်လှန်လေ့ကျင့်ခန်း (၈)

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) ကျားဂြိုဟ်၊ မဂြိုဟ်များအကြောင်း ရှင်းပြပေးပါ။

(ခ) အရှင်ဂြိုဟ်၊ ကျွန်ဂြိုဟ်များအကြောင်း ရှင်းပြပေးပါ။

(ဂ) လက်ယာဂြိုဟ်၊ လက်ဝဲဂြိုဟ်များအကြောင်း ရှင်းပြပေးပါ။

(ဃ) ယာယီဂြိုဟ်၊ နဂိုဂြိုဟ်များအကြောင်း ရှင်းပြပေးပါ။

(င) ဆပွတ်လက်ာအကြောင်း ရှင်းပြပေးပါ။

(စ) အင်္ဂဝိဇ္ဇာတိုင်ထူပုံအကြောင်း ရှင်းပြပေးပါ။

(ဆ) အင်္ဂဝိဇ္ဇာတိုင်နေရာအလိုက် အဟောများအကြောင်း ရှင်းပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

## သင်ခန်းစာ (၉)

### အခါတိုင်းနှင့် အခါယှဉ်ပုံသဘော တရားများ

ဗေဒင်လာမေးသူ၏ ရောက်သက်အရဖြစ်စေ၊ ရောက်လာသောအချိန်အရဖြစ်စေ အင်္ဂဝိဇ္ဇာတိုင်တို့၏သဘောတရားနှင့် အခါပိုင်းပုံသဘောထားများကို သိထားရမှာ ဖြစ်ပါတယ်။

**(၅၆) အသက်မှ တွက်ယူရသော အခါတိုင်အကြောင်း**

**အသက်တည်ထား၊ သတ်နှင့်စားမှ**

**ကြွင်းကြားမှန်လှ၊ သူ့ရှေ့နှင့်**

**သောကြာဗုဒ္ဓ၊ တိုင်ခေါက်ချ၍**

**ကုသဆေးဝါး၊ ခါတ်သွားအစာ**

**ပေးကြရာသည်။**

အသက်ကိုတည်ပြီး(၇)ဖြင့်စားကာရရှိ





လာသောအကြွင်းအရဟောပြောခြင်းသည်ဆေးဝါးကုသရာတွင်လည်းကောင်း၊ဓါတ်စာပေးရာတွင်လည်းကောင်းအသုံးပြုရန်ဟုဆိုထားပေသည်။

**(၅၇) ရောက်လာ ချိန်မှ တွက်ယူရသော အခါတိုင်အကြောင်း**

**ကာလချိန်စစ်၊ တိုင်သနစ်ကား**

**ပြန်ပျက်သမျှ၊ ပျောက်ရှာဥစ္စာ**

**ရရာသမှု၊ ဆေးကုယတြာ**

**အခါစစ်ပြိုင်၊ ရှုံးနိုင်တာဝ**

**တိုင်မူလဟု၊ နာမထင်ရှား**

**မှတ်သားရာသည်။**

ရောက်ရှိလာသောအခါတိုင်အရ ဟောပြောခြင်းသည် ဖြစ်ဖြစ်သမျှ အကြောင်းအရာများကိုသော်လည်းကောင်း၊ဥစ္စာပျောက်ကိုသော်လည်းကောင်း၊ စစ်ထိုးစစ်ပြိုင်ရာတွင်သော်လည်းကောင်း၊ ဆေးကုသရာတွင်သော်လည်းကောင်း၊ ယတြာအစီအရင်များ ပြုလုပ်ရာတွင်သော်လည်းကောင်း အသုံးပြုရန်ဟု ဆိုထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**(၅၈) အင်္ဂဝိဇ္ဇာ အခါပိုင်းခြားပုံအကြောင်း**

အင်္ဂဝိဇ္ဇာအခါပိုင်းနည်း အမျိုးမျိုးရှိသည့်အနက် အသုံးပြုရမည့် အခါယူနည်း(၃)နည်းကို တင်ပြပေးလိုက်ပါသည်။

**(က) နေထွက်ခြောက်မှ၊ မှတ်ကြနေဝင်**
**တစ်နာရီခွဲ၊ ယူမြဲအခါပင်**
**ဤနည်းကိုပဲ၊ မှတ်စွဲစေချင်**
**ခါရှစ်ပါး၊ ပိုင်းခြားသုံးဖို့ပင်။**

ဗေဒင်မေးသူရောက်လာသော နေ့ရက်အရ ရောက်ရှိလာသော အချိန်ကို အခါပိုင်းယူပုံမှာ အောက်ပါစနစ်အတိုင်း ဖြစ်ပေသည်။

နေထွက်နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိ(၁၂)နာရီကို တစ်နာရီခွဲဖြင့် အခါ(၈)ကြိမ်ပိုင်းကာ နေ့သခင်က ပထမစယူကာ နေ့သခင်ကပင် အဆုံးဖြစ်သော အခါယူနည်းဖြစ်ပေသည်။ ဤကဲ့သို့ပင် ညနေ(၆)နာရီမှ နောက်နေ့နံနက်(၆)နာရီကို အခါ(၈)ပိုင်းယူရပေမည်။

(ယခုအင်္ဂဝိဇ္ဇာတိုင်အဟောတွင် ဤနည်း





ကိုသာ သုံးမည်ဖြစ်ပေသည်။)

| | ၁နွေ | ၂လာ | ၃ဂါ | ၄ဟူး | ၅တေး | ၆ကြာ | ၀နေ |
|---|---|---|---|---|---|---|---|
| ၆း၀၀မှ ၇း၃၀ | 1 | 2 | 3 | 4 | 5 | 6 | 0 |
| ၇း၃၀မှ ၉း၀၀ | 6 | 0 | 1 | 2 | 3 | 4 | 5 |
| ၉း၀၀မှ ၁၀း၃၀ | 4 | 5 | 6 | 0 | 1 | 2 | 3 |
| ၁၀း၃၀မှ ၁၂း၀၀ | 2 | 3 | 4 | 5 | 6 | 0 | 1 |
| ၁၂း၀၀မှ ၁း၃၀ | 0 | 1 | 2 | 3 | 4 | 5 | 6 |
| ၁း၃၀မှ ၃း၀၀ | 5 | 6 | 0 | 1 | 2 | 3 | 4 |
| ၃း၀၀မှ ၄း၃၀ | 3 | 4 | 5 | 6 | 0 | 1 | 2 |
| ၄း၃၀မှ ၆း၀၀ | 1 | 2 | 3 | 4 | 5 | 6 | 0 |



www.burmeseclassic.com

www.burmeseclassic.com



(ခ) ဤနေ့သန်းခေါင်၊နောက်သန်းခေါင်ထိ
သိအောင်ပိုင်းမည်၊ တစ်နာရီဖြင့်
မှတ်ပြီးချင့်တွေး၊ နှစ်ဆယ့်လေးကြိမ်
ထပ်ရေးမရှိ၊ ပိုင်းခြားဘိပင်
သိရှိမှတ်ငြား၊ နေ့နံ့သားက
ရထားအစ၊ ဆပ္ပတ်ချ။

ညသန်းခေါင် နံနက်(၀)နာရီမှ ညသန်းခေါင်(၁၂)နာရီအထိ (၂၄)နာရီကို တစ်နာရီစီဖြင့် အခါ(၂၄)ကြိမ်ပိုင်းကာ နေ့သခင်က ပထမစယူရသော အခါယူနည်း ဖြစ်ပေသည်။

(ဤအခါယူနည်းမှာ အင်္ဂဝိဇ္ဇာမဟာကာလကြီးဗေဒင် အဟောပညာရပ်အတွက် အခါယူနည်း ဖြစ်ပေသည်။ နက္ခတ်ဗေဒင်ပညာရပ်အရ သီရိတိတွက်နည်းတွင် ဟောရာပတိဗလယူနည်းအတိုင်းဖြစ်ကာ အခါထပ်ခြင်းမရှိသော အခါယူနည်း ဖြစ်ပေသည်။)





## ပြန်လှန်လေ့ကျင့်ခန်း (၉)

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) အသက်မှတွက်ယူရသောအခါတိုင် အကြောင်း ရှင်းပြပေးပါ။

(ခ) ရောက်လာချိန်မှတွက်ယူရသောအခါတိုင် အကြောင်း ရှင်းပြပေးပါ။

(ဂ) အင်္ဂဝိဇ္ဇာ အခါပိုင်းပုံအကြောင်း ရှင်းပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၁၀)

### အရပ်ဒေသများအကြောင်းလေ့လာခြင်း

(၄၉) အဋ္ဌလက်ခွင်ကို ပြသခြင်းအကြောင်း

အင်္ဂါစေဝ၊ မမွှရုံသိ
လက်ယာပတ်ပြ၊ ရှေ့မြောက်ကသည်
အဋ္ဌလက်မှ၊ ပေါ်ပြနေပြီ
မှတ်သားအမြဲ၊ ဘုရားထဲမှာတည်။

အဋ္ဌလက်ခွင်ဆိုသည်မှာ ဘုရားများတွင် တည်ထားသည့်အတိုင်း အရှေ့မြောက်ထောင့်အ





ရပ်မှစကာ " အင်္ဂါစေဝ၊ မမွှရုံသိ " ဟု လက်ယာရစ်ချသွားရမည်။ ဂြိုဟ်တို့၏တည်နေရာအရပ်ဖြစ်ပေသည်။

အင်္ဂါစေဝ၊ ဓါတ်ဖိုပြ
မမွှရုံသိ၊ ဓါတ်မမည်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနှင့် ဗုဒ္ဓဟူးတို့သည် ဓါတ်ဖိုများဖြစ်ပြီး စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာတို့သည် ဓါတ်မများဟုသတ်မှတ်ထားပေသည်။

| | | |
|---|---|---|
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ |

အဋ္ဌလက်ခွင်

(၅၀) စိုးမိုးရာ အရပ်ကို ပြသခြင်းအကြောင်း

အသင့်စီရင်၊ တစ်ခွင်လုံးမှောင်
အရှေ့ရပ်က၊ လက်ယာချပါ
ဂြိုဟ်စားသက်ရောက်၊ ပြုလောက်ယကြာ
မှတ်သားကြ၊ သိမှတ်စေဖို့ရာ။



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးရာအရပ်မှာ အရှေ့အရပ်မှစကာ " အသင့်စီရင်၊ တစ်ခွင်လုံးမှောင် " ဟု လက်ယာရစ်ချသွားရမည်။ စိုးမိုးရာအရပ်ကို ဂြိုဟ်စား၊ သက်ရောက်အရ ယတြာပြုလုပ်ရာတွင် သုံးသည်။

| | | |
|---|---|---|
| ၅ | ၁ | ၆ |
| ၄ | | ၃ |
| ၂ | ၀ | ၈ |

စိုးမိုးရာအရပ်

(၆၁) **မူလအရပ်ကို ပြသခြင်းအကြောင်း**

**အင်းဝရှင်ကြီး၊ ထန်းသီးစုတ်ပတ်**

**အနောက်မြောက်က၊ ဓါတ်ရောက်စေရာ**

**ယတြာပြုကြ၊ အသုံးရစေရာ။**

မူလအရပ်မှာ အနောက်မြောက်အရပ်မှစကာ " အင်းဝရှင်ကြီး ထန်းသီးစုတ်ဖတ် " ဟု လက်ယာရစ်ချသွားရမည်။ ဓါတ်ရိုက်ဓါတ်ဆင် ယတြာပြုလုပ်ရာတွင် ထိုနေ့သားအတွက် ထွက်စေ၊ ပြေးစေ၊ လာစေရာကို မူလအရပ်တွင် သုံးသည်။





| | | |
|---|---|---|
| ၈ | ၂ | ၀ |
| ၄ | | ၆ |
| ၁ | ၅ | ၃ |

မူလအရပ်

**ပြေးထွက်လာကြောင်း၊ယတြာကောင်း**

**မှတ်လောင်းမူလ၊ ဓါတ်ဆင်ကြ**

**အောင်ရမြဲအမှန်။**

♠မူလအရပ်တွင် နေအိမ်ဆောက်လုပ်ရမည်။

♠မူလအရပ်တွင် လယ်ယာဥယျာဉ်များပြုလုပ်ရမည်။

♠မူလအရပ်တွင် အမြိုတ္တာစုတ်ရက်၍ တည်မြဲသော ဘုရား၊ ကျောင်းတို့ တည်ထားရမည်။

♠မူလအရပ်တွင် သပြေပင် စိုက်ပျိုးရမည်။

♠မူလအရပ်တွင် ရေတွင်း၊ ရေကန်မတူးပါနှင့်။

♠မူလအရပ်တွင် ရှိသောသစ်ပင်များကို မခုတ်ဖြတ်ကောင်းပါ။

♠မူလအရပ်တွင်မိမိမွေးနံ့သစ်ပင်များမစိုက်ပါနှင့်။

(၆၂) **လာဘ်နေကို ပြသခြင်းအကြောင်း**



www.burmeseclassic.com

www.burmeseclassic.com



ဦးသာလှရွာ၊ နှစ်ကြာစည်ပင်
ရှေ့မြောက်ခွင်က၊ ရေချင်လက်ဝဲ
လာဘ်နေမြဲ။

လာဘ်နေအရပ်မှာအရှေ့မြောက်ထောင့်အရပ်မှစကာ " ဦးသာလှရွာ နှစ်ကြာစည်ပင် " ဟု လက်ဝဲရစ်ချသွားရမည်။

**လာဘ်လာဘဆိုင်ရာ အစီအရင်များ၊ လာဘ်လာဘရရန် ဂါထာ မန္တာန်များ၊ ရွတ်ဖတ်ခြင်းများ၊ လာဘ်လာဘအတွက် ခရီးထွက်ရခြင်းများ ပြုလုပ်ရပါက လာဘ်နေအရပ်ကို မျက်နှာမူ ဦးတည် ခရီးထွက်ရပါမည်၊**

လာဘ်နေကိုမျက်နှာပြု၊
ဆောင်ယခုမကြာ၊
အောင်မြင်မှုသေချာမယ်။

(၆၃) **နတ်နေကို ပြသခြင်းအကြောင်း**

အုန်းသီးဆက်လာ၊ တောင်ကရွာမှာ
နောက်တောင်ညာက၊လက်ယာလှည့်တွဲ
နတ်နေပဲ။

နတ်နေအရပ်မှာ အနောက်တောင်အရပ်





မှစကာ " အုန်းသီးဆက်လာ တောင်က လာမှာ " ဟု လက်ယာရစ်ချသွားရမည်။

**နတ်နေမျက်နှာမူ ဦးတည်ခရီးထွက်ပါက ဘေးဥပါဒ်ကြုံရတတ်သည်၊ နောက်ကျောပြုကာ ထွက်ရမည်၊ နတ်နှင့်ပတ်သက်သော အစီအရင်များကို ထိုနတ်နေအရပ်တွင် ပြုလုပ်ရမည်၊**

နတ်နေဒေသာ၊ ရှောင်မကြာ
ဘေးကွာကွင်းစေကြောင်း

| | | |
|---|---|---|
| ၀ | ၂ | ၈ |
| ၄ | | ၅ |
| ၃ | ၆ | ၁ |

နတ်နေအရပ်များ

(၆၄) **စက်နေကို ပြသခြင်းအကြောင်း**

စလင်းမြို့သာ၊ ကျောင်းတည်ရာ၏
ရေပါနေရပ်၊ ရှေ့မြောက်ပတ်က
သိအပ်လက်ယာ၊ စက်နေပါ။

စက်နေအရပ်မှာ အရှေ့မြောက်အရပ်မှစကာ "စလင်းမြို့သာ၊ ကျောင်းတည်ရာ၏ " ဟု လက်ဝဲရစ်ချသွားရမည်။



www.burmeseclassic.com

www.burmeseclassic.com



**စက်နေအရပ်ကိုမျက်နှာမူ ဦးတည်ခရီးထွက်ပါက ဘေးဥပါဒ်ကြုံ ရတတ်သည်၊ ကျန်းမာရေး ညံ့တတ်သည်၊**

| | | |
|---|---|---|
| ၃ | ၄ | ၅ |
| ၁ | | ၆ |
| ၈ | ၀ | ၂ |

စက်နေအရပ်များ

**လာဘ်နေ၊ နတ်နေ၊ စက်နေ တို့ကို လာဘ်ဖြင့်ပြသခြင်း**

မှတ်ကြအများ၊ မျိုးလေးပါးတို့
နေ့ကားတနင်္ဂနွေ၊လာဘ်နေရှေ့မြောက်
စက်ကားမြောက်တည့်၊နတ်ရောက်နောက်တောင်
အများရှောက်ရှင့်၊ထို့နောက်တနင်္လာ
လာဘ်မှာတောင်ခွင်၊စက်လျှင်နောက်တောင်
နတ်ရှောင်အရှေ့၊ဘေးနှင့်တွေ့အံ့
မှတ်လေအင်္ဂါ၊လာဘ်ရှာရှေ့တောင်
စက်ဆောက်ရှေ့မြောက်၊နတ်နောက်မြောက်တည့်
ထိုနောက်ဗုဒ္ဓါ၊နောက်မြောက်မှာလာဘ်
ရှေ့ရပ်စက်နေ၊နတ်နေမြောက်ပါး
ရှောင်လေရှားလော့၊ရက်ကားကြာသပတေး





လာဘ်ပေးအရှေ့၊စက်တွေ့ရှေ့တောင်
နတ်နေတောင်တည့်၊ထို့နောက်သောကြာ
မြောက်မှာလာဘ်ပင်၊တောင်ခွင်စက်ရောက်
နတ်အနောက်တည့်၊ထွန်းတောက်စနေ
လာဘ်ပေနောက်တောင်၊စက်အနောက်တည့်
ရှေ့မြောက်ဒိသာ၊ နတ်တည်ရာသည်
နှောင်လာနှောင်သား မှတ်ရန်တည်း။

**မှတ်ချက်။** **။ဝေဒမူနှင့်ကွဲလွဲနေပါသည်။**

| | | |
|---|---|---|
| ၁ | ၅ | ၃ |
| ၆ | | ၂ |
| ၄ | ၈ | ၀ |

လာဘ်နေအရပ်များ

| | | |
|---|---|---|
| ၁ | ၆ | ၃ |
| ၅ | | ၄ |
| ၈ | ၂ | ၀ |

ဝေဒမူ လာဘ်နေအရပ်များ



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လှန်လေ့ကျင့်ခန်း (၁၀)

**(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

(က) အဋ္ဌလဂ်ခွင်အကြောင်းကို ရှင်းပြပေးပါ။

(ခ)စိုးမိုးရာအရပ်အကြောင်းကို ရှင်းပြပေးပါ။

(ဂ) မူလအရပ်အကြောင်းကို ရှင်းပြပေးပါ။

(ဃ)လာဘ်နေအရပ်အကြောင်းကို ရှင်းပြပေးပါ။

(င) နတ်နေအကြောင်းကို ရှင်းပြပေးပါ။

(စ) စက်နေအကြောင်းကို ရှင်းပြပေးပါ။

☯☯☯☯☯☯☯☯☯





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၁၁)

**ဂြိုဟ်များ၏အကြောင်းကို အသေးစိတ်လေ့လာခြင်း**

**(၆၅) ဂြိုဟ်သက်များအကြောင်း**

တနင်္ဂနွေဂဠုန်၊ခြောက်နှစ်ကြုံ
တနင်္လာကျား၊တစ်ဆယ့်ငါး
အင်္ဂါခြင်္သေ့၊ရှစ်နှစ်တွေ့
ဗုဒ္ဓဟူးဆင်၊ဆယ့်ခွန်ပင်
စနေနဂါး၊တစ်ဆယ်ထား
ကြာသပတေးကြွက်၊ဆယ့်ကိုးချက်
ရာဟုဟိုင်းဆင်၊ဆယ့်နှစ်ပင်
သောကြာပူးပြွမ်၊နှစ်ဆယ့်တစ်
မှတ်သားသိထား၊ဂြိုဟ်သက်များ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရင်ပြင်တော်ပေါ်ရှိ ဂြိုဟ်တိုင်များပေါ်တွင်ရေးသားထားသော ဂြိုဟ်သက်များ ဖြစ်ပေသည်။

| | |
|---|---|
| တနင်္ဂနွေဂြိုဟ်၏ ဂြိုဟ်သက်သည် | (၆)နှစ် |
| တနင်္လာဂြိုဟ်၏ ဂြိုဟ်သက်သည် | (၁၅)နှစ် |
| အင်္ဂါဂြိုဟ်၏ ဂြိုဟ်သက်သည် | (၈)နှစ် |
| ဗုဒ္ဓဟူးဂြိုဟ်၏ ဂြိုဟ်သက်သည် | (၁၇)နှစ် |
| စနေဂြိုဟ်၏ ဂြိုဟ်သက်သည် | (၁၀)နှစ် |
| ကြာသပတေးဂြိုဟ်၏ ဂြိုဟ်သက်သည် | (၁၉) နှစ် |
| ရာဟုဂြိုဟ်၏ ဂြိုဟ်သက်သည် | (၁၂)နှစ် |
| သောကြာဂြိုဟ်၏ ဂြိုဟ်သက်သည် | (၂၁)နှစ် |

**(၆၆) ဂြိုဟ်အိမ်အကြောင်း**

**ရောက်သက်ကိုထုတ်၊နံသက်နှုတ်**
**ဆက်လုပ်အဌ၊လက်ယာပြ**
**တိကျနှုတ်သွား၊နှုတ်လောက်ငြား**
**မှတ်သားဂြိုဟ်အိမ်၊ဟောရိုးစိတ်**
**လှမ်းချိတ်ဟောထုတ်၊မဟာဘုတ်**
**ပေါင်းနှုတ်သေချာ၊ဟောလိုက်ပါ**





**မှန်မှာယုံလိုက်ပါ။**

ဗေဒင်လာမေးသူ၏ ရောက်သက်ကိုတည်ပြီး သူ၏မွေးနံဂြိုဟ်သက်မှစကာ အဌလက်ခွင် အတိုင်းအစဉ်လိုက် နှုတ်သွားပါ။ မနှုတ်လောက်ရာ ဂြိုဟ်နေရာတွင် ဂြိုဟ်အိပ်သည်ဟုခေါ်ပါသည်။ထိုအိပ်သောဂြိုဟ်သည် မူလမဟာဘုတ်တွင် မည်သည့်အိမ်တွင်ရှိသည်၊ ကောင်းသည်၊ ဆိုးသည်စသည်ဖြင့် ချင့်ချိန်ဟောပြောရသော ပညာရပ်ဖြစ်သည်။

**(၆၇) ဂြိုဟ်တို့၏အကျိုးပေးပုံအကြောင်း**

**အောင်စံအဝင်၊သာဘင်အလယ်**
**ထွန်းကြယ်အဆုံး၊ရွှေဝတစ်သက်လုံး**

ဂြိုဟ်များသည် မိမိ၏ဂြိုဟ်အိပ်နေချိန်တွင်သော်လည်းကောင်း၊ သက်ရောက်နေချိန်တွင်သော်လည်းကောင်း၊ ဒသာစားနေချိန်တွင်သော်လည်းကောင်း၊ အချိန်ကာလအလိုက် ကောင်းကျိုး၊ ဆိုးကျိုးများရပါလိမ့်မည်။

တနင်္ဂနွေဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သည် အဝင်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုး၊ ဆိုးကျိုးပေးသဖြင့်

♠တနင်္ဂနွေဂြိုဟ်အိပ်တွင် ဝင်ဝင်ချင်း(၂)နှစ်တွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠တနင်္ဂနွေသက်ရောက်တွင် ဝင်ဝင်ချင်း(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠တနင်္ဂနွေဒသာတွင် ဝင်ဝင်ချင်း(၂)နှစ်တွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠အင်္ဂါဂြိုဟ်အိပ်တွင် ဝင်ဝင်ချင်း(၂)နှစ်(၈)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠အင်္ဂါသက်ရောက်တွင် ဝင်ဝင်ချင်း(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠အင်္ဂါဒသာတွင် ဝင်ဝင်ချင်း(၂)နှစ်(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

သောကြာဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် အလယ်တွင် ကောင်းကျိုး၊ ဆိုးကျိုးပေးသဖြင့်

♠သောကြာဂြိုဟ်အိပ်တွင် အလယ်(၇)နှစ်တွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠သောကြာသက်ရောက်တွင် အလယ်(၄)လတွင်





ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠သောကြာဒသာတွင် အလယ်(၇)နှစ်(၈)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ကြာသပတေးဂြိုဟ်အိပ်တွင် အလယ်(၆)နှစ် (၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ကြာသပတေးသက်ရောက်တွင် အလယ်(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ကြာသပတေးဒသာတွင် အလယ်(၅)နှစ် (၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

စနေဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့သည် အဆုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးပေးသဖြင့်

♠စနေဂြိုဟ်အိပ်တွင် နောက်ဆုံး(၃)နှစ်(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠စနေသက်ရောက်တွင် နောက်ဆုံး(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠စနေဒသာတွင် နောက်ဆုံး(၆)နှစ်(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠တနင်္လာဂြိုဟ်အိပ်တွင် နောက်ဆုံး(၅)နှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့် မည်။

♠တနင်္လာသက်ရောက်တွင် နောက်ဆုံး(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠တနင်္လာဒသာတွင် နောက်ဆုံး(၃)နှစ်(၄)လတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့် မည်။

ရာဟုဂြိုဟ်နှင့်ဗုဒ္ဓဟူးဂြိုဟ်တို့သည်ဂြိုဟ်သက်တစ်ခုလုံးအတွက် ကောင်းကျိုး၊ ဆိုးကျိုး ပေးသဖြင့်

♠ရာဟုဂြိုဟ်အိပ်တွင် (၁၂)နှစ်စလုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ရာဟုသက်ရောက်တွင်(၁)နှစ်လုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ရာဟုဒသာတွင်(၁၈)နှစ်စလုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ဗုဒ္ဓဟူးဂြိုဟ်အိပ်တွင် (၁၇)နှစ်စလုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့် မည်။

♠ဗုဒ္ဓဟူးသက်ရောက်တွင် (၁)နှစ်လုံးတွင် ကောင်းကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

♠ဗုဒ္ဓဟူးဒသာတွင်(၁၇)နှစ်စလုံးတွင် ကောင်း





ကျိုး၊ ဆိုးကျိုးများ ရပါလိမ့်မည်။

(မှတ်ချက်။ ။ဂြိုဟ်အိပ်ကြီးအကူးအပြောင်းနှစ်ကို အညှို့နှစ်ဟု ယူဆပောာပြောရန်)

<u>ပြန်လှန်လေ့ကျင့်ခန်း (၁၁)</u>

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) ဂြိုဟ်သက်များအကြောင်းကို ရှင်းပြပေးပါ။

(ခ)ဂြိုဟ်အိပ်အကြောင်းကို ရှင်းပြပေးပါ။

(ဂ)ဂြိုဟ်တို့၏ အကျိုးပေးပုံအကြောင်းကို ရှင်းပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

## သင်ခန်းစာ (၁၂)

### သက်ရောက်ဂြိုဟ်အကြောင်းကို လေ့လာခြင်း

(၆၈) **သက်ရောက်ဂြိုဟ်အကြောင်း**

**ရောက်သက်တည်ထား၊ရှစ်ဖြင့်စား**
**မှတ်သားအကြွင်း၊ရေတွက်ခြင်း**
**မှတ်ရင်းမွေးနံ၊အဋ္ဌမှန်**
**သိရန်လက်ယာ၊ရေတွက်ပါ**
**ရမှာသက်ရောက်၊ဘုတ်နှင့်ထောက်**
**ယှုကောက်ချင့်ချိန်၊သုခမိန်။**

ရောက်သက်ကိုတည်ပြီး (၈)ဖြင့်စားပါ။ အကြွင်းအရ အဋ္ဌလင်္ဂခွင်အတိုင်း မွေးနံမှ လက်ယာရစ်စရေတွက်သော် ကျရောက်ရာသည် သက်ရောက်ဂြိုဟ်ဖြစ်သည်။ထိုသက်ရောက်ဂြိုဟ် အနေဖြင့် မဟာဘုတ်အိမ်ရပ်တည်မှုအရ အကောင်း





အဆိုး သုံးသပ်ဟောပြောရမည်။

ဥပမာအားဖြင့်---------------

**တနင်္ဂနွေသက်ရောက်နေပြီး**

**အာထွန်းဖြစ်လျှင်.....**

အိုးအိမ်ကောင်း၊ အုပ်စုကောင်းဖြင့် နေရမည်။ အလုပ်အောင်မြင်မည်။ အကြီးအကဲကောင်းတွေ့ရမည်လို့ ဟောရမည်။

**သိုက်ဖြစ်လျှင်.....**

အိုးအိမ်ပြုပြင်ရမည်။ အလုပ်မှာစေ့စပ်သေချာသဖြင့်အောင်မြင်နေမည်လို့ ဟောရမည်။

**ရာဇဖြစ်လျှင်....**

ရာထူးရှိသောအကြီးအကဲကောင်းနှင့်တွေ့ရမည်။ အလုပ်မှာ ပရိယာယ်ကြွယ်ဝသဖြင့် အောင်မြင်နေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင်.....**

ထင်ရှားကျော်ကြားသောအကြီးအကဲကောင်းနှင့် တွေ့ရမည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှာ မာန်မာနကြီးကြီးဖြင့် ကြိုးစားလုပ်ကိုင်နေမည်လို့ ဟောရမည်။

**ဘင်္ဂပြစ်လျှင်.....**

နေအိမ်အတွက်သောကဖြစ်ရမည်။

ဒုက္ခရောက်နေသောအကြီးအကဲအတွက် စိတ်ညစ်ရမည်။

**ပုတိပြစ်လျှင်.....**

အိုးအိမ်ပျက်စီးနေရမည်။

အကြီးအကဲကျန်းမာရေးအတွက်စိတ်ညစ်ရမည်လို့ ဟောရမည်။

**မရဏပြစ်လျှင်......**

အိုးအိမ်အတွက်၊ အုပ်စုအတွက်ပြဿနာဖြစ်နေရမည်။

အကြီးအကဲနာရေးအတွက်စိတ်သောက ဖြစ်ရမည်လို့ ဟောပေးရမည်။

**တနင်္လာသက်ရောက်နေပြီး**

**အထွန်းပြစ်လျှင်.......**

ငွေကြေးချမ်းချမ်းသာသာဖြင့် နေရမည်။





လူသိများအောင်မြင်နေမည်။

လူချစ်လူခင်ပေါများနေမည်လို့ ဟောရမည်။

**သိုက်ပြစ်လျှင်.....**

ငွေကြေးစုဆောင်းမိနေမည်။

စပ်တူအကျိုးတူလုပ်ငန်းများ လုပ်ကိုင်သဖြင့်အောင်မြင်နေမည်လို့ ဟောရမည်။

**ရာဇပြစ်လျှင်.....**

အစိုးရနှင့်ပတ်သက်ပြီး ငွေကြေးများရမည်။

အစိုးရနှင့်ပတ်သက်ပြီး အကျိုးတူလုပ်ငန်းများလုပ်ကိုင်အောင်မြင်နေမည်လို့ဟောရမည်။

**အဓိပတိပြစ်လျှင်.....**

ကြီးကဲသူများထံမှငွေကြေး အကူအညီများရမည်။

ငွေကြေးအတွက် မာန်မာနကြီးကြီးဖြင့်ကြိုးစားလုပ်ကိုင်နေမည်လို့ ဟောရမည်။

**ဘင်္ဂပြစ်လျှင်........**

ငွေကြေး၊အချစ်ရေးအတွက်သောကဖြစ်ရမည်။

ကြွေးမြီများအတွက်စိတ်ညစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ပုတိဖြစ်လျှင်....

ငွေကြေးဆုံးရှုံးနေမည်။

အတိုးများအတွက် စိတ်ညစ်ရမည်လို့ ဟောရ မည်။

ဗရဏဖြစ်လျှင်......

ငွေကြေးအတွက်၊ကြွေးမြီအတွက် ပြဿနာဖြစ်နေရမည်။

ငွေကြေးအရှုပ်အရှင်းအတွက်စိတ်သောက ဖြစ်ရမည်လို့ ဟောရမည်။

**အင်္ဂါသက်ရောက်နေပြီး**

**အထွန်းဖြစ်လျှင်...**

ဝီရိယကောင်းသဖြင့် အောင်မြင်နေရမည်။

ညီအစ်ကိုမောင်နှမကောင်းများ တွေ့မည်လို့ ဟောရမည်။

**သိုက်ဖြစ်လျှင်....**

စိတ်ချမ်းသာစွာနေရမည်။

စက်ပစ္စည်းများပြုပြင်ရမည်။

ညီအစ်ကိုမောင်နှမများ၏အလေးပေးခံရမည်လို့ ဟောရမည်။





ရာဇဖြစ်လျှင်......

အာဏာရှိသော အကြီးအကဲကောင်းများ၏ အကူအညီရမည်။

စက်ပစ္စည်းများ၏ အကျိုးအမြတ်ရနေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင် .....**

ထင်ရှားကျော်ကြားသော ညီအစ်ကိုမောင်နှမများ တွေ့ရမည်။

ဝီရိယအားကောင်းကောင်းဖြင့် ကြိုးစားလုပ်ကိုင်နေရမည်လို့ ဟောရမည်။

**ဘင်္ဂဖြစ်လျှင်....**

ညီအစ်ကိုမောင်နှမနှင့် စက်ပစ္စည်းများအတွက် သောက ဖြစ်ရမည်။

ဒုက္ခရောက်နေသော ညီအစ်ကိုမောင်နှမများအတွက် စိတ်ညစ်ရမည်လို့ ဟောရမည်။

ပုတိဖြစ်လျှင်....

စက်ပစ္စည်းများပျက်စီးနေရမည်။

ညီအစ်ကိုမောင်နှမများကျန်းမာရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်ရမည်လို့ ဟောရမည်။

**မရဏာဖြစ်လျှင်.....**

ညီအစ်ကိုမောင်နှမများအတွက် စက်ပစ္စည်းများ အတွက်ပြဿနာ ဖြစ်ရမည်။

ညီအစ်ကိုမောင်နှမများ နာရေးအတွက် စိတ်သောက ဖြစ်ရမည်။

**ဗုဒ္ဓဟူးသက်ရောက်နေပြီး**

**အထွန်းဖြစ်လျှင်.......**

အဆက်အသွယ်ကောင်းများတွေ့ရမည်။

စကားအပြောအဆိုအောင်မြင်နေမည်။

သားသမီးကောင်းများတွေ့ရမည်လို့ဟောရမည်။

**သိုက်ဖြစ်လျှင်....**

သားသမီးအတွက်ပြင်ဆင်နေရမည်။

ရတနာလက်ဝတ်ပစ္စည်းများစုဆောင်းမိမည်။

အပြောအဆိုကောင်းသဖြင့် အောင်မြင်နေမည် လို့ ဟောရမည်။

**ရာဇဖြစ်လျှင်....**

ရာထူးရှိသောသားသမီးကောင်းများရမည်။





အလုပ်မှာအပြောအဆိုကြွယ်ဝ သဖြင့်အောင်မြင်နေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင်....**

ထင်ရှားကျော်ကြားသော သားသမီးကောင်းတွေရမည်။

အလုပ်မှာဉာဏ်ကောင်းကောင်းဖြင့် ကြိုးစားလုပ်ကိုင်နေမည်လို့ ဟောရမည်။

**ဘင်္ဂဖြစ်လျှင်.....**

စကားအပြောအဆိုမှားကာ သောကဖြစ်ရမည်။

ဒုက္ခရောက်နေသော သားသမီးအတွက် စိတ်ညစ်ရမည်လို့ ဟောရမည်။

**ပုတိဖြစ်လျှင်......**

ရွှေထည်ပစ္စည်းများပျက်စီးနေရမည်။

သားသမီးကျန်းမာရေးအတွက်စိတ်ညစ်ရမည်လို့ ဟောရမည်။

**မရဏာဖြစ်လျှင်......**

စကားမှားတာ၊သားသမီးတွေအတွက်ပြဿနာဖြစ်နေရမည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးနာရေးအတွက် စိတ်သောကဖြစ်ရမည်
လို့ ဟောရမည်။

**စနေသက်ရောက်နေပြီး**

**အထွန်းဖြစ်လျှင်....**

အမွေအနှစ်ကောင်း၊ အလုပ်သမားကောင်းဖြင့်နေ
ရမည်။

အမှုအခင်းများ အနိုင်ရမည်။

နိုင်ငံခြားသွားရတာ၊ ဘာသာခြားတွေ အကူအညီ
ရတာမျိုးတွေ ကြုံရမည်လို့ဟောရမည်။

**သိုက်ဖြစ်လျှင်.....**

အပြိုင်အဆိုင်များကို အနိုင်ရမည်။

နိုင်ငံခြားမှာ စေ့စပ်သေချာသဖြင့် အောင်မြင်နေ
မည်လို့ ဟောရမည်။

**ရာဇဖြစ်လျှင်........**

ရာထူးရှိသောဘာသာခြားများနှင့်တွေ့ရမည်။

နိုင်ငံရပ်ခြားမှာ ပရိယာယ်ကြွယ်ဝသဖြင့်အောင်
မြင်နေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင် ....**





ထင်ရှားကျော်ကြားသော ဘာသာခြားတွေနှင့်
တွေ့ရမည်။

နိုင်ငံရပ်ခြားမှာမာန်မာနကြီးကြီးဖြင့်ကြိုးစားလုပ်
ကိုင်နေမည်လို့ ဟောရမည်။

**ဘင်္ဂဖြစ်လျှင်....**

အမှုအခင်းများအတွက် သောကဖြစ်ရမည်။

ကျန်းမာရေးအတွက် စိတ်ညစ်ရမည်လို့ ဟောရ
မည်။

**ပုတိဖြစ်လျှင်....**

ရောဂါဖြစ်နေရမည်။

အလုပ်သမားတွေကျန်းမာရေးအတွက် စိတ်ညစ်
ရမည်လို့ ဟောရမည်။

**မရဏဖြစ်လျှင်...**

အမွေအတွက်၊ အမှုအခင်းအတွက်ပြဿနာ ဖြစ်
နေရမည်။

အလုပ်သမားနာရေးအတွက် စိတ်သောကဖြစ်ရ
မည်လို့ ဟောရမည်။

**ကြာသပတေးသက်ရောက်နေပြီး**



www.burmeseclassic.com

www.burmeseclassic.com



**အထွန်းဖြစ်လျှင်....**

မိတ်ဆွေ၊ ဆရာသမားကောင်းဖြင့်နေရမည်။

ပညာရေးတွင် အောင်မြင်မည်။

ဆရာသမားကောင်းနှင့်တွေ့ရမည်လို့ ဟောရမည်။

**သိုက်ဖြစ်လျှင်...**

မိတ်ဆွေ၊ ဆရာသမားကောင်းတွေရမည်။

ပညာရေးမှာ စေ့စပ်သေချာသဖြင့် အောင်မြင်နေမည်လို့ ဟောရမည်။

**ရာဇဖြစ်လျှင်....**

ရာထူးရှိသောဆရာသမားကောင်းများတွေရမည်။

ပညာရေးမှာ ပရိယာယ်ကြွယ်ဝသဖြင့် အောင်မြင်နေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင် ...**

ထင်ရှားကျော်ကြားသော ဆရာသမားကောင်းနှင့်တွေ့ရမည်။

ပညာရေးမှာမာန်မာနကြီးကြီးဖြင့်ကြိုးစားလုပ်ကိုင်နေမည်လို့ ဟောရမည်။





**ဘင်္ဂဖြစ်လျှင်....**

ပညာရေးအတွက် သောကဖြစ်ရမည်။

ဒုက္ခရောက်နေသောဆရာသမား၊ မိတ်ဆွေအတွက် စိတ်ညစ်ရမည် လို့ဟောရမည်။

**ပုတိဖြစ်လျှင်...**

ပညာရေးပြုတ်တောက်သွားမည်။

မိတ်ဆွေ၊ ဆရာသမားကျန်းမာရေးအတွက် စိတ်ညစ်ရမည်လို့ ဟောရမည်။

**မရဏဖြစ်လျှင်....**

ပညာရေးအတွက်၊မိတ်ဆွေ၊ဆရာသမား အတွက်ပြဿနာဖြစ်နေရမည်။

မိတ်ဆွေ၊ဆရာသမားနာရေးအတွက် စိတ်သောကဖြစ်ရမည်လို့ ဟောရမည်။

**ရာဟုသက်ရောက်နေပြီး**

**အထွန်းဖြစ်လျှင်....**

အဝေးမှအကူအညီကောင်းများရမည်။

အကူအညီပေးမည့်သူများ ပေါ်များလာမည်။

ကူညီမမည့်အကြီးအကဲကောင်းများတွေ့ရမည်လို့



www.burmeseclassic.com

www.burmeseclassic.com



ဟောရမည်။

**သိုက်ဖြစ်လျှင်....**

လူမှုရေးကိစ္စများလုပ်နေရမည်။

ဘာသာရေးအလုပ်တွေ လုပ်ဖြစ်နေလိမ့်မည်လို့ ဟောရမည်။

**ရာဇဖြစ်လျှင်....**

ရာထူးမှုပင်စင်ယူထားသောအကြီးအကဲကောင်းများနှင့်တွေ့ရမည်။

လူမှုရေးလုပ်ငန်းများလုပ်ရင်းအောင်မြင်နေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင်.....**

ထင်ရှားကျော်ကြားသောအကြီးအကဲကောင်းများနှင့်တွေ့ရမည်။

လူမှုရေးတွေမှာ ဦးဆောင်လုပ်ကိုင်နေမည်လို့ ဟောရမည်။

**ဘင်္ဂဖြစ်လျှင်....**

အပေါင်းအသင်း၊မိတ်ဆွေများအတွက် သောကဖြစ်ရမည်။

♠ ဟန်သာဆုစာပေ ♠



လူမှုရေးအလုပ်တွေလုပ်ရင်း စိတ်ညစ်ရမည်လို့ ဟောရမည်။

**ပုတိဖြစ်လျှင်...**

အဝေးကိုထွက်သွားရမည်။

လူမမာအရေးအတွက် အလုပ်များမည်လို့ဟောရမည်။

**မရဏဖြစ်လျှင်...**

ကြီးကဲသူတွေအတွက်၊ အသိုင်းအဝိုင်းအတွက် ပြဿနာ ဖြစ်နေရမည်။

နာရေးအတွက် စိတ်သောကဖြစ်ရမည်လို့ ဟောရမည်။

**သောကြာသက်ရောက်နေပြီး**

**အထွန်းဖြစ်လျှင်......**

ခရီးကောင်းသွားရမည်။

အိမ်ထောင်ရေး အဆင်ပြေနေမည်။

ပျော်ပျော်ပါးပါးနေရမည်လို့ ဟောရမည်။

**သိုက်ဖြစ်လျှင်....**

ဘာသာရေးခရီးသွားရမည်။

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး သာယာနေမည်။

အပျော်အပါးတွေလုပ်နေမိမည်လို့ ဟောရမည်။

**ရာဇပြစ်လျှင်....**

အစိုးရနှင့်ပတ်သက်သော ခရီးမျိုးသွားရမည်။

အိမ်ထောင်ရေးအဆင်ပြေနေမည်လို့ ဟောရမည်။

**အဓိပတိဖြစ်လျှင် ...**

ခရီးများနေမည်။

အိမ်ထောင်ဖက်နှင့် ဆိုင်သော ခရီးမျိုးသွားရမည်။

အပျော်အပါးကိစ္စတွေကို ဦးဆောင်လုပ်ကိုင်နေရမည်လို့ ဟောရမည်။

**ဘင်္ဂဖြစ်လျှင်....**

ခရီးအတွက် သောကဖြစ်ရမည်။

အိမ်ထောင်ဖက်အတွက် စိတ်ညစ်ရမည်လို့ ဟောရမည်။

**ပုတိဖြစ်လျှင်.....**

ခရီးလမ်းပန်းအဆင်မပြေဖြစ်ရမည်။

အိမ်ထောင်ဖက်နှင့် ခွဲနေရမည်။

မကောင်းသောခရီးမျိုးသွားရမည်လို့ ဟောရမည်။

♠ ဟန်သာဆုစာပေ ♠



**မရဏဖြစ်လျှင်....**

အိမ်ထောင်ရေးအတွက်၊ ခရီးအတွက်ပြဿနာဖြစ်နေရမည်။

အိမ်ထောင်ရေးအဆင်မပြေဖြစ်ကာ ကွဲကွာရမည်လို့ ဟောရမည်။

(မှတ်ချက်(၁)။ ။

အသက်တည်ပြီး(၈)ဖြင့် စားရာတွင် (၄)ကြွင်းသောနှစ်၊ (၇)ကြွင်းသောနှစ်များကို အညံ့နှစ်ဟု ယူဆဟောပြောရန်)

(မှတ်ချက်(၂)။ ။

သက်ရောက်ဂြိုဟ်နှင့် ဓမ္မးနံဂြိုဟ်တို့ ရန်ကျနေလျှင် အညံ့နှစ်ဟု ယူဆဟောပြောရန်)

(မှတ်ချက်(၃)။ ။

သက်ရောက်ဂြိုဟ်သည်မရဏဂြိုဟ်ဖြစ်နေလျှင် အညံ့နှစ်ဟု ယူဆဟောပြောရန်)

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



## ပြန်လှန်လေ့ကျင့်ခန်း (၁၂)

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) သက်ရောက်ဂြိုဟ်တွက်ယူပုံကို ရှင်းပြပေးပါ။

(ခ)သက်ရောက်ဂြိုဟ်အကြောင်းကို ရှင်းပြပေးပါ။





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၁၃)

#### အရပ်ရှစ်မျက်နှာ အသုံးချပုံအကြောင်း

(၆၉) အရပ်ဒေသအကြောင်း

ပရိုဝါရုနေရမြဲပင်
အာယုတွင်၊နံ့ပင်စိုက်ကြပါ။
နာဂရွာပြည်၊တည်ထောင်လေဘိ
ဘုမ္မညစ်ကြေးစွန့်ပစ်သွေး
ထားရေးသမိုင်းသာ။
ဂဟာပတီ၊ထားဘိကျိုကျ
တေဇရိပ်မှန်၊ထီးတံခွန်
ကျောင်းကန်တည်ဟူရာ။
ဌာနဥ္ဆကား၊ကျွဲနွားမြင်းဆင်
ထားလျှင်သင့်မြတ်။



www.burmeseclassic.com

www.burmeseclassic.com



**သီရိရပ်၊ထားအပ်လယ်မြေသာ။**

ပေဒင်လာမေးသူ၏ မွေးနံမှစကာ အငှ လက်ခွင်အတိုင်း လက်ယာရစ်အားဖြင့် ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သီရိ ဟုရေတွက်ရမည်။

**ပရိဝါရအရပ်သည် အခြံအရံများခြင်းဟု အဓိ ပ္ပာယ်ရသည်။**

♠ ထိုအရပ်တွင် အမြဲနေထိုင်ရမည်။

♠ ဘဏ္ဍာကျိကျ ဂူကျောင်းဘုရားတို့ကို ပြုသော် ကောင်း၏။

♠ယာယီယတြာအဖြစ် မိမိနေအိမ်၏ပရိဝါရ အရပ်တွင်နေထိုင်စရာတစ်ခုပြုလုပ်ထားကာ မကြာခဏနေထိုင်ပေးသင့်ပါသည်။

♠ ကျန်းမာရေးမကောင်းပါက ပရိဝါရအရပ်သို့ ယာယီယတြာပြုကာသွားခြင်းဖြင့် သက်သာ ပျောက်ကင်းစေနိုင်ပါသည်။

♠ ခရီးသွားရန်ရှိပါက ပရိဝါရအရပ်တွင် ခေတ္တ နေထိုင်ပြီးမှသွားပါ။

♠ ပရိဝါရအရပ်တွင် အကြံအစည်စိတ်ကူးသစ်





များ ကြံစည်စိတ်ကူးပါ။

♠ ဘုရားခန်း၊ အစည်းအဝေးခန်းများ၊ ဧည့်ခန်း များ ထားပါ။

♠ ပရိဝါရအရပ်တွင် မိတ်ဆွေသစ်များ၊ အလုပ်သ မားများနှင့် တွေ့ဆုံပါ။

➢ မိမိနေအိမ်၏ ပရိဝါရအရပ်တွင် သန့်ချိုင်းသု သန် မပြုကောင်းပါ။

➢ပရိဝါရအရပ်တွင် ဦးခေါင်းမဆေးပါနှင့်။

➢ ပရိဝါရအရပ်တွင် လယ်ယာလုပ်ကိုင်ခြင်း မပြု ပါနှင့်။

➢ ပရိဝါရအရပ်တွင် ရေတွင်းရေကန်တူးခြင်း မပြုပါနှင့်။

➢ပရိဝါရအရပ်တွင် လက်မှုလုပ်ငန်းများ လုပ်ကိုင် ခြင်းမပြုပါနှင့်။

**အာယုအရပ်သည် အသက်ရှည်ခြင်းဟု အဓိ ပ္ပာယ် ရသည်။**

♠ အာယုအရပ်တွင် မွေးနံအပင်ကို ရှင်အောင် စိုက်ပျိုးရမည်။

♠ အာယုအရပ်တွင် ဥယျာဉ်ပြုသော်ကောင်း၏။



www.burmeseclassic.com

♠ အာယုအရပ်တွင် လာဘ်လာဘနှင့်ဆိုင်သော အပင်ကို ရှင်အောင်စိုက်ပျိုးရမည်။

♠ အာယုအရပ်တွင် သန့်ရှင်းနေစေရမည်။

♠ အာယုအရပ်တွင်ကျန်းမာရေးယတြာ ပြုရမည်။

➢ အာယုအရပ်တွင် ကုသိုလ်ဦးမပြုကောင်းပါ။

➢ အာယုအရပ်တွင် ဦးခေါင်းမဆေးပါနှင့်။

➢ အာယုအရပ်တွင် အိမ်ဆောက်ခြင်း မပြုပါနှင့်။

➢ အာယုအရပ်တွင် ရေတွင်းရေကန်တူးခြင်း မပြုပါနှင့်။

**နဂရအရပ်သည် မြို့ပြပြည်ရွာတည်ခြင်းဟု အဓိပ္ပာယ်ရသည်။**

♠ နဂရအရပ်သည် မြို့ပြပြည်ရွာတည်ထောင်ရမည်။

♠ နဂရအရပ်တွင် ဥယျာဉ်ခြံမြေလုပ်ကိုင်ရမည်။

♠ နဂရအရပ်တွင် သီးပင်၊ပန်းပင်များစိုက်ပျိုးရမည်။

♠ နဂရအရပ်တွင် လုပ်ငန်းကိစ္စများဆွေးနွေး တိုင်ပင်ရမည်။

➢ နဂရအရပ်တွင် ငှက်ပျောပင်များမစိုက်ကောင်း





ပါ။

➢ နဂရအရပ်တွင် ဘဏ္ဍာကျိကျ ဂူကျောင်းဘုရား မတည်ထားပါနှင့်။

➢ နဂရအရပ်တွင် ရေတွင်းရေကန်တူးခြင်း မပြုပါနှင့်။

**ဘုမ္မိအရပ်သည်မကောင်းသောအညစ်အကြေးများ စွန့်ရာအရပ်ဖြစ်ခြင်းဟု အဓိပ္ပာယ်ရ သည်။**

♠ ဘုမ္မိအရပ်သည် အိမ်သာ၊သချိုင်း၊သုသာန်များထားရမည်။

♠ ဘုမ္မိအရပ်တွင် မင်္ဂလာမရှိသောပစ္စည်းများထားရမည်။

♠ ဘုမ္မိအရပ်တွင် ရန်ခါတ်ဆင်ပါက ထွက်စေလိုသော ပစ္စည်းများထွက်မည်။

♠ ဘုမ္မိအရပ်တွင်လှေကားထားပါက လာဘ်လာဘများ ရမည်။

♠ ဘုမ္မိအရပ်တွင် ယတြာပြုပြီးသောပစ္စည်းများစွန့်ရမည်။

♠ ဘုမ္မိအရပ်တွင် လက်သည်း၊ခြေသည်း၊ဆံပင်



www.burmeseclassic.com

နှင့် အဝတ်အထည်ဟောင်းများ စွန့်ရမည်။

➢ဘုမ္မိအရပ်တွင် မင်္ဂလာရှိသောပစ္စည်းများမထား ကောင်းပါ။

➢ဘုမ္မိအရပ်တွင် ဥယျာဉ်ခြံမြေများ မလုပ်ပါနှင့်။

➢ဘုမ္မိအရပ်တွင် ဂူကျောင်းဘုရားများ မတည် ထားပါနှင့်။

**ဂဟပတိအရပ်သည် ကျီကျဘဏ္ဍာထားခြင်းဟုအစိပ္ပာယ်ရ ပါသည်။**

♠ဂဟပတိအရပ်တွင် ဘဏ္ဍာကျီကျများထားရ မည်။

♠ဂဟပတိအရပ်တွင် မျက်နှာမူကာ ဦးခေါင်းဆေး မင်္ဂလာ ပြုရမည်။

♠ဂဟပတိအရပ်မှအိမ်တွင်းသို့ အဖိုးထိုက်ရတနာ များသွင်းယူရမည်။

♠ဂဟပတိအရပ်မှစဝင်ကာ အိမ်သစ်တက်ပါက လာဘ်လာဘများရမည်။

♠ဂဟပတိအရပ်တွင် အလှူအတန်းပြုရရမည်။

♠ဂဟပတိအရပ်တွင် ဂိုထောင်၊စပါးကျီများ





ဆောက်လုပ်ရမည်။

➢ဂဟပတိအရပ်တွင် အပုပ်အသိုးပစ္စည်းများ မထားကောင်းပါ။

➢ဂဟပတိအရပ်တွင် ဥယျာဉ်လယ်ယာများ မလုပ်ပါနှင့်။

**တေဇအရပ်သည်တန်ခိုးရှိန်စော်ဗျားခြင်းဟု အဓိပ္ပာယ်ရ ပါသည်။**

♠တေဇအရပ်တွင် ကျောင်းကန်ဘုရားများ တည် ထားရမည်။

♠တေဇအရပ်တွင်အလှူအတန်းများ ပြုလုပ်ရ မည်။

♠တေဇအရပ်တွင် အပြိုင်အဆိုင်အနိုင်ယူလို သောကိစ္စများ ပြုလုပ်ရမည်။

♠တေဇအရပ်တွင် အဖိုးတန်ပစ္စည်းများ၊ အဖိုး တန်အလုပ်များ လုပ်ရမည်။

➢တေဇအရပ်တွင် မည်သည့်သစ်ပင်မှ မစိုက် ပါနှင့်။

➢တေဇအရပ်တွင် အပုပ်အသိုးပစ္စည်းများမထား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါ။

➤တေဇအရပ်တွင် မသန့်မပြန့် မလုပ်ပါနှင့်။

**ဌာနအရပ်သည် နေရာဌာနစွဲမြဲခြင်းဟု အဓိ ပ္ပာယ်ရသည်။**

♠ဌာနအရပ်တွင် ယာဉ်ကားစသော အဖိုးတန် ပစ္စည်းများ ထားရမည်။

♠ဌာနအရပ်တွင် မြဲမြံသောအလုပ်များ ပြုလုပ် ရမည်။

♠ဌာနအရပ်တွင် ရေတွင်းရေကန်တူးရမည်။

♠ဌာနအရပ်တွင် ရုံးများ၊ အရောင်းပြခန်းများထား ရမည်။

➤ဌာနအရပ်တွင် ယာယီအလုပ်များ မလုပ်ပါနှင့်။

➤ဌာနအရပ်တွင် အိမ်သာ၊ အညစ်အကြေးစွန့်ရာ များ မထားကောင်းပါ။

➤ဌာနအရပ်တွင် မသန့်မပြန့် မလုပ်ပါနှင့်။

**သီရိအရပ်သည် ကျက်သရေရှိခြင်းဟု အဓိ ပ္ပာယ်ရသည်။**

♠သီရိအရပ်တွင် လယ်ယာများ ပြုလုပ်ရမည်။

♠သီရိအရပ်တွင် ရေတွင်းရေကန်များပြုလုပ် ရမည်။





♠သီရိအရပ်တွင် သန့်သန့်ရှင်းရှင်း ထားရမည်။

♠သီရိအရပ်တွင်ဘုရားခန်း၊ ဧည့်ခန်းများ ထားရ မည်။

➤သီရိအရပ်တွင် ဆူးပါသောသစ်ပင်မစိုက်ပါနှင့်။

➤သီရိအရပ်တွင် အိမ်သာ၊ အညစ်အကြေးစွန့်ရာ များ မထားကောင်းပါ။

➤သီရိအရပ်တွင် မျက်နှာမူကာ မျက်နှာမသစ် ပါနှင့်။

## ပြန်လှန်လေ့ကျင့်ခန်း (၁၃)

**(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။**

(က) အရပ်ရှစ်မျက်နှာအမည်များကို ရေးသားဖြေ ဆိုပါ။

(ခ)အရပ်ရှစ်မျက်နှာအရ တနင်္ဂနွေသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(ဂ)အရပ်ရှစ်မျက်နှာအရ တနင်္လာသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။



www.burmeseclassic.com

(ဃ)အရပ်ရှစ်မျက်နှာအရ အင်္ဂါသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(င)အရပ်ရှစ်မျက်နှာအရ ဗုဒ္ဓဟူးသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(စ)အရပ်ရှစ်မျက်နှာအရ ကြာသပတေး သားသမီး၏အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(ဆ)အရပ်ရှစ်မျက်နှာအရ သောကြာသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(ဇ)အရပ်ရှစ်မျက်နှာအရ စနေသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

(ဈ)အရပ်ရှစ်မျက်နှာအရ ရာဟုသားသမီး၏ အရပ်ရှစ်မျက်နှာကို ရေးသားဖြေဆိုပါ။

☯☯☯☯☯☯☯☯☯





## ဗေဒင်ပညာအလွယ်ဟောပြောနည်း

## သင်ခန်းစာ (၁၄)

### ဘုမ္မိအကြောင်းကို လေ့လာခြင်း

(၅၀) ဘုမ္မိအကြောင်း

ဘုမ္မိမှာကား၊ထားလေသုံသန်
မြုပ်နှံညစ်ကြေး၊ပြည်သွေးသွန်ရ။

အဌလက်ခွင်အရ မိမိမွေးနံရှိရာမှ လေးခုမြောက်ခွင်ကို ဘုမ္မိခွင်ဟုခေါ်ပါသည်။ ဘုမ္မိဆိုသည်မှာ ပါဠိစကားအရ မြေကြီးဟု အဓိပ္ပာယ်ရပါသည်။ ဘုမ္မိ(၄)မျိုး ရှိပါသည်။၎င်းတို့မှာ-------

(က) ဘုမ္မိ

(ခ) ဘုမ္မိလေး

(ဂ) ဘုမ္မိနှစ်ထပ်

(ဃ) ဘုမ္မိကြီးတို့ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(က) ဘုမ္မိ

♠ မိမိမွေးနံမှ(၄)ခွင်မြောက်တွင် ကြိုဟ်အိပ်နေသောနှစ်များ၊ သက်ရောက်နေသောနှစ်ကို ဘုမ္မိဟု ခေါ်ပါသည်။

**တနင်္ဂနွေသားသမီးများသည်**

(၂၉)နှစ်မှ(၄၆)နှစ်အတွင်းဘုမ္မိ ဗုဒ္ဓဟူးဂြိုဟ်အိပ်ပါသည်။

အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ်များသည် ဘုမ္မိ ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်ပါသည်။

**တနင်္လာသားသမီးများသည်**

(၄၀)နှစ်မှ(၅၀)နှစ်အတွင်းဘုမ္မိ စနေဂြိုဟ်အိပ်ပါသည်။

အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ်များသည် ဘုမ္မိ စနေဂြိုဟ်သက်ရောက်ပါသည်။





**အင်္ဂါသားသမီးများသည်**

(၃၅)နှစ်မှ(၅၄)နှစ်အတွင်းဘုမ္မိ ကြာသပတေးဂြိုဟ် အိပ်ပါသည်။

အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ်များသည် ဘုမ္မိ ကြာသပတေးဂြိုဟ် သက်ရောက်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများသည်**

(၂၉)နှစ်မှ(၄၆)နှစ်အတွင်းဘုမ္မိ ရာဟုဂြိုဟ် အိပ်ပါသည်။

အသက်(၄)နှစ်၊(၁၂)နှစ်၊(၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊(၄၄)နှစ်၊(၅၂)နှစ်၊(၆၀)နှစ်၊(၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ်များသည် ဘုမ္မိ ရာဟုဂြိုဟ်သက်ရောက်ပါသည်။

**ကြာသပတေးသားသမီးများသည်**

(၅၂)နှစ်မှ(၅၈)နှစ်အတွင်းဘုမ္မိ တနင်္ဂနွေဂြိုဟ်အိပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ် များသည် ဘုမ္မိ တနင်္ဂနွေဂြိုဟ် သက်ရောက်ပါသည်။

**သောကြာသားသမီးများသည်**

(၄၂)နှစ်မှ(၅၀)နှစ်အတွင်းဘုမ္မိ အင်္ဂါဂြိုဟ် အိပ်ပါသည်။

အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ် များသည် ဘုမ္မိ အင်္ဂါဂြိုဟ် သက်ရောက်ပါ သည်။

**စနေသားသမီးများသည်**

(၄၁)နှစ်မှ(၆၂)နှစ်အတွင်း ဘုမ္မိသောကြာဂြိုဟ်အိပ်ပါသည်။

အသက်(၄)နှစ်၊ (၁၂)နှစ်၊ (၂၀)နှစ်၊ (၂၈)နှစ်၊ (၃၆)နှစ်၊ (၄၄)နှစ်၊ (၅၂)နှစ်၊ (၆၀)နှစ်၊ (၆၈)နှစ်၊ (၇၆)နှစ်၊ (၈၄)နှစ်၊ (၉၂)နှစ်၊ (၁၀၀)နှစ်





များသည် ဘုမ္မိ သောကြာဂြိုဟ် သက်ရောက်ပါသည်။

**(ခ) ဘုမ္မိလေး**

♠မိမိမွေးနံမှ(၇)ခွင်မြောက်တွင်သက်ရောက်နေသော နှစ်ကို ဘုမ္မိလေးဟု ခေါ်ပါသည်။

**တနင်္ဂနွေသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊ (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊(၅၅)နှစ်၊(၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး ရာဟုဂြိုဟ်သက်ရောက်နေပါသည်။

**တနင်္လာသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊ (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး သောကြာဂြိုဟ် သက်ရောက်နေပါသည်။

**အင်္ဂါသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှ... (၂၃)နှစ်၊



www.burmeseclassic.com

www.burmeseclassic.com



(၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး တနင်္ဂနွေဂြိုဟ် သက်ရောက်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊ (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး တနင်္လာဂြိုဟ် သက်ရောက်နေပါသည်။

**ကြာသပတေးသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊ (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်နေပါသည်။

**သောကြာသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊





(၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး ကြာသပတေးဂြိုဟ်သက်ရောက်နေပါသည်။

**စနေသားသမီးများသည်**

အသက်(၇)နှစ်၊ (၁၅)နှစ်၊ (၂၃)နှစ်၊ (၃၁)နှစ်၊ (၃၉)နှစ်၊ (၄၇)နှစ်၊ (၅၅)နှစ်၊ (၆၃)နှစ်၊ (၇၁)နှစ်၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်၊ (၁၀၃)နှစ် များသည် ဘုမ္မိလေး အင်္ဂါဂြိုဟ် သက်ရောက်နေပါသည်။

### (ဂ) ဘုမ္မိနှစ်ထပ်

♠ မိမိမွေးနံမှ(၄)ခွင်မြောက်တွင် ဂြိုဟ်အိပ်နေပြီး (၄)ခွင်မြောက်တွင်ပင် သက်ရောက်နေသောနှစ်ကို ဘုမ္မိနှစ်ထပ်ဟု ခေါ်ပါသည်။

**တနင်္ဂနွေသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ ဗုဒ္ဓဟူးဂြိုဟ်အိပ်နေပြီး ဗုဒ္ဓဟူးဂြိုဟ်သက်ရောက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**တနင်္လာသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ စနေဂြိုဟ်အိပ်နေပြီး စနေဂြိုဟ်သက်ရောက်ပါသည်။

**အင်္ဂါသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ ကြာသပတေးဂြိုဟ်အိပ်နေပြီး ကြာသပတေးဂြိုဟ် သက်ရောက်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ ရာဟုဂြိုဟ်အိပ်နေပြီး ရာဟုဂြိုဟ်သက်ရောက်ပါသည်။

**ကြာသပတေးသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ တနင်္ဂနွေဂြိုဟ်အိပ်နေပြီး တနင်္ဂနွေဂြိုဟ် သက်ရောက်ပါသည်။

**သောကြာသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိ





နှစ်ထပ်ဖြစ်ကာ အင်္ဂါဂြိုဟ်အိပ်နေပြီး အင်္ဂါဂြိုဟ်သက်ရောက်ပါသည်။

**စနေသားသမီးများသည်**

အသက်(၃၆)နှစ်၊ (၄၄)နှစ်များတွင် ဘုမ္မိနှစ်ထပ်ဖြစ်ကာ သောကြာဂြိုဟ်အိပ်နေပြီး သောကြာဂြိုဟ် သက်ရောက်ပါသည်။

**(ဃ) ဘုမ္မိကြီး**

♠ မိမိမွေးနံမှ(၄)ခွင်မြောက်တွင် ဂြိုဟ်အိပ်နေပြီး (၇)ခွင်မြောက်တွင်ပင် သက်ရောက်နေသောနှစ်ကို ဘုမ္မိကြီးဟုခေါ်ပါသည်။ အဆိုးဆုံးနှစ်ပိုင်းဖြစ်လေသည်။ လင်္ကာလေးကတော့-------

**ဦးလှရွှာ၊ကြာတောသား၊**
**စမှာအေး၊လေးရွာက၊**
**မြဦးလူ၊သူဇာမောင်၊**
**တောင်သာစွ၊ဘုမ္မိကြီး**
**လင်္ကာပါဗျ၊**

**တနင်္ဂနွေသားသမီးများသည်**

အသက်(၃၁)နှစ်၊ (၃၉)နှစ်များသည်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟူးဂြိုဟ် သက်ရောက်နေသဖြင့် ဘုမ္မိကြီးဖြစ်နေပါသည်။

**တနင်္လာသားသမီးများသည်**

အသက်(၄၇)နှစ်သည် စနေဂြိုဟ်အိပ်ပြီး၊ သောကြာဂြိုဟ် သက်ရောက်နေသဖြင့် ဘုမ္မိကြီးဖြစ်နေပါသည်။

**အင်္ဂါသားသမီးများသည်**

အသက်(၃၉)နှစ်၊ (၄၇)နှစ်များသည် ကြာသပတေးဂြိုဟ်အိပ်နေပြီး၊ တနင်္ဂနွေဂြိုဟ် သက်ရောက်နေသဖြင့် ဘုမ္မိကြီးဖြစ် နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများသည်**

အသက်(၄၇)နှစ်၊ (၅၅)နှစ်များသည် ရာဟုဂြိုဟ်အိပ်ပြီး၊ တနင်္လာဂြိုဟ် သက်ရောက်နေသဖြင့်ဘုမ္မိကြီး ဖြစ်နေပါသည်။

**ကြာသပတေးသားသမီးများသည်**

အသက်(၅၅)နှစ်တွင် တနင်္ဂနွေဂြိုဟ်အိပ်ပြီး၊ ဗုဒ္ဓဟူးဂြိုဟ်သက်ရောက်နေသဖြင့် ဘုမ္မိကြီး ဖြစ်နေပါသည်။





**သောကြာသားသမီးများသည်**

အသက်(၄၇)နှစ်တွင် အင်္ဂါဂြိုဟ်အိပ်ပြီး၊ ကြာသပတေးဂြိုဟ် သက်ရောက်နေသဖြင့် ဘုမ္မိကြီး ဖြစ်နေပါသည်။

**စနေသားသမီးများသည်**

အသက်(၄၁)နှစ်မှ (၆၂)နှစ်အတွင်း ဘုမ္မိသောကြာဂြိုဟ် အိပ်ပါသည်။

သောကြာနံနှင့် တနင်္ဂနွေနံတွဲထားသော အသားအားဆောင်ခြင်းဖြင့် ထို(၁)နှစ်တာအတွင်း အောင်မြင်ပြီးမြောက်ခရီးရောက်ပါလိမ့်မည်။

**ကြာသပတေးသက်ရောက်သော်........**

တနင်္ဂနွေနံအသားအား ဆောင်ခြင်း၊

အင်္ဂါနံအသားအားဆောင်ခြင်း၊

တနင်္ဂနွေနံနှင့် အင်္ဂါနံတွဲထားသော

www.burmeseclassic.com



အသားအားဆောင်ခြင်းဖြင့် ထို(၁)နှစ်တာအတွင်း အောင်မြင်ပြီးမြောက်ခရီးရောက်ပါလိမ့်မည်။

**ရာဟုသက်ရောက်သော်........**

တနင်္လာနံအသားအား ဆောင်ခြင်း၊

ဗုဒ္ဓဟူးနံအသားအားဆောင်ခြင်း၊

တနင်္လာနံနှင့် ဗုဒ္ဓဟူးနံတွဲထားသော အသားအားဆောင်ခြင်းဖြင့် ထို(၁)နှစ်တာအတွင်း အောင်မြင်ပြီးမြောက်ခရီးရောက်ပါလိမ့်မည်။

**သောကြာသက်ရောက်သော်........**

အင်္ဂါနံအသားအား ဆောင်ခြင်း၊

ကြာသပတေးနံအသားအား ဆောင်ခြင်း၊

အင်္ဂါနံနှင့် ကြာသပတေးနံတွဲထားသော အသားအားဆောင်ခြင်းဖြင့် ထို(၁)နှစ်တာအတွင်း အောင်မြင်ပြီးမြောက်ခရီးရောက်ပါလိမ့်မည်။





## ပြန်လှန်လေ့ကျင့်ခန်း (၄၇)

**(၁)မေးခွန်းများကို ဖြေဆိုပါ။**

(က)တနင်္ဂနွေသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(ခ)တနင်္လာသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(ဂ)အင်္ဂါသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(ဃ)ဗုဒ္ဓဟူးသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(င)ကြာသပတေးသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(စ)သောကြာသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(ဆ)စနေသက်ရောက်အတွက် အဆောင်ယတြာပေးပါ။

(ဇ)ရာဟုသက်ရောက်အတွက် အဆောင်ယတြာပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၄၈)

သုံးတန်ပေါ်နိမ်အရ နိမ်ယတြာပြုခြင်း

(၁၉၆) သုံးတန်ပေါ်နိမ်ပညာ အရ နိမ်ယတြာ ပြုခြင်းအကြောင်း

နိမ်မှပြဆီ၊ နံအမည်
မှတ်ပြီပစ္စည်းအား။
ပြမှနိမ်သွား၊ အမည်များ
တွဲများပြုယတြာ။
ထိုနံအမည်၊ အိပ်တူညီ

♠ ဟန်သာဆုစာပေ ♠



စွန့်ပြီဘုမ္မိသွား။
ပစ်ပေါက်ရေမျော၊ ဓါတ်သဘော
မနှောကြည်လင်ပြီ။

သုံးတန်ပေါ်နိမ်ပညာအရ ပြခွင်နှင့် တိကျွနိမ်နံတွဲထားသော အသား၊ အသီးကိုဖြစ်စေ၊ တိကျွနိမ်နှင့် ပြခွင်တွဲထားသော အသား၊ အသီး ဖြစ်စေ ကာယကံရှင်နှင့် တစ်ညအတူအိပ်စေပြီး နံနက်ပိုင်းတွင် ထိုအသီး၊ အသားအား ဘုမ္မိအရပ်ရှိ ရေစီးအားကောင်းသော ရေမြောင်း အတွင်း ပစ်ပေါက်စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့အဆိုးများ ဤသစ်သီး/အသားဖြင့်ပါ သွားပါစေဟု မေတ္တာပို့သပေးရင်း ရေမြောင်း အတွင်းသို့ ပစ်ပေါက်စွန့်ပစ်ခြင်းဖြင့်လည်း ကောင်း၊ ပြခွင်နှင့် တိကျွနိမ်နံတွဲထားသော အစား အစာကိုဖြစ်စေ၊ တိကျွနိမ်နှင့် ပြခွင်တွဲထားသော အစားအစာကိုဖြစ်စေ မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စက်များအား လှူဒါန်းပေး ရပါမည်။(မိမိကိုယ်တိုင်မစားရပါ။)

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူကောက်ယူနိုင်စေရန် တွက်ပြပေးထားပါသည်။

**တနင်္ဂနွေသက်ရောက်သော်.......**

ကြာသပတေးနှင့် တနင်္ဂနွေနံအတွဲ ဖြစ်သည့် မီးအိမ်ကိုဖြစ်စေ၊ တနင်္ဂနွေနံနှင့် ကြာသပတေးနံအတွဲဖြစ်သည့် အုန်းပင်ပေါက် ဖြစ်စေကို ညအတူထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီး အားကောင်းသော ရေမြောင်း အတွင်း ပစ်ပေါက် စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့ အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေ ဟု မေတ္တာ ပို့သပေးရင်း ရေမြောင်းအတွင်းသို့ ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊

တနင်္ဂနွေနံနှင့် ကြာသပတေးနံအတွဲ ဖြစ်သည့် အုန်းသီးပေါင်မုန့်ကို မြတ်စွာဘုရား ရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေး ရပါမည်။

**တနင်္လာသက်ရောက်သော်.......**

ဗုဒ္ဓဟူးနံနှင့် တနင်္ဂနွေနံအတွဲ ဖြစ်သည့်





လက်အိတ်ကိုဖြစ်စေ၊ တနင်္ဂနွေနံနှင့် ဗုဒ္ဓဟူး နံအတွဲဖြစ်သည့် အာလူးဖြစ်စေကို ညအတူထား သိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီးအားကောင်းသော ရေမြောင်းအတွင်း ပစ်ပေါက်စွန့်ပစ်ရင်း မောင်/မ . . . . . တွင်ရှိသော အညံ့အဆိုးများ ဤပစ္စည်း ဖြင့်ပါသွားပါစေဟု မေတ္တာပို့သပေးရင်း ရေမြောင်း အတွင်းသို့ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့်လည်း ကောင်း၊

တနင်္ဂနွေနံနှင့် ဗုဒ္ဓဟူးနံအတွဲ ဖြစ်သည့် အာလူးဟင်းနှင့် ဆွမ်းကို မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရပါမည်။

**အင်္ဂါသက်ရောက်သော်.......**

သောကြာနံနှင့် တနင်္လာနံအတွဲဖြစ် သည့် သခွားသီးကိုဖြစ်စေ၊ တနင်္လာနံနှင့် သောကြာနံအတွဲဖြစ်သည့် ကြက်သွန်ဖြစ်စေကို ညအတူထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီး အားကောင်းသော ရေမြောင်း အတွင်း ပစ်ပေါက် စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့



www.burmeseclassic.com

www.burmeseclassic.com



အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေ ဟု မေတ္တာ ပို့သပေးရင်း ရေမြောင်း အတွင်းသို့ ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊

တနင်္လာနံနှင့် သောကြာနံ အတွဲဖြစ် သည့် ကြက်သားဟင်းနှင့် ဆွမ်းကို မြတ်စွာဘုရား ရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရ ပါမည်။

**ဗုဒ္ဓဟူးသက်ရောက်သော်........**

သောကြာနံနှင့် တနင်္လာနံအတွဲဖြစ် သည့် သခွားသီးကိုဖြစ်စေ၊ တနင်္လာနံနှင့် သောကြာနံအတွဲဖြစ်သည့် ကြက်သွန်ကိုဖြစ်စေကို ညအတူထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီးအား ကောင်းသော ရေမြောင်း အတွင်း ပစ်ပေါက်စွန့် ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညှော် အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေဟု မေတ္တာ ပို့သပေးရင်း ရေမြောင်းအတွင်းသို့ ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊

တနင်္လာနံနှင့် သောကြာနံအတွဲ ဖြစ်





သည့် ကြက်သားဟင်းနှင့် ဆွမ်းကို မြတ်စွာဘုရား ရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရ ပါမည်။

**စနေသက်ရောက်သော်........**

စနေနံနှင့် အင်္ဂါနံအတွဲဖြစ်သည့် စုတ်တံ ကိုဖြစ်စေ၊အင်္ဂါနံနှင့် စနေနံအတွဲဖြစ်သည့် ဆန်ထုပ်ဖြစ်စေကို ညအတူထားသိပ်ပြီး ဘုမ္မိ အရပ်ရှိ ရေစီးအားကောင်းသော ရေမြောင်း အတွင်း ပစ်ပေါက် စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညှော် အဆိုးများ ဤပစ္စည်းဖြင့် ပါသွားပါစေ ဟု မေတ္တာ ပို့သပေးရင်း ရေမြောင်း အတွင်းသို့ ပစ်ပေါက်စွန့်ပစ်ခြင်းဖြင့် လည်း ကောင်း၊

အင်္ဂါနံနှင့် စနေနံအတွဲ ဖြစ်သည့် ဆိတ်နို့ ကို မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စင်များ အား လှူဒါန်းပေးရပါမည်။

**ကြာသပတေးသက်ရောက်သော်........**

တနင်္လာနံနှင့် ကြာသပတေးနံအတွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ခါးပတ်ကိုဖြစ်စေ၊ ကြာသပတေးနံနှင့် တနင်္လာနံအတွဲဖြစ်သည့် မီးခြစ်ဖြစ်စေကို ညအတူ ထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီးအားကောင်းသော ရေမြောင်းအတွင်း ပစ်ပေါက်စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့ အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေဟု မေတ္တာပို့သပေးရင်း ရေမြောင်းအတွင်းသို့ ပစ်ပေါက်စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊

ကြာသပတေးနံနှင့် တနင်္လာနံအတွဲဖြစ်သည့် မာလကာသီးကိုဖြစ်စေ၊ တနင်္လာနံနှင့် ကြာသပတေးနံအတွဲဖြစ်သည့် ကြက်မောက်သီးကိုဖြစ်စေ မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရပါမည်။

**ရာဟုသက်ရောက်သော်.......**

အင်္ဂါနံနှင့် သောကြာနံအတွဲ ဖြစ်သည့် ဇလုံအသစ်ကိုဖြစ်စေ၊ သောကြာနံနှင့် အင်္ဂါနံ အတွဲဖြစ်သည့် သစ်ဆိမ့်သားဖြစ်စေကို ညအတူ ထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီး အားကောင်းသော





ရေမြောင်းအတွင်း ပစ်ပေါက်စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့ အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေ ဟု မေတ္တာပို့သပေးကာ ရေမြောင်းအတွင်းသို့ ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊

အင်္ဂါနံနှင့် သောကြာနံအတွဲဖြစ်သည့် ဆိတ်သားဟင်းနှင့် ဆွမ်းကို မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရပါ မည်။

**သောကြာသက်ရောက်သော်.......**

ဗုဒ္ဓဟူးနံနှင့် စနေနံအတွဲ ဖြစ်သည့် ရေထုပ်ကိုဖြစ်စေ၊ စနေနံနှင့် ဗုဒ္ဓဟူးနံအတွဲဖြစ်သည့် နာရီအဟောင်းဖြစ်စေကို ညအတူထားသိပ်ပြီး ဘုမ္မိအရပ်ရှိ ရေစီးအားကောင်းသော ရေမြောင်းအတွင်း ပစ်ပေါက် စွန့်ပစ်ရင်း မောင်/မ. . . . . တွင်ရှိသော အညံ့ အဆိုးများ ဤပစ္စည်းဖြင့်ပါသွားပါစေဟု မေတ္တာ ပို့သပေးရင်း ရေမြောင်း အတွင်းသို့ ပစ်ပေါက် စွန့်ပစ်ခြင်းဖြင့် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



စနေနံနှင့် ဗုဒ္ဓဟူးနံအတွဲ ဖြစ်သည့် ဒူးရင်းသီးကို မြတ်စွာဘုရားရှင်နှင့် ရဟန်းသူတော်စင်များအား လှူဒါန်းပေးရပါမည်။

☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၄၈)

(၁)မေးခွန်းများကို ဖြေဆိုပါ။

(က)တနင်္ဂနွေသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

(ခ)တနင်္လာသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

(ဂ)အင်္ဂါသက်ရောက်အတွက် အလုပ်ရမည့် ယတြာကိုရှင်းပြပါ။

(ဃ)ဗုဒ္ဓဟူးသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

(င)ကြာသပတေးသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

(စ)သောကြာသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

(ဆ)စနေသက်ရောက်အတွက် အဆောင်ယတြာ ပေးပါ။

(ဇ)ရာဟုသက်ရောက်အတွက် လုပ်ရမည့် ယတြာကိုရှင်းပြပါ။

☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၄၉)

**ဆန်းဗေဒင်အရ သဘာဝယတြာပြုခြင်း**

ကိုယ်ခန္ဓာထိခိုက်ပျက်စီးတတ်သော ဘေးအန္တရာယ်များ ကြုံရမည့်အခါမျိုးတွင် ပြုလုပ်ရမည့် ယတြာဖြစ်ပါတယ်။

**(၁၉၇)ဆန်းဗေဒင်ပညာ အရသဘာဝယတြာပြုခြင်းအကြောင်း**

မိမိနံတူ၊ နေ့ကိုယူ
လုပ်မူယတြာ၊ မွေးနေ့မှာ
ပြုပါဝတ်စား၊ ညအိပ်ထား
စွန့်ဌားနံနက်၊ မီးရှို့လျှက်
ကုန်ချက်အကျီ၊ ရေမျောမည်
မှတ်ပြီပုဆိုး၊ ခံလေကျိုး
မှတ်ရိုးအောင်ရ၊ သဘာဝ
ပြုကြအမှန်ပါ။





အားပြည့်ကာကူ၊ ကိုယ့်နံတူ
ပေးလှူကာသွား၊ နံတူသား
ရှိငြားသီလ၊ ကုသိုလ်က
ဆက်ရက်ကောင်းမှာ။

ယတြာပြုလုပ်ပုံမှာ

(၁)မိမိမွေးနေ့နံနက်တွင် မိမိနံတူ အစားအစာများကိုအသင့်ဝယ်ယူကာ ပြင်ထားပါ။

(၂)မိမိနှင့်နံတူ သီလရှိသော ရဟန်းဖြစ်စေ၊ သီလရှင်ဖြစ်စေ၊ လူကြီးဖြစ်စေကို ကျွေးမွေးလှူဒါန်းပါ။

(၃)ထိုသို့လှူဒါန်းရင်း "....နေ့သားသမီး မောင်/မ.....တစ်ယောက် ဘေးအန္တရာယ်ကင်းရှင်းပြီး လာဘ်လာဘများ ဝင်လာပါစေ"ဟု ပြောပါ။

(၄)ထိုမွေးနေ့ညတွင် အင်္ကျီအစားဟောင်းများကို ဝတ်ဆင်ကာ အိပ်ရပါမည်။

(၅)နောက်နေ့နံနက်စောစောတွင် ထိုဝတ်အိပ်ထားသော အဝတ်အစားများကို လဲလှယ်ပါ။

(၆)အပေါ်မှ အင်္ကျီကို အိမ်ရှေ့မှာ မီးရှို့ရင်



www.burmeseclassic.com

www.burmeseclassic.com



"……. နေ့သားသမီး မောင်/မ. . . . ၏ မကောင်းသောအပြစ်ဒဏ်မှန်သမျှ သင်ခံ"ဟု ပြောပါ။

(၇)ပုဆိုး(သို့)လုံချည်(သို့)ဘောင်းဘီကို ရေစီးနေသော ချောင်းမှာ မျှောရင်း "…… နေ့သားသမီး မောင်/မ. . . . . ၏ မကောင်းသော အပြစ်ဒဏ်မှန်သမျှ သင်ခံ"ဟု ပြောပါ။

**ဗုဒ္ဓဟူးသားမောင်ရဲမြင့်အတွင် နမူနာ သဘာဝ ယတြာပြုလုပ်ပြရသော်…….**

(၁)မိမိမွေးနေ့ဗုဒ္ဓဟူးနံနက်တွင် မိမိနံတူအစားအစာဖြစ်သော လက်ဖက်ရည်နှင့် ရွှေကြည်များကို အသင့်ဝယ်ယူကာ ပြင်ထားပါ။

(၂)မိမိနှင့်နံတူ ဗုဒ္ဓဟူးသားသမီးဖြစ်သည့် သီလရှိသော ရဟန်းဖြစ်စေ၊ သီလ ရှင်ဖြစ်စေ၊ လူကြီးဖြစ်စေကို သွားရောက်ကျွေးမွေးလှူဒါန်းပါ။

(၃)ထိုသို့လှူဒါန်းရင်း "ဗုဒ္ဓဟူးနေ့သား မောင်ရဲမြင့် ဟစ်ယောက် ဘေးအန္တရာယ် ကင်းရှင်းပြီး လာဘ်လာဘများ ဝင်လာပါစေ"ဟု ပြောပါ။





(၄)ထိုမွေးနေ့ဗုဒ္ဓဟူးညတွင် အဝတ်အစားဟောင်းများကိုဝတ်ဆင်ကာ အိပ်ရပါမည်။

(၅)ကြာသပတေးနေ့နံနက်စောစောတွင် ထိုဝတ်အိပ် ထားသော အဝတ်အစားများကို လဲလှယ်ပါ။

(၆)အပေါ်မှ အင်္ကျီကို အိမ်ရှေ့မှာ မီးရှို့ရင်း "ဗုဒ္ဓဟူးနေ့သားသမီး မောင်ရဲမြင့်၏ မကောင်းသောအပြစ်ဒဏ်မှန်သမျှ သင်ခံ"ဟု ပြောပါ။

(၇)ပုဆိုး(သို့)လုံချည်(သို့)ဘောင်းဘီကို ရေစီးနေသောချောင်းမှာ မျှောရင်း "ဗုဒ္ဓဟူးနေ့သားသမီး မောင်ရဲမြင့်၏ မကောင်းသောအပြစ်ဒဏ် မှန်သမျှ သင်ခံ"ဟု ပြောပါ။

ဝတ်ဆင်ကာ အိပ်ရပါမည်။

**စနေသားမောင်တင်ဝင်းအတွင် နမူနာ သဘာဝ ယတြာပြုလုပ်ပြရသော်…….**

(၁)မိမိမွေးနေစနေနေ့နံနက်တွင် မိမိနံတူအစားအစာဖြစ်သော ဒန်ပေါက်ဖြစ်စေ၊ ထောပတ်ထမင်းဖြစ်စေကို အသင့်ဝယ်ယူကာ ပြင်ထားပါ။

(၂)မိမိနှင့်နံတူ စနေသားသမီးဖြစ်သည့် သီလ



www.burmeseclassic.com

ရှိသော ရဟန်းဖြစ်စေ၊ သီလ ရှင်ဖြစ်စေ၊ လူကြီးဖြစ်စေကို သွားရောက်ကျွေးမွေးလှူဒါန်းပါ။

(၃)ထိုသို့လှူဒါန်းရင်း "စနေနေ့သား မောင်တင်ဝင်းတစ်ယောက် ဘေးအန္တရာယ်ကင်း ရှင်းပြီး လာဘ်လာဘများ ဝင်လာပါစေ"ဟု ပြောပါ။

(၄)ထိုမွေးနေ့စနေညတွင် အဝတ်အစားဟောင်းများကိုဝတ်ဆင်ကာ အိပ်ရပါမည်။

(၅)တနင်္ဂနွေနေ့နံနက်စောစောတွင် ထိုဝတ်အိပ်ထားသော အဝတ်အစားများကို လဲလှယ်ပါ။

(၆)အပေါ်မှ အင်္ကျီကို အိမ်ရှေ့မှာ မီးရှို့ရင်း "စနေနေ့သားသမီး မောင်တင်ဝင်း၏ မကောင်းသောအပြစ်ဒဏ်မှန်သမျှ သင်ခံ"ဟု ပြောပါ။

(၇)ပုဆိုး(သို့)လုံချည်(သို့)ဘောင်းဘီကို ရေစီးနေသောချောင်းမှာ မျှောရင်း "စနေနေ့သားသမီး မောင်တင်ဝင်း၏ မကောင်းသောအပြစ်ဒဏ်မှန်သမျှ သင်ခံ"ဟု ပြောပါ။

☯☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၄၉)

(၁)မေးခွန်းများကို ဖြေဆိုပါ။

(က)တနင်္ဂနွေသား မောင်အောင်ဇော်အတွက် လုပ်ရမည့် သဘာဝယတြာကို ရှင်းပြပါ။

(ခ)ကြာသပတေးသား မောင်မြင့်ဇော်အတွက် လုပ်ရမည့် သဘာဝယတြာကို ရှင်းပြပါ။

☯☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၅၀)

**ဓါတ်ကြီးလေးပါးယတြာအကြောင်း**

(၁၉၈) **ဓါတ်ကြီးလေးပါးယတြာ ပြုခြင်းအကြောင်း**

သဲလေမီးရပ်၊ ဤလေးရပ်
မှတ်အပ်ဓါတ်လေးဖြာ။
လေးဆယ့်ငါးကျော်၊ ပြုလေသော်
သေခနော်လွတ်ကင်း၊ ကျန်းမာခြင်း။

ကျန်းမာရေးကောင်းမွန်စေရန် ပြုလုပ်ရသော အသက်ကယ်ယတြာဖြစ်ပါသည်။

♠ ယောကျ်ားကလေးဖြစ်ပါက လက်ယာလက်နှင့် တစ်တောင်၊ မိန်းကလေးဖြစ်ပါက လက်ဝဲလက်နှင့် တစတောင်ရှိ ပိတ်စတစ်စကိုယူပါ။

♠ ငှက်ပျောတုံးတစ်တောင်အပိုင်း(၄)ပိုင်းကို ယူပါ။

♠ သဲ(လက်ဆုပ်ဖြင့် အသက်ထက်တစ်ဆုပ်ပို)ကို ယူပါ။





♠ ရေ(ဖန်ခွက်ဖြင့် အသက်ထက်တစ်ခွက်ပို)ကို ယူပါ။

♠ မီး(ဖယောင်းတိုင် အသက်ထက်တစ်တိုင်ပို)ကို ယူပါ။

♠ ယပ်(စက္ကူယပ် အသက်ထက်တစ်တိုင်ပို)ကို ယူပါ။

**မိမိအိမ်ဘုရားတွင် ပြုလုပ်ပါရန်။**

**မိမိမွေးနေ့မတိုင်မီနေ့တွင် ကြိုတင်ကာ မြတ်စွာဘုရား၊ ရဟန္တာများ၊ ဂြိုဟ်(၈)လုံးစောင့်နတ်မင်းများ၊ သာသနာစောင့်နတ်မင်းနှင့် နတ်ဗြဟ္မာ အပေါင်းကို ကြိုတင်ပင့်ဖိတ်ထားရမည်။**

**မိမိမွေးနေ့နံနက်စောစောအရုဏ်တက်ချိန်တွင်.........**

စားပွဲခုံပေါ်တွင် ပိတ်စကိုခင်းပါ။

ငှက်ပျောတုံး(၄)တုံးကို ဘောင်ခတ်ပါ။

ပထဝီဓါတ်အရ သဲကို(အသက်ထက်တစ်ဆုပ်ပို) လက်ဆုပ်ပြီး ဖြန့်ခင်းပါ။

ဆွမ်း(၅)ပွဲ(သို့) (၂၀)ပွဲ တန်းစီထည့်ပါ။

အာပေါဓါတ်အရ ရေခွက်(အသက်ထ…



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက်ပို)ကို တန်းစီထည့်ပါ။

တေဇောဓါတ်အရ မီး(အသက်ထက်တစ်တိုင်ပို)ကို ငှက်ပျောတုံးပေါ်တွင် မီးထွန်းပါ။

ဝါယောဓါတ်အရ ယပ်(အသက်ထက်တစ်ခုပို)ကို ငှက်ပျောတုံးပေါ်တွင် စိုက်ပါ။

**အရင်ဆုံးဘုရားထဲတွင်လှူဒါန်းပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန်ဆုတောင်းပါ၊**

**ထို့နောက် ကြိုဟ်မင်းကြီး(၈)ပါးကို ပင့်ဖိတ်ကာ လှူဒါန်းပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက် သာသနာစောင့်နတ်မင်းကြီးများကို ပင့်ဖိတ်ကာလှူဒါန်းပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက် နတ်ပြဟ္မာအပေါင်းကို ပင့်ဖိတ်ကာ လှူဒါန်းပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက်ဝိဇ္ဇာဇော်ဂျီ တပသီအပေါင်းကို ပင့်ဖိတ်ကာ လှူဒါန်းပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါး**





**ခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက် အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းကို ပင့်ဖိတ်ကာ လှူဒါန်း ပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက် ဘုံမြို့ရပ်အပေါင်းကို ပင့်ဖိတ်ကာ လှူဒါန်း ပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက်သိုက်နန်းရှင်အပေါင်းကို ပင့်ဖိတ်ကာ လှူဒါန်း ပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက်ဝေမာတိကအပေါင်းကို ပင့်ဖိတ်ကာ လှူဒါန်း ပြီး ကျန်းမာရေးကောင်းမွန်စေရန်နှင့် ဓါတ်လေးပါးခိုင်မြဲစေရန် ဆုတောင်းပါ၊**

**ထို့နောက်သာစုအနုမောဒနာ ခေါ်ဆိုပေးပါ၊**

**အားလုံးလှူဒါန်းပြီးသောအခါ.........**

ခင်းထားသောပိတ်ဖြူကို အလယ်တွင် ကြက်ခြေခတ်ပြီး ကြီးလေးကြီးအက္ခရာများဖြစ်သော" က ယ ဏ ဠ "ကို ရေးကာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးလှူဖွယ်အစုစုကို ပိတ်စဖြင့် ရေစီးနေသော မြစ်ချောင်းများတွင် ရေစုန်ဖြင့်မျှောပါ။

ဤဓါတ်လေးပါးယတြာကို ပြုလုပ်သောသူသည်

(က) ရောဂါဘယကင်းဝေးခြင်း၊

(ခ) ဓါတ်လေးပါး ညီညွတ်မှုတလာကာ ကျန်းမာရေးအထူးကောင်းမွန်လာခြင်း၊

(ဂ) စီးပွားရေးအောင်မြင်လာခြင်း၊

(ဃ) လူမှုရေးကိစ္စများတွင် အောင်မြင်လာခြင်း၊

(င) လာဘ်လာဘများပေါ်များလာခြင်း စသောကောင်းကျိုးများ ရရှိလာပါလိမ့်မယ်။

မှတ်ချက်။ ။ပိတ်စသည် အသစ်ဖြစ်ရမည်။ စက္ကူယပ်တွင် အနာအဆာ မပါစေရပါ။

ဗြိုဟ်နတ်မင်းကြီးများအားကပ်ရာတွင် မိမိမွေးနေ့မှစကာ အဌလက်ခွင်အတိုင်း ကပ်သွားရပေမည်။

☯☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၂၀)

(၁)မေးခွန်းများကို ဖြေဆိုပါ။

(က)ဓါတ်လေးပါးယတြာ အကြောင်းကိုရှင်းပြပါ။

☯☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလျှယ်ဟောပြောနည်း

### သင်ခန်းစာ (၅၁)

မြန်မာ့ပညာ အရ အဆောင် ယတြာ ပြုခြင်း

(၁၉၉) မဟာဘုတ်အရအဆောင်ယတြာ ပြုခြင်းအကြောင်း

မဟာဘူတ၊ သီထားကြ
ယူရအကောင်းသာ။
ပုတိဘင်္ဂ၊ မရဏာ
ပယ်ကြဝေးဝေးကွာ။
ကျန်သောဌာန၊ ရွေးချယ်ပါ
ဆောင်တာလွန်ကောင်းကျိုး။

မိမိ၏ မူလမဟာဘုတ်ခွင်မှ ပုတိ၊ ဘင်္ဂ၊ မရဏာကျနေသော ဂြိုဟ်များကိုပယ်ပြီး အထွန်း၊ သိုက်၊ ရာဇနှင့် အင်္ဂါဂြိုဟ်များကို အရင်ရွေးချယ်ခြင်းဖြင့် မဟာဘုတ်ဗေဒင်ပညာအရ အဆောင်





ယတြာကို ရမည်ဖြစ်ပါတယ်။

♠ (၁)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၂)ကြွင်းသားသမီးများအတွက် တနင်္လာ၊ အင်္ဂါနှင့်ကြာသပတေးကိုပယ်ပြီး ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၃)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၄)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၅)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၆)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

♠ (၀)ကြွင်းသားသမီးများအတွက် တနင်္ဂနွေ၊ တနင်္လာနှင့် ဗုဒ္ဓဟူးကိုပယ်ပြီး အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် စနေသည် အဆောင်ယတြာဖြစ်ပါသည်။

**ဒါဆိုရင် ရွေးချယ်တတ်လောက်ပေပြီ။**

**(၂၀၀) အင်္ဂဝိဇ္ဇာပညာ အရအဆောင်ယတြာ ပြုခြင်းအကြောင်း**

**အင်္ဂဝိဇ္ဇာ၊ နည်းပညာ**

**သေချာသိထားပါ။**

**အထက်ဆောင်ပန်း၊ အောက်နင်းကြမ်း**

**မှတ်စမ်းအသေချာ။**





**အဆောင်လုပ်ရန်၊ အထက်မှန်**

**ဆောင်မြန်အောင်ဖို့ပါ။**

မိမိ၏ မွေးနံအင်္ဂဝိဇ္ဇာအရ အထက် ဆောင်ပန်း၊ အောက်နင်းကြမ်းဖြစ်သောကြောင့် စတုရန်း(နာ) အဖြစ်(ဝိုက်) တြိရန်း(ပျက်) တို့ကိုပယ်ကာ ပဉ္စပွတ်(နဝင်း) အညွှန့်(စီးပွား) ဆပွတ်(စုတ်)တို့ကိုသာ ဆောင်ရမည်ဖြစ်ပါတယ်။

♠ တနင်္ဂနွေသားသမီးများအတွက် ဗုဒ္ဓဟူး၊ စနေနှင့် အင်္ဂါနံကိုပယ်ပြီး ကြာသပတေး၊ တနင်္လာနှင့် သောကြာနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

♠ တနင်္လာသားသမီးများအတွက် ကြာသပတေး၊ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနံကိုပယ်ပြီး သောကြာ၊ အင်္ဂါနှင့် စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

♠ အင်္ဂါသားသမီးများအတွက် သောကြာ၊ တနင်္လာနှင့် ကြာသပတေးနံကိုပယ်ပြီး စနေ၊ ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

♠ ဗုဒ္ဓဟူးသားသမီးများအတွက် စနေ၊ အင်္ဂါ နှင့်



www.burmeseclassic.com

www.burmeseclassic.com



သောကြာနံကိုပယ်ပြီး တနင်္ဂနွေ၊ ကြာသပတေးနှင့် တနင်္လာနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

♠ ကြာသပတေးသားသမီးများအတွက် တနင်္ဂနွေ၊ ဗုဒ္ဓဟူးနှင့် စနေနံကိုပယ်ပြီး တနင်္လာ၊ သောကြာနှင့် အင်္ဂါနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

♠ သောကြာသားသမီးများအတွက် တနင်္လာ၊ ကြာသပတေး နှင့် တနင်္ဂနွေနံကိုပယ်ပြီး အင်္ဂါ၊ စနေနှင့် ဗုဒ္ဓဟူးနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

♠ စနေသားသမီးများအတွက် အင်္ဂါ၊ သောကြာနှင့် တနင်္လာနံကိုပယ်ပြီး ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ ကြာသပတေးနံ၊ တနင်္လာနှင့် သောကြာ နံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**(မဟာဘုတ်နှင့်အင်္ဂဝိဇ္ဇာပညာ အရအဆောင် ယတြာပြုခြင်း အကြောင်း)**

**♠ မဟာဘုတ် (၁) ကြွင်း**

**တနင်္ဂနွေသားသမီးများအတွက်........**

ကြာသပတေးနှင့်သောကြာနံသည် အ ဆောင်ယတြာဖြစ်ပါတယ်။

**တနင်္လာသားသမီးများအတွက်....**

အင်္ဂါ၊သောကြာနှင့်စနေနံသည် အ ဆောင်ယတြာ ဖြစ်ပါတယ်။

**အင်္ဂါသားသမီးများအတွက်.......**

စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများအတွက်.....**

ကြာသပတေးနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**ကြာသပတေးသားသမီးများအတွက်.....**

အင်္ဂါနှင့် သောကြာနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**သောကြာသားသမီးများအတွက်.....**

အင်္ဂါနှင့်စနေနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**စနေသားသမီးများအတွက်......**

ကြာသပတေးနံသည် အဆောင်ယတြာဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



♠ မဟာဘုတ် (၂)ကြွင်း

တနင်္ဂနွေသားသမီးများအတွက်.....

သောကြာနံသည် အဆောင်ယတြာဖြစ်ပါတယ်။

တနင်္လာသားသမီးများအတွက်....

သောကြာနှင့် စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

အင်္ဂါသားသမီးများအတွက်...

တနင်္ဂနွေ၊ဗုဒ္ဓဟူးနှင့်စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

ကြာသပတေးသားသမီးများအတွက်.....

သောကြာနံ သည် အဆောင်ယတြာဖြစ်ပါတယ်။

သောကြာသားသမီးများအတွက်....

ဗုဒ္ဓဟူးနှင့် စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

စနေသားသမီးများအတွက်.....

တနင်္ဂနွေနှင့်ဗုဒ္ဓဟူး နံသည် အဆောင်ယတြာဖြစ်ပါတယ်။





♠ မဟာဘုတ် (၃)ကြွင်း

တနင်္ဂနွေသားသမီးများအတွက်...

တနင်္လာနှင့် ကြာသပတေးနံသည် အဆောင်ယတြာ ဖြစ်ပါ တယ်။

တနင်္လာသားသမီးများအတွက်....

အင်္ဂါ၊သောကြာနှင့်စနေနံသည် အဆောင်ယတြာဖြစ်ပါ တယ်။

အင်္ဂါသားသမီးများအတွက်....

စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

ဗုဒ္ဓဟူးသားသမီးများအတွက်....

တနင်္ဂနွေ၊ တနင်္လာ နှင့် ကြာသပတေးနံသည် အဆောင် ယတြာဖြစ်ပါ တယ်။

ကြာသပတေးသားသမီးများအတွက်...

တနင်္လာနံ သည် အဆောင်ယတြာဖြစ်ပါတယ်။

သောကြာသားသမီးများအတွက်...

စနေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

စနေသားသမီးများအတွက်.....

တနင်္ဂနွေနှင့်ကြာသပတေးနံသည် အဆောင်



www.burmeseclassic.com

www.burmeseclassic.com



ယတြာဖြစ်ပါ တယ်။

## ♠ မဟာဘုတ် (၄)ကြွင်း

**တနင်္ဂနွေသားသမီးများအတွက်...**

တနင်္လာနှင့် သောကြာနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**တနင်္လာသားသမီးများအတွက်...**

အင်္ဂါနှင့် သောကြာနံသည် အဆောင်ယတြာဖြစ်ပါ တယ်။

**အင်္ဂါသားသမီးများအတွက်....**

တနင်္ဂနွေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများအတွက်...**

တနင်္ဂနွေနှင့်တနင်္လာနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**ကြာသပတေးသားသမီးများအတွက်...**

တနင်္လာ၊ အင်္ဂါနှင့် သောကြာနံသည် အဆောင် ယတြာဖြစ်ပါ တယ်။

**သောကြာသားသမီးများအတွက်...**

အင်္ဂါနံသည် အဆောင်ယတြာဖြစ်ပါတယ်။





**စနေသားသမီးများအတွက်....**

တနင်္ဂနွေနံသည် အဆောင်ယတြာဖြစ်ပါတယ်။

## ♠ မဟာဘုတ် (၅)ကြွင်း

**တနင်္ဂနွေသားသမီးများအတွက်....**

တနင်္လာနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**တနင်္လာသားသမီးများအတွက်...**

အင်္ဂါနှင့် စနေနံသည် အဆောင်ယတြာဖြစ်ပါ တယ်။

**အင်္ဂါသားသမီးများအတွက်...**

ဗုဒ္ဓဟူးနှင့်စနေနံသည် အဆောင်ယတြာ ဖြစ်ပါ တယ်။

**ဗုဒ္ဓဟူးသားသမီးများအတွက်....**

တနင်္လာနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**ကြာသပတေးသားသမီးများအတွက်...**

တနင်္လာနှင့် အင်္ဂါနံသည် အဆောင်ယတြာဖြစ်ပါ တယ်။

**သောကြာသားသမီးများအတွက်...**

အင်္ဂါ၊ဗုဒ္ဓဟူးနှင့်စနေနံသည် အဆောင် ယတြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

**စနေသားသမီးများအတွက်...**

ဗုဒ္ဓဟူးနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**♠ မဟာဘုတ် (၆) ကြွင်း**

**တနင်္ဂနွေသားသမီးများအတွက်...**

ကြာသပတေးနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**တနင်္လာသားသမီးများအတွက်...**

အင်္ဂါနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**အင်္ဂါသားသမီးများအတွက်...**

တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများအတွက်...**

တနင်္ဂနွေနှင့် ကြာသပတေးနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**ကြာသပတေးသားသမီးများအတွက်...**

အင်္ဂါနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**သောကြာသားသမီးများအတွက်...**





အင်္ဂါနှင့်ဗုဒ္ဓဟူးနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**စနေသားသမီးများအတွက်...**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး နှင့်ကြာသပတေးနံသည် အဆောင်ယတြာ ဖြစ်ပါတယ်။

**♠ မဟာဘုတ် (၀) ကြွင်း**

**တနင်္ဂနွေသားသမီးများအတွက်....**

တနင်္လာ၊ ကြာသပတေးနှင့်သောကြာနံသည် အဆောင်ယ တြာဖြစ်ပါတယ်။

**တနင်္လာသားသမီးများအတွက်...**

သောကြာနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**အင်္ဂါသားသမီးများအတွက်..**

ဗုဒ္ဓဟူးနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**ဗုဒ္ဓဟူးသားသမီးများအတွက်...**

တနင်္လာနှင့် ကြာသပတေးနံသည် အဆောင် ယတြာ ဖြစ်ပါ တယ်။

**ကြာသပတေးသားသမီးများအတွက်...**

တနင်္လာနှင့်သောကြာနံသည် အဆောင်ယတြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

**သောကြာသားသမီးများအတွက်...**

ဗုဒ္ဓဟူးနံသည် အဆောင်ယတြာဖြစ်ပါတယ်။

**စနေသားသမီးများအတွက်...**

ဗုဒ္ဓဟူးနှင့် ကြာသပတေးနံသည် အဆောင်ယတြာဖြစ်ပါ တယ်။

☯☯☯☯☯☯☯☯☯





## ပြန်လှန်လေ့ကျင့်ခန်း (၅၁)

**(၁) အောက်ပါမေးခွန်းများကိုဖြေဆိုပါ။**

(က) မဟာဘုတ်(၁)ကြွင်း ကြာသပတေးသားသမီး များအတွက် အဆောင်ယတြာကို ရှင်းပြပါ။

(ခ) မဟာဘုတ်(၂)ကြွင်း အင်္ဂါသားသမီးများ အတွက် အဆောင်ယတြာကိုရှင်းပြပါ။

(ဂ) မဟာဘုတ်(၃)ကြွင်း တနင်္ဂနွေသားသမီးများ အတွက် အဆောင်ယတြာကိုရှင်းပြပါ။

(ဃ) မဟာဘုတ်(၄)ကြွင်း စနေသားသမီးများ အတွက် အဆောင်ယတြာကိုရှင်းပြပါ။

(င) မဟာဘုတ်(၆)ကြွင်း ဗုဒ္ဓဟူးသားသမီးများ အတွက် အဆောင်ယတြာကိုရှင်းပြပါ။

☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၅၂)

### အင်္ဂလိပ်ဗေဒင်ပညာအရ နဝင်းယတြာ ပြုလုပ်ခြင်း

**(၂၀၂) အင်္ဂလိပ်ဗေဒင်ပညာ အရ နဝင်းယတြာ ပြုခြင်း**

အထက်ဆောင်ပန်း၊ ညွှန့်လျှုစမ်း
မှတ်တမ်းပန်းအိုးမှာ၊
ထိုင်ရန်ခင်းစမ်း၊ အောက်နင်းကြမ်း
ဖျာ ကြမ်းအောက်မှာသာ၊
ဆန်၊ ဆီကိုထား၊ လက်ဖက်များ
ကွမ်းကားအကြမ်းပါ
ချည်မန်းသုံးကွင်း၊ စွပ်ထားခြင်း
မယွင်းသိစေရာ၊
ဖရောင်းကိုးတိုင်၊ အမွှေးတိုင်





ပြိုင်ပြိုင်ထွန်းညှိပါ။
သက်စေ့နှစ်ကြိမ်၊ နှင်းလိုက်ချိန်
မှတ်စိမ်ကျားယာမှာ၊
ပြီးစီးချိန်ဌား၊ ရိုက်လို့ထား
မှတ်သား သက်စေ့သာ၊
ထက်မှအောက်သို့၊ ချိန်ရိုက်စို့
မှတ်ဖို့အသေချာ၊
မွေးရက်နံနက်၊ နဝင်းတက်
လုပ်ချက်အောင်ကြောင်းဖြာ၊
စွန့်လွှတ်ဘုမ္မိ၊ ဆပွတ်သိ
အောင်ဘိနဝင်း၊ သောကကင်း။

**နဝင်းယတြာပြုရန်မှာ .........**

♠ ဘုရားခန်း၊ ဗေဒင်ဟောခန်းအတွင်းတွင် ပြုလုပ်ရမည်။

♠ မိမိမွေးနေ့ နံနက်(၉)နာရီမှ (၁၀)နာရီခွဲ အတွင်းတွင် ပြုလုပ်ရမည်။

♠ မိမိ၏အထက်ဆောင်ပန်းအညွှန့်ဖြစ်စေ၊ ပန်းဖြစ်စေ ဂြိုဟ်သက်အတိုင်းကို ပန်းအိုးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘုရားအားလှူထားရမည်။

♠ ဆန်(၉)လုံးကို ဆန်ကောတွင်ထည့်ပါ။

♠ ဆီ(၉၀)ကျပ်သားကို ဗူး၊ ပုလင်းတွင်ထည့်ပြီး ဆန်ကောတွင်ထည့်ပါ။

♠ ငွေ(၉၀၀၀ိ/-)ကျပ်ကို စာအိတ်တွင်ထည့်ပြီး ဆန်ကောတွင်ထည့်ပါ။

♠ ကွမ်းအကြမ်း(၉)ယာကို ဗူး၊ ပုလင်းတွင်ထည့်ပြီး ဆန်ကောတွင်ထည့်ပါ။

မှတ်ချက်။ ။ကွမ်းအကြမ်းဆိုသည်မှာ ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဗမာဆေးတို့သာ ပါသောကွမ်းယာ ဖြစ်သည်။

♠ လက်ဖက်အသားကို (၉)လုံးလုံးကာ ပန်းကန်ပြားတွင်ထည့်ပြီး ဆန်ကောတွင်ထည့်ပါ။

♠ ချည်မန်းကွင်း(၃)ခုလုပ်ပါ။

မှတ်ချက်။ ။

(၁)ချည်အပ်ချည်ဖြင့် လက်တစ်လံ တိုင်းပါ။

(၂)ထိုအပ်ချည်လက်တစ်လံကို (၉) ပြန်ပြန်ပါ။

(၃)တစ်ထွာခန့်အကွာတွင် တစ်ထုံးဖြင့် (၈)ထုံး





ထုံးပါ။

(၄) အစနှစ်စကို တစ်ထုံးထုံးပါ။

(၅) ထိုအခါ(၉)ထုံးပါ ချည်မန်းကွင်း တစ်ကွင်း ရမည်။

(၆)ထိုကဲ့သို့အထုံး(၉)ထုံးပါချည်မန်းကွင်း(၃)ကွင်း လုပ်ရမည်။

♠ ချည်မန်းကွင်း(၁)ကွင်းကို ညာဘက်မှ စလွယ် သိုင်းထားပါ။

♠ ချည်မန်းကွင်း(၁)ကွင်းကို ဘယ်ဘက်မှစလွယ် သိုင်းထားပါ။

♠ ချည်မန်းကွင်း(၁)ကွင်းကို ခါးကိုပတ်ထားပါ။

♠ မြတ်စွာဘုရားအား ဖရောင်းဟိုင်(၉)တိုင် ထွန်းညှိပူဇော်ပါ။

♠ မြတ်စွာဘုရားအား အမွှေးတိုင်(၉)တိုင် ထွန်းညှိ ပူဇော်ပါ။

♠ မြတ်စွာဘုရားအား ရေချမ်း(၉)ခွက် ကပ်လှူ ပေးပါ။

♠ မိမိ၏အောက်မှင်းကြမ်းအရွက် ဂြိုဟ်သိုက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းကို နဝင်းထိုင်မည့်နေရာတွင် ဘုရားစင်ထံသို့ဦးတိုက်ကာ စီခင်းထားရမည်။

**မိမိနဝင်းထိုင်ရမည့်နေရာတွင် မတ်တတ်ရပ် ရင်း ကနေ.....**

ကျွန်တော်/ကျွန်မ. . . . . . . . . . . . . သည် နဝင်း(၉)မျိုး ဖြစ်သည့် ဆန်၊ဆီ၊ငွေ၊ ကွမ်းယာ၊ လက်ဖက်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ရေချမ်းနှင့် ချည်မန်းကွင်းတို့ဖြင့် နဝင်းယတြာ အားပြုလုပ်ပါသည်။ အောက်မှနင်းကြမ်းဖြစ်သော စတုရန်း၊ အမြစ်နှင့်တြိရန်းနံသင့်အရွက်များအား ကျွန်တော်/ကျွန်မ၏အသက်အတိုင်း နင်းပေးပါသည်။ ထို့ကြောင့် ကျွန်တော်/ကျွန်မ၏ အဆိုး အညံ့များသည် ဤအရွက်များအတွင်းသို့ ရောက်သွားပါစေသတည်း။ ဟုပြောကာယောကျ်ားကလေးများက ညာဘက်မှ၊ မိန်းကလေးများက ဘယ်ဘက်မှစကာ အသက်၏ (၂)ဆ အရေအတွက်အတိုင်း နင်းကြရပါမည်။

နင်းပြီးနောက် မြတ်စွာဘုရားအား အာရုံပြုကာ ပုတီးစိပ်ရင်းမီးငြိမ်းသည် အထိစောင့်ရ





ပါမည်။

**မီးပူဖော်ပြီးသည့်နောက်.......**

ကျွန်တော်/ကျွန်မ. . . . . . . . . . . . သည်နဝင်း (၉)မျိုးဖြစ်သည့် ဆန်၊ဆီ၊ငွေ၊ကွမ်းယာ၊ လက်ဖက်၊ဖယောင်းတိုင်၊အမွှေးတိုင်၊ရေချမ်းနှင့်ချည်မန်းကွင်း တို့ဖြင့်နဝင်းယတြာအား ပြုလုပ်ပါသည်။ အောက်မှနင်းကြမ်း ဖြစ်သောစတုရန်း၊ အမြစ်နှင့် တြိရန်းနံသင့်အရွက်များအား ကျွန်တော်/ကျွန်မ၏အသက်အတိုင်း နင်းပေးပါသည်။ ထို့ကြောင့် ကျွန်တော်/ကျွန်မ၏ အဆိုးအညံ့များ သည်ဤအရွက်များအတွင်းသို့ ရောက်သွားပါစေသတည်း။ဟုပြောကာ ယောကျ်ား လေးများက ညာဘက်မှ၊ မိန်းကလေးများက ဘယ်ဘက်မှစကာ အသက်၏(၂)ဆ အရေအတွက်အတိုင်း ဒုတိယအကြိမ်နင်းကြရပါမည်။

ထို့နောက် မြတ်စွာဘုရားအား အာရုံပြုကာ မတ်တတ်ရပ်နေစဉ် ဆပွတ်သားဖြစ်စေ၊ ဗေဒင်ဆရာဖြစ်စေကာ ထိုးလှူထားသော အညွှန့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းများဖြင့် အထက်မှအောက်သို့(ပြန်မတက်ရပါ) သက်စေ့အချက်ရေအတိုင်း သပ်(ရိုက်)ချပေးရမည်။ ရိုက်နေစဉ် မိမိတွင်ရှိသော အညံ့များပါသွားပါစေဟု ဆုတောင်းရပေမည်။

**ချည်မန်းကွင်းများကို ချွတ်ချပြီးနောက်**

ကျွန်တော်/ကျွန်မ. . . . . . . . . . .

သည် နဝင်း(၉)မျိုးဖြစ်သည့် ဆန်၊ဆီ၊ငွေ၊ကွမ်းယာ၊လက်ဖက်၊ဖရောင်းတိုင်၊အမွှေးတိုင်၊ရေချမ်းနှင့် ချည်မန်းကွင်းတို့ဖြင့် နဝင်းယတြာ အားပြုလုပ်ပါသည်။ အောက်မှၫင်းကြမ်းဖြစ်သော စတုရန်း၊ အမြစ်နှင့်တြိရန်းနံသင့်များအား ကျွန်တော်/ကျွန်မ၏အသက်အတိုင်းနင်းပေးပါသည်။ ထို့ကြောင့် ကျွန်တော်/ကျွန်မ၏ အဆိုးအညံ့ များသည် ဤအရွက်များအတွင်း သို့ရောက်သွားပါစေသတည်း။ ဟုပြောကာ ယောကျ်ားလေးများကညာဘက်မှ၊ မိန်းကလေး များက ဘယ်ဘက်မှစကာ အသက်၏(၂) အရေအတွက် အတိုင်းတတိယအကြိမ်ထပ်နင်းကြရပါမည်။





ပြီးနောက် နင်းထားသော နေရာမှ ထွက်ပါ။ ဗေဒင်ဆရာကဖြစ်စေ၊ ဆပွတ်သားသမီးကဖြစ်စေ၊ ထိုအရွက်များ၊ အညှာနုံများ၊ လက်ဖက်များ၊ ကွမ်းယာများကို ဘုမ္မိအရပ်ရှိ အမှိုက်ပုံတွင် သွားစွန့်ပေးရမည်။

ဆန်ကို ဗေဒင်ဆရာက ဆွမ်းတော်ကပ်ပေးပါ။ ဆွမ်းဆန်လောင်း လှူပေးပါ။ ချည်မန်းကွင်းဖြင့်ဆီမီးပူဇော်ပေးပါ။

☯☯☯☯☯☯☯☯☯

<u>ပြန်လှန်လေ့ကျင့်ခန်း (၅၂)</u>

(၁)အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) နဝင်းယတြာအကြောင်းကို ရှင်းပြပါ။

☯☯☯☯☯☯☯☯☯



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၅၃)

ဆန်းဗေဒင်အရ ကာရကယတြာပြုခြင်း

(၂၀၃) ကာရကအဆောင်ယတြာပြုခြင်းအကြောင်း

ကာရကပြု၊ ယတြာမှု
သိစုပြုစေရာ၊
ကတ္တုနိဋ္ဌ၊ ကြိမ်ကြိမ်ပြု
ပြုကြအိမ်သာ၊ လမ်းရှင်းတာ
ကျန်းမာ မြတ်ယတြာ၊
သာမိပိုင်ဆိုင်၊ လှူလေမြိုင်
ကိုယ်ပိုင်ပစ္စည်း၊ ပေးလေပြီး
မငြီးရညစ္စာ။
သမ္ပဒါန၊ အိမ်ဆောင်ပြု
ပြုရသူအများ၊ ကောင်းမှုအား
လှူကြြားစုပေါင်းကာ။





♠ ကတ္တုကာရကယတြာသည် အနိဋ္ဌယတြာ ဖြစ်သောကြောင့်လည်းကောင်း၊ အကြိမ်ကြိမ် လုပ်ရသော ယတြာဖြစ်သောကြောင့်လည်း ကောင်း အောက်ပါယတြာများကို လုပ်ပေးရပါ မည်။

မိမိ၏ကျန်းမာရေးအတွက် မိမိနှင့် နံတူအမည်ရှိသောဘုန်းတော်ကြီးကျောင်းများရှိ အိမ်သာ(ကုဋီ)များကို မကြာမကြာဆေးပေးပါ။ မိမိနှင့်နံတူအမည်ရှိသော အများသုံးအိမ်သာ များကို မကြာမကြာဆေးပေးပါ။ မိမိနှင့်နံတူ အမည်ရှိသောလမ်းများကို သန့်ရှင်းရေးလုပ် ပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင် မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက် ဘုရားများတွင် အမှိုက်လှည်းပေးပါ။ အိမ်သာ ဆေးပေးပါ။

♠ သာမိကာရကယတြာသည် ဣဋ္ဌယတြာ ဖြစ်သောကြောင့်လည်းကောင်း၊ ပိုင်ဆိုင်မှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သော ယတြာဖြစ်သောကြောင့်လည်းကောင်း၊ အောက်ပါယတြာများကို လုပ်ပေးရပါမည်။

မိမိငွေကံကောင်းစေရန်အတွက် မိမိနှင့်နံတူအမည်ရှိသော ဘုရားများသို့ မိမိပိုင်ဆိုင်သည့် အေးချမ်းစေသော ပစ္စည်းများကို မကြာမကြာ လှူဒါန်းပေးပါ။ မိမိနှင့်နံတူအမည်ရှိသော ဘုန်းတော်ကြီးကျောင်းများသို့ မိမိပိုင်ဆိုင်သည့် အေးချမ်းစေသော ပစ္စည်းများကိုမကြာမကြာ လှူဒါန်းပေးပါ။ မိမိနှင့်နံတူနေ့သားသမီးများကို ပိုင်ဆိုင်သည့် အေးချမ်းစေသောပစ္စည်းများကို မကြာမကြာ လှူဒါန်းပေးပါ။

ဥပမာ ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်များသို့ ရေသန့်စက်၊ ရေခဲသေတ္တာ၊ ရေသန့်ဗူး တစ်ခုခုလှူပေးပါ။

♠ သမ္ပဒါနကာရကယတြာသည် ဏ္ဍယတြာ ဖြစ်သောကြောင့်လည်းကောင်း၊ နှစ်ဦးပိုင်၊ အများပိုင်လုပ်ရသောယတြာဖြစ်သောကြောင့်လည်းကောင်း၊





အောက်ပါယတြာကို လုပ်ပေးရပါမည်။

မိမိ၏အိမ်ထောင်ရေးကောင်းစေရန်နှင့် အများနှင့်စပ်တူလုပ်ရသောလုပ်ငန်းများကောင်းစေရန်အတွက် မိမိနှင့်နံတူအမည်ရှိသော ဘုန်းတော်ကြီးကျောင်းများ၏ မြင့်သောနေရာဌာနများအတွက် စုပေါင်းဒါနတွင် ပါဝင်လှူဒါန်းပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားများသို့ သွပ်၊ နာရီ၊ မျက်နှာကျက်၊ မီးချောင်း၊ မီးဆိုင်း တစ်ခုခုလှူပေးပါ။

♠ ကမ္မကာရကယတြာသည် အနိဋ္ဌယတြာ ဖြစ်သောကြောင့်လည်းကောင်း၊ အလုပ်သစ်ပြုလုပ်ရသောယတြာဖြစ်သောကြောင့် လည်းကောင်း အောက်ပါယတြာများကို လုပ်ပေးရပါမည်။

မိမိ၏အလုပ်အကိုင်သစ်၊ အကြံအစည်သစ်များ အောင်မြင်စေရန်အတွက် မိမိနှင့်နံတူအမည်ရှိသောဘုရားများ၊ မိမိနှင့်နံတူအမည်ရှိသော ဘုန်းတော်ကြီးကျောင်းများသို့ အသစ်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်နေသော အဆောက်အဦများအတွက် လှူဒါန်းပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားများရှိ အသစ်ဆောက်လုပ်နေသော အဆောက်အဦများအတွက် တစ်ခုခု လှူပေးပါ။

♠ ကရဏကာရကယတြာသည် ကုဋ္ဌယတြာဖြစ်သောကြောင့်လည်းကောင်း၊ အကူအညီဖြင့်ပြုလုပ်ရသောယတြာဖြစ်သောကြောင့်လည်းကောင်း အောက်ပါယတြာကို လုပ်ပေးရပါမည်။

မိမိအတွက် အကူအညီကောင်း များရရှိရန် မိမိနှင့်နံ့တူ အမည်ရှိသောဆေးရုံများ၊ မိမိနှင့်နံ့တူ အမည်ရှိသော စာသင်ကျောင်းများ၊ ကလေးထိန်းကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ ဘိုးဘွားရိပ်သာများနှင့်ကိုယ်အင်္ဂါချို့တဲ့နေသူများ ကျောင်းများ၏မြင့်သောနေရာဌာနများအတွက် လှူဒါန်းပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အင်းစိန်





ဆေးရုံ၊ အင်းစိန်ရှိ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများသို့ သွပ်၊ နာရီ၊ မျက်နှာကျက်၊ မီးချောင်း၊ မီးဆိုင်းတစ်ခုခု လှူပေးပါ။

♠ အပါဒါနကာယရကယတြာသည် အနိဋ္ဌယတြာဖြစ်သောကြောင့်လည်းကောင်း၊ ပယ်ရှားရသောယတြာဖြစ်သောကြောင့်လည်းကောင်း၊ အောက်ပါယတြာများကို လုပ်ပေးရပါမည်။

မိမိ၏အဆင်မပြေမှုများ ပယ်ရှားသွားစေရန်နှင့် အနာရောဂါများ ပယ်ရှားသွားစေရန်အတွက် မိမိနှင့်နံ့တူအမည်ရှိသောဘုရားများ၊ မိမိနှင့်နံ့တူအမည်ရှိသော ဘုန်းတော်ကြီးကျောင်းများရှိ အများသုံးအိမ်သာများကို မကြာမကြာ ဆေးပေးပါ။ ဘုရားဝင်း၊ ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ပေးပါ။ မိမိနှင့်နံ့တူအမည်ရှိသော လမ်းများကို သန့်ရှင်းရေးလုပ်ပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားများဝင်းအတွင်း အမှိုက်လှည်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်သာဆေးပေးပါ။

♠ဩကာသကာရကယတြာသည် ဣဋ္ဌယတြာဖြစ်သောကြောင့်လည်းကောင်း၊ မြဲမြံခြင်းနှင့်ဆိုင်သော ယတြာဖြစ်သောကြောင့်လည်းကောင်း အောက်ပါယတြာကို လုပ်ပေးရပါမည်။

မိမိအနေဖြင့် ပစ္စည်းဥစ္စာ တည်မြဲစေရန်နှင့် အလုပ်အိုးအိမ်၊ ရာထူးများတည်မြဲစေရေးအတွက် မိမိနှင့်နံတူအမည် ရှိသောဘုရားများ၊ မိမိနှင့်နံတူအမည်ရှိသော ဘုန်းတော်ကြီးကျောင်းများသို့ မြင့်မြတ်ပြီးတည်တံ့ ခိုင်မြဲသော ပစ္စည်းများလှူဒါန်းပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားများရှိ အသစ်ဆောက်လုပ်နေသော အဆောက်အဦများအတွက် ဘုရားစင်၊ အမိုး၊ ထီးတော်၊ မျက်နှာကျက်များလှူဒါန်းပေးပါ။

♠ အာလပ္ပနကာရကယတြာသည် အနိဋ္ဌယတြာဖြစ်သောကြောင့်လည်းကောင်း၊ ပြန်လည်ရယူ





လိုသောယတြာဖြစ်သောကြောင့်လည်းကောင်း အောက်ပါယတြာကို လုပ်ပေးရပါမည်။

မိမိ၏ဆုံးရှုံးသွားသော ဥစ္စာပစ္စည်းများ၊ ချစ်သူ၊ အိမ်ထောင်ဖက်နှင့်သားသမီးများ ပြန်လည်ရရှိရန်အတွက် မိမိနှင့်နံတူအမည်ရှိသောဘုရားများ၊ မိမိနှင့်နံတူအမည်ရှိသော ဘုန်း တော်ကြီးကျောင်းများရှိ ပျက်စီးယိုယွင်းနေသော အဟောင်းများအတွက်အသစ်များ ပြန်လည်တည်ဆောက်ပေးပါ။

ဥပမာ။ ။ တနင်္ဂနွေသားသမီးများသည် အောင်မင်္ဂလာကျောင်း၊ အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားများရှိ ပျက်စီးနေသော အဆောက်အဦများ၊ တံတိုင်းများ၊ အိမ်သာများနှင့် လမ်းများအား ပြန်လည်ပြုပြင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လှန်လေ့ကျင့်ခန်း (၅၃)

**(၁) မေးခွန်းများကို ဖြေဆိုပါ။**

(က) ကတ္တုကာရကယတြာအကြောင်းကို ရှင်းပြပေးပါ။

(ခ) သာမိကာရကယတြာများအကြောင်းကို ရှင်းပြပေးပါ။

(ဂ) သမ္ပဒါနကာရကယတြာများအကြောင်းကို ရှင်းပြ ပေးပါ။

(ဃ) ကမ္မကာရကယတြာအကြောင်းကို ရှင်းပြပေးပါ။

(င) ကရဏကာရယတြာအကြောင်းကို ရှင်းပြပေးပါ။

(စ) အပါဒါနကာရကယတြာအကြောင်းကို ရှင်းပြပေးပါ။

(ဆ) ဩကာသကာရကယတြာအကြောင်းကို ရှင်းပြပေးပါ။

(ဇ) အာလပ္ပနကာရကယတြာအကြောင်းကို ရှင်းပြပေးပါ။

◉◉◉◉◉◉◉◉◉

♠ ဟန်သာဆုစာပေ ♠



## ဗေဒင်ပညာအလွယ်ဟောပြောနည်း

### သင်ခန်းစာ (၅၄)

**ဓနိုးယှဉ်နက္ခတ်(၂၇)လုံးအကြောင်း**

**(၂၀၄) ဓနိုးယှဉ်နက္ခတ်(၂၇)လုံးအမည်များအကြောင်း**

♠ နက္ခတ်(၂၇)လုံး၏အမည်များမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) အဿဝဏီ

(၂) ဘရဏီ

(၃) ကြတ္တိကာ

(၄) ရောဟဏီ

(၅) မိဂသီ

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



(၆) အဒြ

(၇) ပုနဗ္ဗုသျှ

(၈) ဖုသျှ

(၉) အသလိဿ

(၁၀) မာဃ

(၁၁) ပြုပ္ပဖလဂုနီ

(၁၂) ဥတ္တရဖလဂုနီ

(၁၃) ဟဿတ

(၁၄) စိတြ

(၁၅) သွာတိ

(၁၆) ဝိသာခါ

(၁၇) အနုရာဓ

(၁၈) ဇေဋ္ဌ

(၁၉) မူလ

(၂၀) ပြုပ္ပါသာဠ်

(၂၁) ဥတ္တရာသာဠ်

(၂၂) သရဝဏ်

(၂၃) ဓနသိဋ္ဌ

♠ ဟန်သာဆုစာပေ ♠



(၂၄) သတ္တဘိသျှ

(၂၅) ပြုပ္ပါဘဒြပိုဒ်

(၂၆) ဥတ္တရာဘဒြပိုဒ်

(၂၇) ရေဝတီနက္ခတ်များဖြစ်ပါသည်။

**(၂၀၅) နက္ခတ်(၂၇)လုံးကို ခွဲဝေထားပုံအကြောင်း**

♠ နက္ခတ်(၂၇)လုံး၏ရာသီအလိုက် ခွဲဝေ ပေးထားပုံများမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**(၂၀၆) ဓနုံးယှဉ်နက္ခတ်တွက်နည်းအကြောင်း**

ကဆုန်နှစ်လီ၊ အစချီ

နှစ်လီခွေးနှင့်မြောက်။

ရောက်ရာရက်ရေ့နောပါလေ

နှစ်ထွေသတ်ခွေးပျောက်။

မိဿပြီသော၊ မေထုဓနေ

ကေတစ်ခုပျက်။

ကြင့်သိဟ်ကန်၊ ဤသုံးတန်

အမှန်ပကတိထုတ်။

တူနှင့်ဗြိစ္ဆာ၊ ဓနုမှာ

ဓေကတစ်လုံးခွက်။

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



**မကာရကုမ်မိန်၊ ဤသုံးအိမ်**

**စန်းအိမ်နှစ်လုံးတိုး။ ။**

♠ ကဆုန်လမှစကာ မိမိတွက်လိုသောလကိုချန်ပြီး လပေါင်း ရေတွက်ပါ။

♠ ရရှိသောလပေါင်းကို (၂)ဖြင့်မြှောက်ပါ။

♠ မြှောက်ရကိန်းကို တွက်လိုသောရက်ပေါင်း ပေါင်းထည့်ပါ။(လဆန်းဖြစ်လျှင်ဤအတိုင်း ပေါင်းပါ။ လပြည့်ကျော်ဖြစ်လျှင် ရက်ကို(၁၅) ပေါင်းထည့်ပြီးမှ ပေါင်းပါ။)

♠ (၂၇)ထက်ကျော်လျှင် (၂၇)ကိုနုတ်ပေးပါ။

♠ ကျန်ကိန်းသည် နက္ခတ်လုံးရေဖြစ်ပေသည်။

♠ ထိုနက္ခတ်လုံးရေသည် မိဿ၊ ပြိဿ၊ မေထုန် ရာသီတို့တွင်ကျရောက်နေပါက တစ်ခုလျှော့ လိုက်ပါ။

♠ ထိုနက္ခတ်လုံးရေသည် ကြဋ်၊ သိဟ်၊ ကန်ရာသီ တို့တွင်ကျရောက်နေပါက လက်ရှိအတိုင်းထား လိုက်ပါ။

♠ ထိုနက္ခတ်လုံးရေသည် တူ၊ ဗြိစ္ဆာ၊ ဓနုရာသီတို့





တွင်ကျရောက်နေပါက တစ်ခုတိုးလိုက်ပါ။

♠ ထိုနက္ခတ်လုံးရေသည် မကာရ၊ ကုမ်၊ မိန် ရာသီ တို့တွင်ကျရောက်နေပါက နှစ်ခုတိုးလိုက်ပါ။

♠ ထိုရရှိလာသောကိန်းသည် ထိုနေ့၏ နက္ခတ် လုံးရေဖြစ်ပါသည်။

## <u>ပြန်လှန်လေ့ကျင့်ခန်း (၅၄)</u>

(၁) မေးခွန်းများကို ဖြေဆိုပါ။

(က) နက္ခတ်(၂၇)လုံး၏ အမည်များကို ရေးသား ပါ။

(ခ) နက္ခတ်(၂၇)လုံးခွဲဝေထားပုံများကို ရေးသား ပါ။

(ဂ) စန်းယှဉ်နက္ခတ်တွက်နည်းအကြောင်းကို ရှင်းပြပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## ဗေဒင်ပညာအလျှယ်ဟောပြောနည်း

### သင်ခန်းစာ (၅၅)

အင်္ဂဝိဇ္ဇာကျမ်းရင်းလင်္ကာအကြောင်း

(၂၀၄) အင်္ဂဝိဇ္ဇာကျမ်းရင်းလင်္ကာကို ပြဆိုခြင်း

(၁) အင်္ဂဝိဇ္ဇာ၊ နည်းကျယ်စွာကို

သေချာမှတ်ခွဲ၊ ကောက်ယူနွဲ့သော်

(၂) အိုင်ထဲမြရွှေငွေ

ကြံ့ပါလူအသွေး

ဆင်ရန်သူနှင့်ဝေး

လေးသဲကျွန်းဆောင်မြူး

ပျော်ကြူးအေးလှည့်နိုင်

သာလှိုင်ဆင်ကြလန်း

နန်းအောင်ရွှေမြို့သာ။





(၃) လိုရာဖြိုဟ်ရင်းကပ်၊ ခါတ်မှန်ကိုထုတ်

မိတ်လည်းအုပ်၊ ခါတ်ထုတ်မိတ်ကိုစီး

မိတ်ကြီးခါတ်ကိုမံ။

(၄) ငါးတန်မဆွ၊ တိုင်မူလနှင့်

သိရသက်သေ၊ ထင်စေလနိမိတ်

ဟိတ်လက္ခဏာ၊ စဉ်ကာထားမှု။

(၅) သူရဇ္ဇနှင့်၊ သောကြထက်အောက်

ယေားစောက်၊ ကောက်ဘိဆပွတ်ကြဲ

မှတ်ရန်နည်းတစ်ဝ။

(၆) သူရဇ္ဇက၊ စ၍စဉ်စီ

ရှစ်ခါညီ၊ ရှစ်လီဂြိုဟ်ပေါင်းပြ

ရာသီဆယ့်နှစ်ဝ၊ သင်္ချာယူ၍ဆ။

(၇) အောင်လံတော၊ သကျမှီအုံး

နန္ဒီသေနထုံး။

(၈) ဝိကလျာ၊ ဝိဇ္ဇာနေယျ

အညမည၊ ခါနိစ္စ

ထိကြခါတ်ပစ္စည်း။

(၉) အညံမည၊ မဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ဝိတ္တံပိဋကေ။

(၁၀) သူ့ကိုနိုင်လို၊ ဆကိုစို
လိုရာဆေးဖော်သုံး။

(၁၁) ထန်း၊ အုန်း၊ ဂျုပ်၊ ဖီး၊ ဝါ၊မုံ၊ သီး
ဆေးကြီးသံဒိဋ္ဌာ၊ နိုင်ရာခါတ်နှင့်သတ်။

(၁၂) တောင်သူအမှတ်၊ လုပ်ရပ်ကိန်းချူ
ခါတ်တူနံတူ၊ ဆေးကိုယူ။

(၁၃) ကက်ကင်းသေရှင်ယူ၊
ထက်အောက်ပြန်လှန်ကူ၊
နံတူသတ်က၊ အသေရ။

(၁၄) နံလွဲကြမူ၊ အရှင်ယူ
ဖောသူမှီစိုရုံ။

(၁၅) ဂဠုန်ပုန်းစိုက်၊ ပုတ်သင်မိုက်
ကိုက်လေနှစ်ပါးသေ။

(၁၆) ခြသေ့်ဖောက်ဟန်၊ ဆင်ခေ့ပြန်
ရုပ်နံနှစ်ပါး၊ ကံကတ္တား
ခြား၍ထက်အောက်သာ။

(၁၇) ကတ္တားရှိရာ၊ ကံမလာနှင့်





နာမ်မှာထက်ပေ၊ ရုပ်လယ်နေ
မရွေ့ကံဟုမှတ်၊
ကတ္တားအောက်ဂြိုဟ်၊ မြဲမှတ်ဆို။

(၁၈) မိတ်လိုပြန်ရာ
ဦးသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ။

(၁၉) ခိုက်ရန်မှာကား
ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ။

(၂၀) ခါတ်လာသဘော
အဋ္ဌော၊ ဂဇ္ဇော၊ စရေ၊ ဝံသော။

(၂၁) ဦးဝေ၊ စံကူး၊ ရေဘူး၊ တောသူ
ရန်မူလည်းဆို
ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ
ရန်မှီမြဲရှောင်။

(၂၂) အောင်ပ၊ ကုလား၊ ဓတ္တသား၊ ဓနာင်ရင်း
မိတ်သွင်းပြီးခါ၊ ဓဆောင်သင့်ရာ၏။

(၂၃) ဆောင်ရာသင့်လျှင်၊ သံယောဇဉ်ကို
မယှဉ်စေရာ။

(၂၄) မီးမှာကားမြေ၊ ရေနှင့်လေ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေမစပ်၊ ပဋိယာတ်။

(၂၅) မီးဓါတ်နှင့်လေ၊ မြေနှင့်ရေ
မိတ်ဆွေတော်ကြ၊ သဟာယ။

(၂၆) လင်းပြစဉ်သာ၊ ရှောင်ကြဉ်စွါ
ဝေးစွာသူရဿ။

(၂၇) သစ်ဆိမ့်ပန်းယ၊ သူရဿ
ဆောင်ထကောင်းကြွယ်ရန်။

(၂၈) ဝေးသူပင်ပြန်ရ၊ နီးလွယ်အောင်ကြံဆ။

(၂၉) မင်းကုသကိုဆောင်မှ၊ ကောင်းလင့်ရာ။
စေတီယကိုရှောင်မှ၊ ကြောင်းသင့်စွာ။

(၃၀) ထက်မှာဆောင်ပန်း၊ အောက်နင်းကြမ်း
တစ်ခန်းယူမှီးကြ။

(၃၁) က–င ငါးမှာ၊ စန္ဒြာ
သီလာမြေဓါတ်ပို၊ ရှမ်းအငန်ဟုဆို။

(၃၂) စ–ည သောမ၊ ပဉ္စာစ
လေမြေဓါတ်ပိုရ၊ တလိုင်းအစါးပ။

(၃၃) ဋ–န သောရိ၊ ဤဆယ်လီကောက်
မီးတောက်ဓါတ်မ၊ ကုလားအချဉ်ရ။

♠ ဟန်သာဆုစာပေ ♠



(၃၄) ပ–မ ငါးစု၊ ဗြိဟ်ဂုရု
ပံသုမြေဓါတ်မ၊ မြန်မာအဆိမ့်ကျ။

(၃၅) ယ–ရ နှစ်စု၊ ရာဟုလေမုန်တိုင်း
အရှိုင်းဓါတ်မ၊ တရုတ်တစ်ရက်ပ
ယိုးဒယားအပန်ရ။

(၃၆) လ–ဝ နှစ်ဦး၊ ဗုဒ္ဓဟူးဓါတ်ပို
ရေသီတာဟုဆို၊ မျိုးကိုကဒူး
ရောနှောပူး။

(၃၇) သုံးဦးသဟာဋ္ဌ၊ သောကြာရေငန်ပ
ဓါတ်မသက်ကသည်း၊
ကြိုက်လည်းအချိုသာ။

(၃၈) အ–အာ သရ၊ ရှစ်ဌာန
သုရဿနေ့စွဲ၊ မီးခဲဓါတ်ပို
ရှန်းအစပ်ဟုဆို။

(၃၉) ပေါလိုကြပြန်၊ ဆေးပေးရန်
လုပ်ရန်အကြံ၊ သိဒ္ဓိနှံ
စစ်ထိုးခိုက်ရန်၊ ရှုံးနိမ့်တန်
ယတြာရှုပ်နှာမ်၊ ကျိန်းချေရန်

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



အင်းမူစိမ်၊ ဂြိုဟ်သင့်ကြ၍
ဂဏန်းမှန်ပြ၊ ကောက်ယူဆလော့။ ။

(၄၀) အည့်မည်၊ စိတ်ဝေပန်
ဝိဇ္ဇာမယ်၊ ဇော်ဂျီမျှ
ရသေ့ရှင်မှန်၊ လောကီဈာန်
ဓမ္မာအမတ်၊ ပြည်နိဗ္ဗာန်
ရောက်လိမ့်ကေန်၊ မဂ်အလွှန်
ပိုလ်မွန်ရလွှယ်ကြိုး
တိုး၍သာကြဲကြစေလေကုန်၊ ၊

♠ အင်္ဂဝိဇ္ဇာကျမ်းရင်းလက်ာကြီး အပုဒ်ရေ(၄၀)ကို အကျယ်သိအောင် ကျက်မှတ်လေ့လာကြပါကုန်လော့။

<u>ပြန်လှန်လေ့ကျင့်ခန်း (၅၅)</u>

(၁) မေးခွန်းများကို ဖြေဆိုပါ။

(က) အင်္ဂဝိဇ္ဇာကျမ်းရင်းလက်ာကြီးအကြောင်းကို သင်သိသမျှ ရှင်းပြပေးပါ။

♠ ဟန်သာဆုစာပေ ♠

BURMESE CLASSIC .com



## နှုတ်ဆက်စကား

မြန်မာ့ရိုးရာဗေဒင်ပညာရပ်များကို မိမိဝါသနာအလျှောက်လေ့လာသင်ယူခဲ့စဉ်ကပင်လျှင် မိမိကဲ့သို့ တတ်မြောက်လိုသူများအတွက် အလွယ်တကူလေ့လာနိုင်မည့် လက်ကိုင်ထားသင့်သည့် ဗေဒင်အလွယ်ဟောပြောနည်းစာအုပ်အဖြစ် ရေးသားခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

သင်တန်းများဖွင့်ကာ သင်ပြပေးရင်း သင်ရိုးညွှန်းတမ်းတစ်ခုအဖြစ်အသုံးပြုရင်း ပြင်လိုက်၊ ရေးလိုက်လုပ်နေမိရင်း ယခုကျမှ စာအုပ် အဖြစ်တင်ပြပေးလိုက်ရခြင်းဖြစ်ပေသည်။

သင်အနေဖြင့် ဤစာအုပ်ပါဗေဒင်ပညာရပ်များကို စနစ်တကျ ဖတ်ရှုလေ့လာခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ မိမိနှင့် ရင်းနှီးကျွမ်းဝင်သူများကို လေ့ကျင့်ဟောပြောပေးခြင်းဖြင့်. . . ပထမအဆင့်အနေဖြင့်. . .

♠မြန်မာ့ရိုးရာဗေဒင်ပညာရပ်အကြောင်း အတော်အသင့် တီးမိခေါက်မိဖြစ်လာပါလိမ့်မည်။

♠ ဟန်သာဆုစာပေ ♠

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအနေဖြင့်. . . . .

♠ ခက်ခဲနက်နဲသော ပညာရပ်ပိုင်းဆိုင်ရာများကို သိနားလည်လာပါလိမ့်မည်။

♠ မိမိဘဝကံအရ ရရှိလာသော အခွင့်အရေးကောင်းများကို သိမြင်လာပြီး ရယူနိုင်ပေလိမ့်မည်။

♠ ဘဝတလျှောက် ပြုပြင်နေထိုင်သင့်သည်များကို ပြုပြင်နေထိုင်ရင်း အောင်မြင်မှုအသီးအပွင့်များကို ခံစားစံစားရပေလိမ့်မည်။

**သိပ္ပါ သမံ ဓနံ နတ္ထိ**

**ဆရာဇေယျာမိုး(ဝေဒဗိမာန်)**



www.burmeseclassic.com

www.burmeseclassic.com

လွယ်ကူလေ့လာ

# မြန်မာ့ရိုးရာဗေဒင်ပညာ

## ဆရာရေယျာမိုး (ဝေဒဗိမာန်)

BURMESE CLASSIC .com

- ဂြိုဟ်ပရိယာယ်သဘောတရားများနှင့် နံကောက်ယူပုံ
- မဟာဘုတ်ဗေဒင်အခြေခံသဘောတရားများ
- မဟာဘုတ်ဗေဒင်အကြွင်းအရသဘောတရားများ
- ဂြိုဟ်၊ ဆပွတ်လက်နှင့် ဘင်္ဂဝိဇ္ဇာတိုင်သဘောတရားများ
- သက်ရောက်ဂြိုဟ်များအကြောင်းအသေးစိတ်လေ့လာခြင်း
- ဘုမ္မိအကြောင်းကိုလေ့လာခြင်း
- နေသင့်၊ မနေသင့်၊ သွားသင့်၊ မသွားသင့်အရပ်ဒေသများ
- ဇာတ်ရိုက်ဇာတ်ဆင်ယတြာများအကြောင်း
- ဆန်းဗေဒင်အရသဘာဝယတြာပြုခြင်း
- ဇာတ်ကြီးလေးပါးယတြာအကြောင်း
- မြန်မာ့ဗေဒင်ပညာအရအဆောင်ယတြာပြုခြင်း
- အင်္ဂဝိဇ္ဇာအရနဝင်းယတြာပြုခြင်း

ဤစာအုပ်လေးကိုဖတ်ရှုလေ့လာခြင်းဖြင့် မိမိယခုရောက်ရှိနေသော အသက်၏ကောင်းကျိုး၊ ဆိုးကျိုးများကို ကြိုတင်သိရှိထားခြင်းဖြင့် ဆောင်ရန်ရှောင်ရန်များအား ကြိုတင်ပြင်ဆင်ထားနိုင်လိမ့်မည်ဖြစ်ကြောင်း ...

www.burmeseclassic.com